


## မာတိကာ

အခန်း(၁)။ ကြီးပွားရေးလမ်းစ
အခန်း(၂)။ထူးဆန်းသောဉယျာဉ်မှူး
အခန်း(၃)။ အခွင့်အရေးနှင့်စွန့်စားမှု
အခန်း(၄)။ မမျှော်လင့်ဘဲအကျဉ်းသားဖြစ်သွားခြင်း
အခန်း(၅)။ ယုံကြည်မှု
အခန်း(၆)။ တစ်ခုတည်းသောပန်းတိုင်၌အာရုံစူးစိုက်ခြင်း
အခန်း(၇)။ မိမိကိုယ်ကိုတန်ဖိုးဖြတ်ခြင်း
အခန်း(၈)။ စကားလုံးများ၏စွမ်းအား
အခန်း(၉)။ နှင်းဆီနလုံးသားကိုစတင်တွေ့သိရခြင်း
အခန်း(၁၀)။မသိစိတ်ကိုထိန်းချုပ်ခိုင်းစေခြင်း
အခန်း(၁၁)။ကိန်းဂဏန်းနှင့်နည်းစဉ်များ
အခန်း(၁၂)။ဘဝနှင့်ချမ်းသာသုခအကြောင်း
အခန်း(၁၃)။တစ်သက်တာလိုအင်ဆန္ဒများကိုဖွင့်ဟခြင်း
အခန်း(၁၄)။နှင်းဆီဉယျာဉ်၏လျှို့ဝှက်ချက်များ
အခန်း (၁၅)။ လမ်းခွဲရမည့်အချိန်

ပေါလ်ဂတ်တီဟာ အသက်၂၃နှစ်မှာ သန်းကြွယ်သူဌေးဖြစ်တယ်။ အသက်၄၀ဆယ်မှာ ဒေါ်လာ သန်းပေါင်း၂၀၀၀ချမ်းသာတဲ့ ဘီးလ်ဂိတ်(စ)ဟာ သန်းနှစ်သိန်းချမ်းသာဖို့ ကြံစည်နေတယ်။

ခင်ဗျားကော......

## အမှာစကား

Mark Fisher ၏ The Instant Millionaire စာအုပ်ကို စတွေ့စဉ်အခါက ထူးခြားလှသည် မထင်ခဲ့ပါ။ ကြီးပွားချမ်းသာရေးဆိုင်ရာ စာအုပ်စာတမ်းများစွာထဲမှ တစ်အုပ်မျှသာဟု ယူဆမိခဲ့ပါသည်။ သို့သော် အနည်းငယ်လှန်လှောကြည့်သည့်အခါ၌မှ ဝတ္ထုဟန်ဖြင့်ရေးသားထားကြောင်း တွေ့ရှိရသဖြင့် တစ်မျိုးတစ်ဘာသာပေပဲဟု သဘောပေါက်မြည်း စမ်းကြည့်ရန်ဝယ်ယူလာခဲ့မိသည်။

တကယ်တမ်းဖတ်ရှုသည့်အခါ၌မှ လက်ကမချနိုင်လောက်အောင် ဆွဲဆောင်မှုရှိလှကြောင်း အံ့သြစွာတွေ့ရှိရသည်။ စာအုပ်ကလည်း ခပ်ပါးပါးဖြစ်နေရာ တောက်လျှောက်ပင်ပြီးဆုံးအောင် ဖတ်ဖြစ်ခဲ့သည်။

*  *  *

စာအုပ်ဖတ်ရင်းက "မှာ်ဖစ်ရှာ"အား ကျွန်တော်မကြာခဏ ချီးကျူးနေခဲ့မိသည်။

ကြီးပွားချမ်းသာရေး သဘောတရားများကို လျှို့ဝှက်သည်းဖိုဇာတ်လမ်းတစ်ခုပမာ ဆွဲဆောင်အားကောင်းလှသော ဝတ္ထုတစ်ပုဒ်ထဲတွင် ထည့်သွင်းပေးထားပုံမှာ သူ့နေရာနှင့်သူ အံဝင်ခွင်ကျ ရှိသလောက်၊ စာဖတ်သူများအတွက်လည်း ကျမ်းပုံသဏ္ဍာန်စာအုပ်များ ဖတ်ရသည်ထက် ဦးနှောက်ရော နှလုံးသား တွင်ပါ ထိထိခိုက်ခိုက်ရှိစေပါသည်။ လူတစ်ယောက် အောင်မြင်ကြီးပွားရေးတွင် ယုံကြည်စိတ် အရေးပါလှပုံနှင့် မသိစိတ်၏ အခန်းကဏ္ဍအကြောင်း ရေးသားထားပုံများမှာ အထူးသဖြင့် ရှင်းလင်းပီပြင်လှပါသည်။

*  *  *

ဖစ်ရှာသည် စာရေးကောင်းသူ သက်သက်မဟုတ် ကိုယ်တိုင်ကြီးပွားအောင် ကြံဆောင်နိုင်ခဲ့သည့် ကနေဒါလူမျိုး သန်းကြွယ်သူဌေးတစ်ယောက် ဖြစ်ပါသည်။ သူ၏ ယခုစာအုပ်သည် မူရင်းအင်္ဂလိပ်ဘာသာအပြင် အခြားဘာသာ တစ်ဒါဇင်ကျော်မျှဖြင့် ပြန်ဆိုပြီးခဲ့သည့် ကမ္ဘာသိစာအုပ်တစ်အုပ်ဖြစ်ပါသည်။

စာဖတ်သူ လူငယ်လူရွယ်များအနေနှင့် ဤစာအုပ်ကို ဖတ်ရှုခြင်းဖြင့် အသိအမြင်ပွင့်လင်းမှုနှင့် စိတ်ဓာတ် ထက်သန်နိုးကြားမှု အကျိုးကျေးဇူးများ ရရှိနိုင်ကြလိမ့်မည်ဟု အလေးအနက် ယုံကြည်မိပါသည် အောင်မြင် ကြီးပွားအောင် စွမ်းစောင်နိုင်ကြပါစေ။

**ဖေဖြင့် (၂၆-၁-၁၉၉၇)**

"... ဒီအလုပ်ချိန်အတွင်းမှာ မင်းက သုံးသောင်းရပြီး သူတို့က သုံးသိန်းရနေတာဟာ သူတို့မှာ မင်းမသိသေးတဲ့ နည်းကောင်း လမ်းကောင်းတစ်ခုခု ရှိနေလို့လို့ မဆိုနိုင်ဘူးလား.."

## အခန်း(၁)
## ကြီးပွားရေးလမ်းစ

လူငယ်တစ်ယောက်ရှိသည်။ ဉာဏ်ရည်မဆိုးပါ၊ ချမ်းသာချင်စိတ်လည်းရှိသည်။သို့သော် သည်ကနေ့အထိ အခြေအနေမကောင်း။ ပြန်ပြောင်း စဉ်းစားကြည့်လျှင် မရှည်လျားသေးသည့် သူ့ဘဝခရီးတလျှောက် မအောင်မြင်တာတွေ အရေးနိမ့်တာတွေချည်း ပြည့်နှက်နေသယောင်။ သို့သော် တစ်နေ့ကံကြမ္မာ ကောင်းကြုံလိမ့်မည်ဟူ၍ကား သူ မျှော်လင့်ယုံကြည်ဆဲ။

အဲသည်လို မကြုံမီ ယခုလောလောဆယ်ကာလတွင်တော့ ဒုတိယတန်းစား ကြော်ငြာကုမ္ပဏီတစ်ခုမှာ သူလက်ထောက် စာရင်းကိုင်ဝင်လုပ်နေရသည်။ လခက သုံးလောက်စွဲလောက် မဟုတ်တော့ သည်အလုပ်ကို သူ မခင်တွယ်၊ ဆက်လုပ်ချင်စိတ်ပင် မရှိတော့။

သို့သော် ဒါမလုပ်လျှင်လည်း တခြားဘာသွားလုပ်မည်နည်း။ စာရေးဆရာလုပ်ရကောင်းမလား သူ စဉ်းစားသည်။ ဝတ္ထုကြီး တစ်ပုဒ်ရေး၊ ထအောင်မြင်သွားလျှင် နေ့ချင်းညချင်းနာမည်ကြီးမည်။ နာမည်နှင့်အတူ ငွေတွေလိုက်လာမည်။ စောင်ရေ သန်းချီရိုက်ရသည့် စာရေးဆရာ၊ ဒေါ်လာသန်းချီ ချမ်းသာသည့် စာရေးဆရာ...။

အင်း၊ ဒါလည်း ပြောတာသာလွယ်သည်။ တကယ်ရေးမည်ဆိုလျှင် ဘယ်မလဲဝတ္ထု။ သူက တစ်ခါမျှ ရေးဖူးသည်လည်းမဟုတ်။ ပြီးတော့ အတတ်ပညာဆိုတာကော၊ ပါရမီဆိုတာကော၊ ချရေးကြည့်ကာမှ အကျိုးနည်းနေနိုင်သည်။

သို့သော် လက်ရှိအလုပ်ကို မလုပ်ချင်တော့တာလည်းအမှန်ပင်၊ သည်အလုပ်ကို စိတ်ကုန်နေတာ တစ်နှစ်လောက်ရှိပြီ။ သူဌေးဆို သူကိုလည်း သူ ကြည့်မရတော့။ သည်လူက တစ်မနက်လုံး သတင်းစာ

ထိုင်ဖတ်မည်၊ ပြီး နေ့လည်စာဟု ဆိုကာ သုံးလေးနာရီအပြင်ထွက်မည်။ စိတ်ကလည်း အပြောင်းအလဲ အလွန်မြန်သည်။ ခု တစ်ခု ခိုင်းထားခဲ့ပြီး တော်ကြာကျတော့ ဒါမဟုတ်ဘူး၊ ဟိုဟာလုပ်ပါဟု ဆိုပြန်သည်။ အလုပ်တွေက အားလုံးကမောက်ကမ။ သည်ပုံစံနှင့် ကုမ္ပဏီဘယ်မှာ တိုးတက်နိုင်ပါမည်နည်း။

သူဌေးသာ စိတ်ပျက်စရာကောင်းသည် မဟုတ်။ ကျန်သည့် ကုမ္ပဏီအမှုထမ်းတွေ ကြည့်လိုက်လျှင်လည်း တစ်ယောက်မျှ အခြေအနေမကောင်း။ ဘာရည်မှန်းချက်မျှမရှိ၊ ဘာမျှော်လင့်ချက်မှ မရှိသည့် သူတွေဖြစ်နေသည်။ သူတို့ကို သွားတိုင်ပင်၍အကြံကောင်း ဉာဏ်ကောင်း ရနိုင်စရာအကြောင်းမရှိ။ ကျွန်တော် ဒီအလုပ်ကထွက်ပြီး စာရေးဆရာလုပ်တော့မယ်ဗျာဟု ပြောလျှင် သူ့ကို ဒီကောင် "ပေါက်" သွားပြီဆိုပြီး ဝိုင်းဟားကြလိမ့်မည်။

သည်ပတ်ဝန်းကျင်မှာ သူ့အတွက် ပေါင်းသင်းစရာလူပင် မရှိတော့။ သည်လူတွေနှင့် သူ့အကြား ဘာသာစကားခြားသလို ဖြစ်နေသည်။ လူတွေသာမက သူ့စားပွဲပေါ်က စာရွက်စာတမ်းပုံကြီးနှင့်လည်း သူ လုံးဝမပတ်သက်ချင်တော့။ စီးကရက်ကြော်ငြာ၊ မော်တော်ကားကြော်ငြာ၊ ဘီယာကြော်ငြာ၊ ....ကြော်ငြာ ကြော်ငြာ ကြော်ငြာတွေ၊ သည်ကြော်ငြာတွေဖြင့် ဘယ်သူတွေ ဘယ်လောက်ကြီးပွားကြသည်မသိ၊ သူကတော့ ဒါတွေကို လှည့်မကြည့်ချင်လောက်အောင်ပင် လုံးဝစိတ်ပျက်ငြီးငွေ့နေပြီ။

တကယ်တော့ အလုပ်ထွက်စာ တစ်စောင်ပင် လွန်ခဲ့သည့် ခြောက်လလောက်တုန်းက သူရေးခဲ့ သေးသည်။ သည်စာကို အိတ်ထဲထည့်ပြီး သူဌေးအခန်းထဲ ဝင်တာ ဆယ်ကြိမ်ထက် မနည်းတော့။ သို့သော် တကယ်တမ်းထွက်စာမတင်ဖြစ်။ ဘာကြောင့်လဲ စဉ်းစားစရာ။ အရင်သုံးလေးနှစ်လောက်ကဆိုလျှင် သူ သည်လောက် တွန့်ဆုတ်နေလိမ့်မည်မဟုတ်။ အဲ့သည်တုန်းကတော့ သူက လုပ်စရာရှိလျှင်ပြတ်ပြတ် သားသား။ ခုတော့ ဘာတွေကသူ့ကို တုတ်နှောင်ထားသည်လဲ။ သူဘာကြောင့် ပျော့ညံ့သွားသည်လဲ။

စိတ်ကူးယဉ်အိမ်မက်တွေ အမျိုးမျိုးမက်ပြီး တကယ်လက်တွေ့ကျတော့ အကြောင်းပြချက် အမျိုးမျိုးတွေနှင့် နေ့ရွှေ့ ညရွှေ့လုပ်တာ အကျင့်ပါသွားပြီလား၊ ဒါမှမဟုတ် ကြွေးတွေထူလွန်းပူလွန်းလို့များ သူ စိတ်ဓါတ်ကျသွားတာလား......၊ ဒါမှမဟုတ် သူက လူမအိုသေးခင် စိတ်အိုသွားလေပြီလား။

စဉ်းသာစဉ်းစားနေရသည်။ ပြဿနာ၏ အဖြေမှန်ကို သူရှာမရပါ။တစ်နေ့မှာတော့ စိတ်ပျက်လက်ပျက် ဖြစ်နေသည့်ကြားက ဦးလေးတစ်ယောက်ကို သူ သွားသတိရသည်။ ဦးလေးက သန်းကြွယ်သူဌေး တစ်ယောက်၊ သည်ဦးလေးဆီသွားလျှင် အကြံဉာဏ်ကောင်း ရနိုင်သည်။ ငွေလေးကြေးလေးလည်း ရလာနိုင်သည်။

ဦးလေးက သဘောကောင်းသူ ရင်နီးဖော်ရွေသူဖြစ်သည်။ သူ့ကိုတွေ့တော့ ဝမ်းသာအားရ ဆီးကြိုနှုတ်ဆက်သည်။ သို့သော် ငွေတော့မချေး။ ငွေချေးခြင်းဖြင့် ကူညီရာမရောက်၊ နှိပ်စက်ရာသာ ရောက်မည်ဟု သူကဆိုသည်။ ဒုက္ခ။

" မင်းအသက် ဘယ်လောက်ရှိပြီလဲ "

သူပြောပြသည့် ပြဿနာတွေ အခက်အခဲတွေကို နားထောင်ပြီး ဦးလေးက မေးသည်။ " သုံးဆယ့်နှစ်နှစ်ပါ " လူငယ်က မပွင့်တပွင့်ဖြေသည်။ သူ့ဦးလေး ဘာသဘောနှင့် မေးသလဲ သူရိပ်စားမိ နေသည်။

" ပေါလ်ဂက်တီဟာ အသက် ၂၃နှစ်မှာတင် သန်းကြွယ်သူဌေးဖြစ်သွားတယ်ဆိုတာ မင်းသိလား၊ ငါကိုယ်တိုင်တောင် မင်းအသက်လောက်မှာ တစ်သန်းမရသေးပေမယ့် သန်းတစ်ဝက်လောက်တော့ ချမ်းသာနေပြီကွ၊ မင်းက ဒီအသက်အရွယ်ရောက်မှ ပိုက်ဆံ လိုက်ချေးနေရတယ်ဆိုတော့ ဘယ်ကောင်းမလဲ "

" ပြောချင်လဲ ပြောတော့ဗျာ၊ ကျွန်တော်လည်း အသေအကြေအလုပ်လုပ်တာပဲ။ တခါတလေဆိုရင် အလုပ် ချိန်ဟာ တစ်ပတ်မှာ နာရီ ငါးဆယ်ကျော်လောက်အထိရှိတယ်၊ ဒီကြားထဲ... "

" ဟ ... မင်းက အသေကြေ အလုပ်လုပ်တိုင်း ချမ်းသာတယ်လို့ မှတ်ထားသလား..."

" ဒါတော့ ဦးလေးရာ၊ အလုပ်ကို ကြိုးစားလုပ်၊ ကြိုးစားမှ ချမ်းသာမယ်လို့ ဆိုကြတယ် မဟုတ်လား.."

" အေး ... ထားပါတော့ကွာ၊ မင်း အခုတစ်နှစ် ဘယ်လောက်ရသလဲ၊ ဒေါ်လာ ၃သောင်းလောက် ရှိမလား ... "

" ဟုတ်ကဲ့၊ အဲဒီလောက်ဆိုပါတော့... "

" ဒါဖြင့် တစ်နှစ်မှာ ဒေါ်လာ ၃သိန်းရအောင်ဆိုရင် မင်း အခုထက် ၁၀ဆ ပို အလုပ်လုပ်ရမယ်ဆိုတဲ့ သဘောလား၊ ဘယ်သူကော လုပ်နိုင်မလဲ၊ ရှိတာမှ တစ်ပတ်မှာ ၁၆၈နာရီပဲ ရှိတယ်၊ အဲ့ဒီတော့ အခုလောလောဆယ် တစ်နှစ်မှာ ၃သိန်း တကယ်ရနေတဲ့ လူတွေဘယ်လောက် အလုပ်လုပ်ကြမလဲ၊ အလွန်ဆုံး မင်းလုပ်သလောက်ပဲ ရှိမှာပေါ့ကွ၊ မဟုတ်ဘူးလား။ "

" ဟုတ်ပါတယ် "

" အဲ့ဒီတော့ ဒီအလုပ်ချိန်အတွင်းမှာ မင်းက သုံးသောင်းရပြီး သူတို့က သုံးသိန်းရနေတာဟာ သူတို့မှာ မင်းမသိသေးတဲ့နည်းကောင်း လမ်းကောင်းတစ်ခုခုရှိနေလို့ လို့ မဆိုနိုင်ဘူးလား ... "

" အဲဒီလိုဆိုရမယ့်သဘောဖြစ်နေတာပါ "

" အေး၊ မင်းမဆိုးဘူး၊ အဲဒီလောက်သဘောပေါက်ဖော်ရတယ်ဆိုရင် မင်းအများကြီး ဟုတ်နေပြီ၊ လူအတော်များများက အဲ့ဒီလောက်ကို နားမလည်ကြဘူးကွ၊ သူတို့မှာက နေ့ဖို့ညစာ ရှာရတာနဲ့တင် ခေါင်းချာစိုင်းနေတယ်၊ နည်းနည်းမှ မအားဘူး၊ ခဏတဖြုတ်လေးတောင် စဉ်းစားဖို့ အချိန်မပေးနိုင်ကြဘူး။ ငါ ဒီနေ့ထိ ဘာကြောင့် မချမ်းသာသလဲ၊ ဘာတွေလုပ်ရင် ငါချမ်းသာမလဲ ဆိုတာ နည်းနည်းပါးပါး အချိန်ပေး စဉ်းစားမှ ရနိုင်မှာပေါ့ကွ "

သူဦးလေးစကားကို လူငယ်မငြင်းနိုင်။ တကယ်လည်း သူကိုယ်တိုင် ချမ်းသာချင်စိတ်တွေကသာ တအား ပြင်းပြနေသည်။ ချမ်းသာရင်ဘာတွေလုပ်မယ်ဟူ၍သာ စိတ်ကူးတွေယဉ်နေသည်။ ချမ်းသာအောင် ဘာကစ ဘယ်လိုလုပ်မလဲ ဆိုတာ တစ်ခါမျှ သေသေချာချာ မစဉ်းစား မကြံစည်ဖူးခဲ့။

ဦးလေးဖြစ်သူက အတန်ကြာ ငြိမ်သက်နေပြီးမှ သူ့ တူကို ပြုံး၍ကြည့်ကာ စကားတစ်ခွန်းဆိုသည်။ " ကဲကွာ၊ ငါ မင်းကို ကူညီဖို့ ဆုံးဖြတ်လိုက်ပြီ၊ ငါ့ကို အခုလို ချမ်းသာအောင် လမ်းပြကူညီလိုက်တဲ့ ပုဂ္ဂိုလ်ကြီးဆီကို မင်းကိုပို့ပေးလိုက်မယ်၊ ငါတို့က သူ့ကို ပါမောက္ခကြီးလို့ခေါ်တယ်၊ လူတစ်ယောက်ကို နေ့ချင်းညချင်း သန်းကြွယ်သူဌေးဘဝ ရောက်သွားအောင် သွန်သင်ညွှန်ပြပေးနိုင်တဲ့ ပညာ ပါမောက္ခကြီး၊ မင်းကြားဖူးသလားမသိဘူး"

" ဟင့်အင်း၊ တစ်ခါမှ မကြားဖူးပါဘူး "

" သူက ဘယ်ကျောင်းကမှထွက်တာ မဟုတ်ဘူး၊ ပိုက်ဆံ သန်းပေါင်းများစွာ ချမ်းသာအောင် လုပ်နိုင်တဲ့လျှို့ဝှက်နည်းလမ်းကို တွေ့ပြီးတဲ့နောက်မှာ သူ့ဘာသာ နေပညာပါမောက္ခဘွဲ့ ခံယူခဲ့တာပဲ၊ တကယ်လည်း လူတစ်ယောက်ကို ချက်ခြင်း ချမ်းသာသွားအောင် သူလုပ်ပေးနိုင်တယ်၊ ငွေတစ်သန်းရော့ယူ ဆိုပြီး ပေးတာတော့ မဟုတ်ဘူးပေါ့၊ သူ့ဘာသာ ငွေတစ်သန်း မကြာမတင် ရသွားနိုင်မယ့်စိတ်ဓါတ်နဲ့ နည်းနာတွေ သွတ်သွင်းပေးလိုတာ၊ ..ဒါနဲ့ နေဦးကွ၊ တစ်ခုတော့ မေးရဦးမယ်၊ မင်း တကယ်ချမ်းသာချင်တာ သေချာတယ်နော်၊ "

" သိပ်သေချာတာပေါ့ဦးလေးရာ၊ လောကကြီးမှာ ကျွန်တော် အလိုလားဆုံးဆန္ဒဟာ အဲ့ဒါပဲ ဟုတ်ပြီကွ၊ ဒါက မရှိမဖြစ်တဲ့ အခြေခံအချက်တစ်ရပ်ပဲ၊ အရင်ဆုံး ချမ်းသာချင်စိတ်ရှိရမယ်၊ ဒါပေမယ့် အဲဒါနဲ့တင် မပြီးဘူး၊ နည်းလမ်းလဲသိဦးမှ၊ "

" ဟုတ်တယ် ... လူငယ်ကခေါင်းညိတ်သည်။ "

" ဦးလေးက နံရံမှာ ကပ်ထားသည့် မြေပုံကြီးတစ်ချပ်ဆီသို့ ခေါ်သွားပြီး တစ်နေရာကို ထောက်ပြသည်။ အစွန်အဖျားရှိ မြို့ကလေးတစ်မြို့၊"

" အဲ့ဒါပါမောက္ခနေတဲ့မြို့ပဲကွ၊ မင်းရောက်ဖူးသလား "

" မရောက်ဖူးပါဘူး "

" ကဲ ၊သွားကြည့်စမ်းကွာ၊ သူနဲ့သွားတွေ့၊ သူ့ရဲ့လျှို့ဝှက်နည်းစဉ်ကို မင်းကိုပြောပြလိမ့်မယ်၊ သူနေတဲ့ အိမ်က ဒဏ္ဍာရီပုံပြင်ထဲကလို တကယ့်ဆန်းဆန်းပြားပြား တစ်မြို့လုံးမှာ အထူးခြားဆုံး၊ လှလည်းအလှဆုံး၊ ရှာရတာ မခက်ဘူး "

" အဲ့ဒီနည်းကို ဦးလေးပဲ တစ်ခါတည်း ပြောလိုက်ပါလား၊ ကျွန်တော်က အလကား ပင်ပန်းခံပြီး အဲ့ဒီအထိသွားနေရအုံးမယ် "

" မဟုတ်ဘူးကွ၊ ငါမှာက ပြောခွင့်မရှိဘူး၊ ပါမောက္ခကြီးက ငါ့ကို ဒီနည်းစဉ်မပေးခင် ငါ့ဆီက ကတိတစ်ခုတောင်းတယ်၊ ဘယ်သူ့ကိုမှ မပြောပါဘူးဆိုတဲ့ကတိ၊ ဒါပေမယ့် ငါ ဒီနည်းလမ်းဘယ်ကရသလဲ မေးလာသူရှိရင်တော့ သူ့ဆီကို လမ်းညွှန်နိုင်တယ်လို့ဆိုတယ်ကွ "

လူငယ်ခေါင်းထဲ အတော် ရှုပ်ရှုပ်ထွေးထွေးဖြစ်သွားသည်၊ သို့သော် သိချင်စိတ်လည်း သူ့မှာပြင်းပြနေသည်။

" ဦးလေး လုံးဝပြောမပြနိုင်ဘူး ဆိုတာသေချာလား..."

" လုံးဝသေချာတယ်၊ ငါက ပါမောက္ခကြီးဆီထောက်ခံစာ ရေးပေးရုံလောက်ပဲ တတ်နိုင်တယ်၊ "

သည်နောက် ပြောပြောဆိုဆို သူ့ဝက်သစ်ချစားပွဲကြီးဆီသို့ သွားကာ အံဆွဲထဲက စက္ကူဖြူတစ်ရွက် ယူ၍ ကလောင်နှင့် ခက်သွက်သွက် ရေးခြစ်နေသည်။ ပြီးစက္ကူကို ခေါက်ကာ စာအိတ်ထဲ ထည့်ပိတ်သည်။ သည်နောက် ပြုံးကာ သူ့တူဆီ လှမ်းပေးသည်။

" အဲ့ဒါမင်းအတွက် မိတ်ဆက်စာ၊ ရော့ ဒါက ပါမောက္ခကြီးလိပ်စာ၊ တစ်ခုပဲမှာလိုက်မယ်၊ မင်း ဒီအထဲကစာကို ဖွင့်မဖတ်နဲ့၊ ဖတ်လိုက်ရင်ဒီစာက မင်းအတွက် လုံးဝအသုံးမဝင်တော့သလို ဖြစ်သွားလိမ့်မယ်၊ အေး ဒါပေမယ့် ငါတားတဲ့ကြားထဲက ဖွင့်ဖတ်မိတယ်ဆိုရင်လဲ ဖတ်မကြည့်ရသေးသလို ဟန်ဆောင်ပြီး နေလိုက်၊ အဲဒါက လွယ်တော့ မလွယ်ဘူးပေါ့ကွာ၊"

သူ့ဦးလေး ပြောနေတာတွေ သူ လုံးဝနားမလည်း၊ သို့သော် ကိစ္စမရှိ။ သူ့ဦးလေးက အနေအထိုင် အပြောအဆိုမှာ သူများနဲ့မတူ၊ နည်းနည်းတော့ ထူးဆန်းသည်ဆိုတာ သူသိပြီးသား။ပြီး ယခုကိစ္စမှာ သူ့ဦးလေး သူ့ကို တကယ်ကူညီသည်ဆိုတာ သူ ယုံကြည်လိုက်ပြီးပြီ။

ဦးလေးကို ကျေးဇူးတင်စကားဆိုပြီး သူ ထွက်လာခဲ့သည်။

*****

"လူတွေက ကိုယ်လိုချင်တဲ့ဟာကို တောင်းရမှာဝန်လေးကြတယ်၊ တောင်းမိရင်လဲ ကိုယ်တောင်းတာ ရတဲ့အထိ စွဲစွဲမြဲမြဲမတောင်းကြဘူး၊ အဲဒါမှာတာပဲ"

## အခန်း (၂)
## ထူးဆန်းသောဥယျာဉ်မှူး

အဲသည့်နေ့ နေ့လည်မှာပင် နေပညာ ပါမောက္ခကြီးနေထိုင်ရာမြို့သို့ သူထွက်လာခဲ့သည်။ ခရီးကမနီး။ သည်ခရီးတစ်လျှောက်လုံး သူ တွေးတောပူပန်လာခဲ့သည်။ ပါမောက္ခက သူ့ကိုကြိုဆိုပါ့မလား၊ ဘယ်သူ ဘယ်ဝါမှန်း မသိသူတစ်ယောက်ကို သူ၏လျှို့ဝှက်ချက် ချမ်းသာကြွယ်ဝရေး လျှို့ဝှက်နည်းစဉ်များ ဖွင့်ဟ ပြောကြားဖို့ ဖြစ်နိုင်ပါ့မလား။

စာထဲမှာ သူ့ဦးလေးဘာတွေ ရေးပေးလိုက်သလဲသူသိချင်လာသည်။ ဖွင့်ဖတ်ရန် အကြိမ်ကြိမ် စိတ်ကူးသည်။ မဖတ်ဖြစ်။ သူ့ကိုသူ ထိန်းသည်။ သို့သော် ပါမောက္ခကြီး အိမ်နား နီးကပ်လာသည့်အခါ၌မူ သူ မထိန်းနိုင်တော့၊ စာအိတ်ကို ဖွင့်ပြီး အထဲက စာကို ထုတ်ယူလိုက်မိသည်၊ သူ့ဦးလေးဘာတွေရေးလိုက်သလဲ။

စာရွက်ကို ဖြန့်လိုက်ချိန်မှာတော့ သူအကြီးအကျယ်အံ့အားသင့်သွားရသည်။ စာအိတ်ထဲထည့်ရာမှာပဲ မှားသလား၊ ဒါမှမဟုတ် ဦးလေးက သူ့ကို တမင်နောက်လိုက်တာလား။ ဘာလဲတော့မသိ၊ ဦးလေး၏ မိတ်ဆက်စာက ဘာမှ ရေးမထားသည့် ဗလာစာရွက်သက်သက်ဖြစ်နေသည်။

သူ စိတ်လည်းတို စိတ်လည်းပျက်ကာ သည်စာရွက်ကို ဆုတ်ဖြဲပစ်လိုက်ရန် ကြံစည်မိသေးသည်။ သို့သော် သည်အချိန်ပါမောက္ခကြီးအိမ်ကို လှမ်းမြင်နေရပြီ။ ခြံဝမှာ အစောင့်တစ်ယောက် ချထားတာလည်းသူ သတိပြုမိသည်။ သည်လူက သူ့ကို မသိမသာ အကဲခတ်ချင် ခတ်နေနိုင်သည်။ သို့နှင့် စာကို အင်္ကျီအိတ်ထဲ အသာပြန်ထည့်ပြီး ဂိတ်ဝဆီသို့သာ လျှောက်လာခဲ့သည်။

ဂိတ်စောင့်၏ မျက်နှာက တကယ့်ဂိတ်စောင့် ပီသစွာ တင်းတင်းမာမာ။ သူပြုံးပြသည်ကို နည်းနည်းလေးမျှပြန်ပြုံးဖော်မရ။ သူ စောင့်ကြပ်နေသည့် ရဲတိုက်အိမ်ကြီးလိုပင် ချဉ်းနင်း ဝင်ရောက်ရန် လုံးဝမလွယ်ကူမည့် လူစားမျိုး။

"ဘာကိစ္စရှိလို့လဲ" အစောင့်က မေးသည်။

"ကျွန်တော်နေပညာပါမောက္ခကြီးနဲ့တွေ့ချင်လို့ပါ"

"ချိန်းထားသလား"

"မချိန်းပါဘူးခင်ဗျား၊ ဒါပေမယ့်...."

"ချိန်းမထားဘူးဆိုရင် မိတ်ဆက်စာပါသလား"

ဟာ ပြဿနာ၊ မိတ်ဆက်စာက ပါတာတော့ပါသည်ပဲ။ သို့သော် သည်စာမှာ ဘာမှရေးမထားတာ မကြာခင်ကမှ သူတွေ့ခဲ့ရပြီးပြီ။ သူနည်းနည်း တွန့်သွားသည်။ သို့သော် ဟန်ကိုယ့်ဖို့ပဲ။ ဂိတ်စောင့် ပြဿနာလောက်တော့ ဖြေရှင်းနိုင်ရမည်ပေါ့။ ပါပါတယ်ခင်ဗျ ဆိုပြီး အင်္ကျီအိပ်ထဲက စာအိတ်ကို တစ်ဝက်လောက်ဆွဲထုတ်ပြကာ အသာပြန်ထိုးထည့်လိုက်သည်။

သို့သော် ဂိတ်စောင့်က သည်မျှနှင့် မကျေနပ်။

အဲ့ဒီစာပေးပါ၊ ကျွန်တော်ကြည့်မယ် ဟုဆိုသည်။ ဒုက္ခ။ ပေးလိုက်ရင်လည်း ခင်ဗျားကျုပ်ကို ဘာအကြောင်းရိုက်တာလဲ ဟု ဆိုလိမ့်မည်။ မပေးပြန်လျှင်လည်း သူကဝင်ခွင့်ပြုလိမ့်မည်မဟုတ်။ သို့သော် သည်အချိန်မှာပင် သူ့ဦးလေးပြောခဲ့သည် စကားတစ်ခွန်းကို ပြန်အမှတ်ရသည်။ ... ငါတားတဲ့ကြားထဲက ဖွင့်ဖတ်မိတယ်ဆိုရင်လဲ ဖတ်မကြည့်ရသေးသလို ဟန်ဆောင်ပြီး နေလိုက်.... ဆိုသောစကား။

လောလောဆယ် လုပ်စရာ သည်နည်းပဲရှိတော့သည်။ ဖြစ်ချင်ရာဖြစ်၊ စာအိတ်ကိုထုတ်ပြီး ဂိတ်စောင့်အား ပေးလိုက်သည်။

ဂိတ်စောင့်က စာအိတ်ကို ဖွင့်သည်၊ စာရွက်ကို ဖြန့်သည်။ ပြီးတော့... အင်း.. ဖတ်သည်ဆိုပါတော့။ စာရွက်ကိုကြည့်ပြီး သူ့မျက်နှာအမူအရာက လုံးဝပြောင်းမသွား။

"ကောင်းပြီ" ဟုဆိုပြီး စာအိတ်ကို လူငယ်အားပြန်ပေးသည်။ ကျုပ်နောက်က လိုက်ခဲ့ပါ တဲ့။ သူက ခပ်တည်တည်ပင် ပြောပြီး အိမ်ကြီးဆီသို့ ခေါ်သွားသည်။

အိမ်ကြီးက ရှေးခေတ်ပုံစံ။ သို့သော် အဆောင်ဆောင်အခန်းခန်းတွေ မွမ်းမံခြယ်သမှုတွေဖြင့် ထည်ဝါလွန်းလှသည်။ အိမ်ရှေ့တံခါးမမှာသူတို့ ရပ်နေသည်။ လုံးဝ သန့်ပြန့်သားနားစွာ ဝတ်ထားသည့် ဘဏ္ဍာစိုးတစ်ယောက်က တံခါးကို လာဖွင့်ပေးသည်။

ဘာကိစ္စရှိလို့ပါလဲ ဘဏ္ဍာစိုးက သူ့အား မေးသည်။

" နေပညာပါမောက္ခကြီးနဲ့တွေ့ဖို့ပါ "

" လောလောဆယ် သူ အလုပ်များနေတယ်။ ခင်ဗျားနဲ့ တွေ့နိုင်မှာမဟုတ်ဘူး၊ ကျေးဇူးပြုပြီး ပန်းခြံထဲမှာ သူ့ကိုစောင့်ပါ။

ဘဏ္ဍာစိုကြီးက လူငယ်အား ပန်းခြံဝသို့ လိုက်ပို့သည်။ ပန်းခြံက သာမန်နေအိမ်ပန်းခြံငယ်မျိုးမဟုတ်၊ ရောမဥယျာဉ်ကွက်လပ်ကြီးဖြစ်သည်။ မြက်ခင်းရှိသည်၊ သစ်ပင်ကြီးများရှိသည်၊ ရေကန်ရှိသည်။ ပန်းခင်းများ ပန်းရုံတောများလည်းရှိသည်။

လူငယ်က ပန်းခြံထဲဟိုဟိုသည်သည် လျှောက်ကြည့်ရင်းဥယျာဉ်မှူး အဘိုးအိုတစ်ယောက်ကို သွားတွေ့သည်။ ဥယျာဉ်မှူးကြီးက အသက် ၇၀ ကျော်ခန့်။ သူက နှင်းဆီပန်းရုံတစ်ခုကို ပြုပြင်နေသည်။ လူငယ်သူ့အနီးရောက်လာတော့ ခေါင်းမှာဆောင်းထားသည့် မြက်ဦးထုပ်ကြီးကို အသာပင့်ကာ ဆီးကြိုသောအပြုံးနှင့် နှုတ်ဆက်သည်။ လူက အိုမင်းသည့်အသွင် ပေါ်နေသော်လည်း မျက်လုံးများကတော့ နုပျိုဆဲ၊ တောက်ပရွှင်လန်းဆဲဖြစ်သည်။

" ဘာကိစ္စနဲ့လာတာလဲ " အဘိုးအိုက သူ့အား ရင်နှီးဖော်ရွေသောလေသံဖြင့် မေးသည်။

" နေပညာ ပါမောက္ခကြီးနဲ့တွေ့ဖို့လာတာပါ "

" သြော် ဟုတ်လား၊ ဘာအတွက်များပါလိမ့်ဗျာ၊ မေးတာစိတ်မရှိနဲ့နော်။ "

" သြော်.. အင်း... ကျွန်တော်သူ့ဆီက ကြိုဉာဏ်တောင်းမလို့ပါ။ "

" အော် ဟုတ်တာပေ့ါ "

အဘိုးအိုက သူ့နှင်းဆီပင်ဘက် ပြန်လှည့်သွားပြီးမှ တစ်စုံတစ်ခုကို သတိရဟန်ဖြင့် လူငယ်အား မေးသည်။

" ဒါနဲ့ စကားမစပ်၊ မောင်ရင့်မှာ ၅ဒေါ်လာတန် တစ်ရွက်လောက် မပါဘူးလား၊ "

ငါးဒေါ်လာ ဆိုပြီး လူငယ်နည်းနည်း မျက်နှာပျက်သွားသည်။ " ပါပါတယ်... ဒါပေမယ့် ကျွန်တော့်မှာ အဲဒီ ငါးဒေါ်လာ တန်တစ်ရွက်ပဲပါတယ်ဗျ၊ " လူငယ်က ခပ်ရှက်ရှက်နှင့် ပြောလိုက်သည်။

" ကိစ္စမရှိဘူး၊ ကျုပ်က အဲဒီ ငါးဒေါ်လာရရင်ဖြစ်ပါတယ် "

သူများဆီက ပိုက်ဆံကိုတောင်းနေတာ မှန်သော်လည်း အဘိုးအိုအမူအရာက တောင်းပန်တိုးလျှိုးမှု အလျဉ်းမပါ။ တည်တည်ငြိမ်ငြိမ် ဣန္ဒြေရရပဲ ဖြစ်သည်။ လူငယ်အံ့သြစွာကြည့်မိသည်။ ဉယျာဉ်မှူး တစ်ယောက်အနေနှင့် ဥပဓိရုပ်က ကောင်းလွန်းသည်။ လေးစားခင်မင်ချင်စရာ သွင်ပြင်အပြည့်နှင့်။ သူပြောသမျှကို တစ်ဖက်သား လက်ခံသွားစေမည့် ဩဇာဓါတ်အား ဆွဲဆောင်မှု စွမ်းအားတွေ သူ့ဆီက ဖြာထွက်နေသလို ထင်ရသည်။

" ကျွန်တော်ပေးချင်ပါတယ်ခင်ဗျာ... " လူငယ်က တောင်းပန် တိုးလျှိုးသောလေသံဖြင့် ပြောသည်။ ဒါပေးလိုက်ရင် ကျွန်တော် အိမ်ပြန်စရိတ်မရှိမှာ စိုးလို့ပါ၊

" ခင်ဗျား ဒီနေ့အိမ်ပြန်မှာမို့လို့လား... "

" အာ... အင်း.. ဒီလိုပါ၊ ကျွန်တော် မပြောတတ်သေးပါဘူး၊ ကျွန်တော်ပါမောက္ခကြီးနဲ့ တွေ့ဆုံပြီးမှပဲ ပြန်ရမှာပါ။"

" ဒါဆို ခင်ဗျားဒီပိုက်ဆံ ဒီနေ့မလိုသေးပါဘူး၊ ကျွန်တော်ကို ချေးရမှာ ဘာကြောင့် တွန့်တိုနေရတာလဲ၊ မနက်ဖြန်လည်း ခင်ဗျားလိုချင်မှ လိုမယ်၊ မနက်ဖြန်ခင်းဗျား သန်းကြွယ် သူဌေးမဖြစ်ဘူးလို့ ဘယ်သူ ပြောနိုင်မလဲ၊ မဟုတ်ဘူးလား။"

အဘိုးအိုပြောသည့်စားက သူ့အတွက် အကြောင်းအကျိုးပြည့်ဝလှသည်တော့ မဟုတ်၊ သို့သော် သူ့မှာ ပြန်လှန်းချေပ ပြောဆိုဖို့က အင်းအားမရှိသလို ဖြစ်နေသည်။ သို့နှင့် အဘိုးအိုက နောက်တစ်ကြိမ် တောင်းခံသည့်အခါ၌ သူ့အိတ်ထဲမှ ပိုက်ဆံကို ထုတ်၍ ပေးလိုက်မိသည်။

အဘိုးအိုမျက်နှာ ပြုံးသွားသည်။

" လူတွေက ကိုယ်လိုချင်တဲ့ဟာကို တောင်းရမှာဝန်လေးကြတယ်၊ တောင်းမိရင်လဲ ကိုယ်တောင်းတာ ရတဲ့အထိ စွဲစွဲမြဲမြဲ မတောင်းကြဘူး၊ အဲဒါမှားတာပဲ ... "

သည်အခိုက် ပန်းခြံထဲသို့ ဘဏ္ဍာစိုးကြီးရောက်လာပြီး အဘိုးအိုအား ရိုသေလေးစားစွာ စကားပြောသည်။

" ကျွန်တော်ကို ပိုက်ဆံ ၅ ဒေါ်လာလောက်ပေးပါခင်မျာ။ စဖိုမှူးက ဒီနေ့ခွင့်ယူပြီး ပြန်မလို့၊ သူ့အတွက် လုပ်ခရှင်းပေးဖို့ တောင်းနေပါတယ်၊ ကျွန်တော့်ဆီမှာ ငွေမပြည့်ဘူး။ ငါးဒေါ်လာလိုနေတယ်ခင်ဗျ။"

အဘိုးအိုက ပြုံးသည်။ သူ့ အင်္ကျီအိတ်ထဲ နှိုက်လိုက်တော့ ငွေစက္ကူ တစ်ထပ်ကြီးပါလာသည်။ ငွေက အတော့်ကိုများသည်။ ၂၀တန် ၅၀တန် ၁၀၀တန်တွေ။ အဲသည်ဘေးမှ လူငယ်ဆီက မရအရတောင်းယူထားသော ၅ဒေါ်လာတန်လေးကပ်နေသည်။ သည်ငွေစက္ကူလေးကို ဘဏ္ဍာစိုးကြီးအား သူကမ်းပေးလိုက်သည်။ ဘဏ္ဍာစိုးကြီးက ငွေစက္ကူကို ယူပြီးနောက် ကျေးဇူးတင်စကားဆိုသည်။ ထို့နောက် ကျိုးနွံသော အမူအရာဖြင့် အရိုအသေပြုကာ အိမ်ဆီသို့ ပြန်သွားသည်။

လူငယ် အကြီးအကျယ် ဒေါသထွက်သွားသည်။ ဘယ်လို အဘိုးကြီးလဲ၊ အိတ်ထဲမှာ ငွေတွေ တစ်ထပ်ကြီး ရှိပါလျှက် မိမိထံက ရှိစုမဲ့စု ငါးဒေါ်လာကို လှည့်ပတ်ရယူသည်။

" ခင်ဗျား ကျွန်တော့်ဆီက ပိုက်ဆံကိုဘာလို့ တောင်းတာလဲ သူက ဒေါသကို တတ်နိုင်သမျှ ကြိုးစားထိန်းကာ မေးသည်။ ခင်ဗျားမှာလိုနေတာလဲ မဟုတ်ပဲနဲ့၊"

" ဟ ဘာလို့ မလိုရမှာလဲကွ၊ မင်းမြင်တဲ့အတိုင်း ငါ့မှာ ငါးဒေါ်လာတန်မှ မရှိတာ၊ " သူက ငွေစက္ကူထပ်ကို ဖြန့်ပြသည်။

" ငါးဆယ်တန်ကြီး ပေးလိုက်လို့ဖြစ်မလား၊"

" ခင်ဗျား ပိုက်ဆံတွေ အများကြီး ဘာလို့အိတ်ထဲထည့်ထားတာလဲ .. " သူ မနေနိုင်၍ မေးမိသည်။

" ဒါက အိတ်ဆောင်လေကွာ၊ အသေးသုံးပေါ့၊ အကြောင်းကိစ္စ ပေါ်လာရင် အလွယ်တကူ ကောက်သုံးလို့ ရအောင် အိတ်ထဲ ငွေတစ်သောင်းလောက်တော့ အမြဲဆောင်ထားတယ်။"

တစ်သောင်း လူငယ် ပါးစပ်အဟောင်းသားဖြစ်သွားသည်။

အဲ့သည်တော့မှပင် သူသဘောပေါက်သည်။ ဘဏ္ဍာစိုးကြီး၏ ရိုကျိုးသော အမူအရာ၊ များပြားလွန်းလှသည့် အိတ်ဆောင်ငွေ....

" ဒါဆို အဘက ခနပညာပါမောက္ခကြီးပေါ့ "

" မှန်ပါသဗျာ " ဥယျာဉ်မှူးအဘိုးကြီးက ဆိုသည်။

" မောင်ရင် ရောက်လာတဲ့အတွက် ဝမ်းသာပါတယ်၊ ဒါပေမယ့် ပြောစမ်းပါဦး၊ ဘယ်သူ လွှတ်လိုက်သလဲဆိုတာ .. "

" ကျွန်တော့်ဦးလေးပါခင်ဗျာ။ ဦးလေးက သူဟာပါမောက္ခကြီးရဲ့ မထမဆုံးတပည့်လို့ ဆိုပါတယ်၊ "

" ဩော် .... အေး၊ သူလား၊ ငါ့ဆီ ဟိုးနှစ်ပေါင်းများစွာက ရောက်လဲတဲ့သူပေါ့၊ တော်တယ်၊ ကိုယ်ပိုင်အတွေးအခေါ်ရှိတယ်၊ အမှန်တော့ ကိုယ့်ထူးကိုယ်ချွန် ကြီးပွားချမ်းသာလာသူမှန်သမျှ ကိုယ်ပိုင်အတွေးအခေါ်ရှိသူချည်းပါပဲ၊ ဒါနဲ့ ပြောစမ်းပါဦး၊ မောင်ရင်က ဘာကြောင့်ခုထိ မချမ်းသာရသေးတာတုန်း၊ ကိုယ်တိုင်ကော ဒီကိစ္စ သေသေချာချာစဉ်းစားရဲ့လား ..."

" သေသေချာချာတော့ မသုံးသပ်မိပါဘူးခင်ဗျာ "

" ဒါဆို မောင်ရင် အဲဒါအရင်ဆုံး လုပ်သင့်တယ်၊ ကဲ ငါ့ရှေ့မှာပဲ အသံထွက်ပြီး စဉ်းစားကြည့်စမ်းကွာ၊ မင်း ဘယ်လိုဘယ်ပုံ စဉ်းစားတွေးခေါ်တတ်သလဲ အကဲခတ်ကြည့်ရအောင် "

လူငယ်က စမ်းတဝါးဝါး ထော့တီးထော့နဲ ဖြစ်နေသည်။ နောက်တော့မှ ဆက်မပြောနိုင်ဘဲ ရပ်လိုက်ရသည်။

" ကဲ ၊ ဟုတ်ပါပြီကွာ၊ မင်းမှာ အသံထွက်ပြီး စဉ်းစားတတ်တဲ့ အလေ့အကျင့်မရှိသေးဘူး၊ ဒါနဲ့ မင်းအသက်အရွယ်မှာ ချမ်းသာနေတဲ့ လူငယ်တွေအများကြီး ရှိတယ်ဆိုတာ သိရဲ့လား၊ အချို့ဆိုရင် သန်းကြွယ်သူဌေးတွေ ဖြစ်နေတာ၊ ဒိုနာစစ်ဆိုရင် တောင်အမေရိက က အင်္ဂလန်ထွက်လာတော့ ဒေါ်လာ တစ်သန်းနီးပါး ချမ်းသာနေပြီ၊ အဲဒီအချိန် သူ့အသက် ၂၆နှစ်ပဲ ရှိသေးတယ် "

"၂၆ နှစ်"

" ဟုတ်တယ်၊ အဲဒီထက် ငယ်သေးတဲ့အချိန် သူ့ကိုယ်ပိုင်လုပ်ငန်းစလုပ်တော့ ဒေါ်လာ ၅၀၀ကျော် လောက်ရှိတာ၊ တက္ကသိုလ်ဘွဲ့မရဘူး၊ ဘာပညာမှ မကျွမ်းကျင်ဘူး၊ အဆက်အသွယ်လည်း မယ်မယ်ရရမရှိဘူး...၊ ကဲနောက်မှ ဆက်ပြောကြတာပေါ့၊ ညစာစားချိန်ရောက်နေပြီ၊ မင်းလဲ ငါနဲ့ အတူတူ စားပါလား၊"

" ဟုတ်ကဲ့၊ အများကြီးကျေးဇူးတင်ပါတယ်ခင်ဗျာ "

ပါမောက္ခကြီးနောက်က သူ လိုက်ပါသွားသည်။ ထမင်းစားခန်းထဲမှာ စာပွဲက နှစ်ယောက်တွက် ပြင်ဆင်ထားပြီးသား၊

" ထိုင်ပါကွ "

ပါမောက္ခကြီးက စားပွဲထိပ်ရှိကုလားထိုင်ကို လက်ညှိုးညွှန်၍ ဆိုသည်။ ထုံးစံအားဖြင့်တော့ သည်နေရာက အိမ်ရှင်ထိုင်လေ့ရှိသည့်နေရာ။ သို့သော် ပါမောက္ခကြီးက လူငယ်အား နေရာပေးကာ သူက

ဧည့်သည်၏ လက်ျာဘက်ထိပ် ကုလားထိုင်မှာ ဝင်ထိုင်သည်။သူ့ရှေ့တည့်တည့်တွင် သဲနာရီတစ်လုံးရှိသည်။ နာရီပေါ်၌ ရိုးလုပ်ပြီးဖြစ်သည့် စကားပောင်းတစ်လုံး ရေထွင်းထားသည်။ **အချိန်သည်ငွေဖြစ်၏** တဲ့။

စားပွဲထိုးလုပ်သူက ဗိုင်ပုလင်း ယူလာပြီး သူတို့ ခွက်များထဲ ဖြည့်ပေးသည်။ မင်းရဲ့ ပထမဆုံး ဒေါ်လာတစ်သန်းကို ဂုဏ်ပြုသောအားဖြင့် သောက်ကြရအောင် သည်လိုပြောပြီး ပါမောက္ခကြီးက သူ့ခွက်ကို မြှောက်သည်။

ပြီးတော့ တစ်ငုံလေးပဲ သောက်ကာ ပြန်ချထားလိုက်သည်။ သည့်နောက် သူဆက်မသောက်တော့။ အစားကိုလည်း ထိုနည်းငင်း။ တစ်လုပ်စာ နှစ်လုပ်စာလောက်ပဲ သူစားသည်။

" မင်း လောလောဆယ် စားဝတ်နေရေးအတွက် လုပ်နေရတဲ့ အလုပ်ကို နှစ်သက်သလား ပါမောက္ခကြီးက မေးသည်။ "

" ထင်တာပဲ "

" အဲဒါသေချာဖို့ လိုတယ်၊ ငါတွေ့ဖူးသမျှ သန်းကြွယ်သူဌေးတွေကတော့ သူတို့ အလုပ်ကို သူတို့ နှစ်သက်ကြတယ်ကွ၊ နှစ်ပေါင်းများစွာအတွင်းဆိုတော့ ငါတွေ့ဖူးတဲ့ဦးရေကမနည်းပါဘူး၊ ဒီလူတွေက အလုပ်လုပ်နေရတာကို ပျော်တဲ့သူတွေ၊ ထမင်းစားဖို့ သက်သက် လုပ်နေတာ မဟုတ်ဘူး၊ ပျော်မွေ့လို့ လုပ်နေတာ၊ ဝါသနာပါလို့လုပ်နေတာ၊ သူတို့အတွက် အလုပ်လုပ်နေရတာနဲ့က အပန်းဖြေခရီးထွက်တာနဲ့ဟာ တူတူလိုပဲ၊ ဒါကြောင့်မို့ တချို့များဆိုရင် အားလပ်ရက်ဆိုတာမျိုးတောင် ယူလေ့မရှိကြဘူး၊ ဒီလူတွေက သူတို့ လုပ်ချင်တာတွေ မလုပ်ရဘဲ အလကား ထိုင်နေရမယ်ဆိုရင် စိတ်တောင်ညစ်ကြမယ့်လူတွေ၊ ဒါကြောင့် သန်းပေါင်းမြောက်များစွာ ချမ်းသာလည်း အလုပ်တော့ ဆက်လုပ်နေကြတာ၊ ... ဒါပေမယ့် ဒီမှာ တစ်လက်စတည်း ပြောရမယ်၊ ချမ်းသာမယ့်လူများဟာ မိမိအလုပ်မှာ မလွဲမသွေပျော်မွေ့ဖို့ လိုတယ်ဆိုတာ လုံးဝဥဿုံ မှန်ကန်ပေမယ်လို့၊ သူတစ်ခုတည်းနဲ့ကတော့ မပြီးသေးဘူး၊ ချမ်းသာဖို့အတွက် အဲဒီစိတ်ဓါတ်အပြင် ချမ်းသာအောင် လုပ်မယ့်နည်းလမ်းကိုလည်း သိဖို့လိုတယ်။ ဒါနဲ့ချမ်းသာရေးနဲ့ ပတ်သက်လို့ လူတကာ မသိတဲ့ လျှို့ဝှက်နည်းလမ်းတွေ ရှိတယ်ဆိုတာကော မင်းယုံကြည်သလား.."

" ဟုတ်ကဲ့၊ ယုံကြည်ပါတယ် "

" ကောင်းတယ်၊ အဲဒါ ပထမအဆင့် အရေးကြီးတဲ့ အချက်ပဲ၊ အချို့က မယုံကြည်ကြဘူး၊ မယုံကြည်တာမှမှ အဲဒီနည်းလမ်း ရှိတယ်ဆိုတာကို မယုံကြည်ရုံကြည်ရုံတင်မကဘူး၊ သူတို့ကိုယ်သူတို့လည်း ချမ်းသာနိုင်တယ်လို့ မယုံကြည်ကြဘူး၊ တကယ်တော့ အဲဒါလည်းမှန်တာပဲ။ ကိုယ့်ကိုကိုယ် ချမ်းသာမယ်လို့ ယုံကြည်မျှော်လင့် မထားတဲ့လူတွေဟာ တကယ်လည်း ချမ်းသာလေ့မရှိကြဘူး၊ ချမ်းသာမယ့်လူဟာ ငါလည်းတစ်နေ့ ချမ်းသာလာနိုင်တယ်ဆိုတာကို အရင်ဆုံး ယုံကြည်ထားဖို့လိုတယ်၊ ယုံကြည်ရမယ်၊ မျှော်လင့်ရမယ်၊ ချမ်သာချင်စိတ်ပြင်းပြထက်သန်နေရမယ်။ လူအများစုကြီးက အဲဒီအဆင့်ထိမရောက်ကြဘူး။ မရောက်တာ ဘယ်သူမှကန့်သတ်ထားလို့ မဟုတ်ဘူး၊သူတို့ဘာသာ သူတို့ကန့်သတ်ထားတာ။ ကန့်သတ်ထားမှု မှန်သမျှထဲမှာ မိမိကိုယ်ကို ကန့်ကသတ်ဟန့်တားမှုဟာ အင်အားအကြီးမားဆုံးပဲ၊ ချမ်းသာမှုနယ်ပယ်ထဲကို ကိုယ့်ကိုကိုယ် ဝင်ရောက်ခွင့်မပေးတဲ့လူတစ်ယောက်ဟာ ချမ်းသာရေး နည်းလမ်းတွေ ဆိုင်းဘုတ်ရေး သလို ထင်ထင်ရှားရှားကြီး ရေးပြထားပေမယ့်လည်းမမြင်နိုင် မသိနိုင်ဘူး၊ ဒါကြီးဟာ သူ့အတွက် လုံးဝတွေ့ရနိုင်စရာ မရှိတဲ့ လျှို့ဝှက်ချက်ကြီးတစ်ခု ဖြစ်နေတယ်။ "

လူငယ်က ပါမောက္ခကြီးပြောသမျှကို ထက်သန်စိတ်ပြည့်ဝစွာ စူးစိုက်နားထောင်နေသည်။ သူ့ကို ဘယ်သူမျှ သည်ပုံစံမျိုးမပြောဆိုဖူးခဲ့။ ပါမောက္ခကြီးက သူ့သိချင်စိတ်တွေကို နှိုးဆွပေးနေသည်။ ကြီးပွားချမ်းသာရေးအတွက် လျှို့ဝှက်ချက်ဟာ ဘာလဲ။ သူ အင်မ်းမရ သိချင်လှပြီ ဘာပဲဖြစ်ဖြစ် လောလောဆယ်မှာပင် တစ်ခုကတော့ သေချာနေပြီ၊ သည်ပါမောက္ခကြီးသည် ချမ်းသာရေးလျှို့ဝှက်ချက်ဆိုတာ တကယ်သိထားသလား မသိထားဘူးလား အပြတ်မပြောနိုင်သော်လည်း မိမိလိုရာရောက်အောင် စည်းရုံး စီစဉ်ပြောဆိုသည့် နေရာတွင်တော့ ပါရဂူမြောက်သော သူတစ်ယောက်ဆိုတာ ထင်ရှားနေပြီ၊ သူ့စကားတွေသည် တဖက်သားအား လှည့်စားရန်အကွက် ဆင်ထားသလား ဘာလားတော့ မသေချာ၊ သို့သော် သူသည် မိမိပြောလိုသည့်အချက်ကို အလွယ်ကူဆုံး အဖြောင့်စင်ဆုံးရှင်းလင်း ပြောဆိုတတ်သူ တစ်ယောက် ဆိုတာတော့ လုံးဝ သေချာနေပြီ။

*****

"…. ဘဝမှာ အောင်မြင်ချင်ရင် ကိုယ့်ကိုကိုယ် သို့လောသို့လော အနေအထားမျိုးမှာ မထားနဲ့၊ ချိတုံချတုံ တွန့်ဆုတ် တွန့်ဆုတ်နဲ့တော့ ဘယ်တော့မှ မကြီးပွားဘူး…"

## အခန်း (၃)
## အခွင့်အရေးနှင့် စွန့်စားမှု

" ကဲ မင်းလဲ အများကြီးကြားရပြီးပြီဆိုတော့ ငါပြောမယ်၊ ကြီးပွားချမ်းသာရေးနည်းစဉ်ကို မင်းပိုက်ဆံ ဘယ်လောက်ပေးပြီးဝယ်မလဲ..”

ပါမောက္ခကြီးစကားက လူငယ်အား အလစ်အငိုက်မှာ ရိုက်လိုက်သလို ဖြစ်သွားသည်။

" ဒါတော့ ပြောရခက်ပါတယ်၊ ကျွန်တော့်မှာက ဝယ်ချင်ရင်တောင် ဝယ်ဖို့ ပိုက်ဆံမှ မရှိတာ လူငယ်က ကမန်းကတန်း ပြန်ဖြေသည်။ ”

" အေး၊ အကယ်၍ ရှိတယ်ဆိုပါတော့ကွာ၊ မင်းဘယ်လောက်ပေးမလဲ၊.. ဂဏန်းတစ်ခုခုကွာ၊ မင်းကြိုက်တဲ့ ဂဏန်းပြော၊ မင်းခေါင်းထဲ ပထမဆုံးပေါ်လာတဲ့ကိန်းဂဏန်းကို ပြောချလိုက်၊”

လူငယ် အတော် ဘေးကြပ်နံ့ကြပ် ဖြစ်သွားသည်။ သူ့အမေးကိုရှောင်လွဲဖို့က မလွယ်ကူသော အခြေအနေ။ ကျွန်တော် မပြောတတ်ဘူးဗျာ ဆိုပြီးမှ သူ့ပါးစပ်က လွှတ်ကနဲ ထွက်သွားသည်။

" ဒေါ်လာ ၁၀၀…အဲ…”

ပါမောက္ခကြီးက တဟားဟား ရယ်သည်။ သူနှင့် စတွေ့ကတည်းက ပထမဆုံးအကြိမ် ကြားရသည့် ရယ်သံပင် တကယ် သဘောကျစွာ အားပါးတရ ရယ်မောလိုက်သည့်အသံမျိုး။

" တစ်ရာတည်းလားကွာ၊ ချမ်းသာရေးနည်းစဉ်ဆိုတာမျိုး ရှိတယ်လို့မင်း မယုံကြည်တဲ့သဘောလား တကယ် ယုံကြည်တယ်ဆိုရင် မင်း ဒီထက်မက အများကြီးပေးနိုင်ရမှာပေါ့ကွ၊ ကဲ မင်းကို ဒုတိယအကြိမ် အခွင့်အရေးပေးလိုက်မယ်၊ ထပ်ပြောစမ်းကွာ၊ နောက်ထပ် ကိန်းဂဏန်းတစ်ခု၊ ဒါနောက်နေတာ မဟုတ်ဘူးနော်၊ တကယ် အလေးအနက်ပြောနေတာ..”

လူငယ်အကျိတ်အနယ် စဉ်းစားသည်။ ပါမောက္ခဆီက နောက်တစ်ကြိမ်ရယ်သံမကြားရဖို့ သူ့မှာ အရေးကြီးနေပြီ၊ သို့သော် ကိန်းဂဏန်း သိပ်ကြီးကြီးမားမားသွား မပြောမိအောင်လည်း သတိရသေးသည်။ စကားကျွံ၍ မဖြစ်။

" ကျွန်တော်ပြောတော့ ပြောချင်ပါတယ်၊ ဒါပေမယ့်ဆရာကြီးသိတဲ့အတိုင်း ကျွန်တော့်အိတ်ထဲ ပြားစေ့တစ်စေ့မှ မရှိတာ…”

" ဒါက အရေးကကြီးပါဘူး ”

" ဘာလို့ အရေးမကြီးရမှာလဲခင်ဗျာ၊ ပိုက်ဆံမရှိဘဲနဲ့တော့ ကျွန်တော် ဘာလုပ်လို့ ရနိုင်မှာလဲ ” လူငယ်က အကြောက်အကန်ငြင်းဆန်သည်။

" ဒုက္ခပါပဲ၊ ဒီမှာ ငါပြောမယ် ဟိုးရှေးဘဝေသဏီကတည်းကပဲ ချမ်းသာတဲ့သူတွေဟာ သူများ ပိုက်ဆံတွေ လှည့်သုံးပြီး ကိုယ့်အတွက် ခနေဥစ္စာတွေ စုစည်းလာခဲ့ကြတာ၊ ငွေရှာဖို့အတွက် လက်ထဲ ငွေရှိစရာ မလိုဘူးကွ၊ ငါပြောတာကိုယ်ပိုင်ငွေကို ပြောတာ၊ ကဲထားလိုက်ပါတော့ကွာ မင်းမှာ ချက်စာအုပ်ပါလာတယ် မဟုတ်လား…..၊ ”

လူငယ်နည်းနည်းလန့်သွားသည်။ ပြဿနာ။ သည်မနက်ကျမှ သူက ဘာစိတ်ရူးပေါက်သည်မသိ။ ချက်လက်မှတ်စာအုပ်ကို အိတ်ထဲ ထိုးထည့်လာခဲ့မိသည်။ ဘဏ်မှာ သူ့လက်ကျန်ငွေကသူများကို ပြောလို့ ကောင်းသည့် ကိန်းဂဏန်းမျိုးမဟုတ်၊ ဒေါ်လာအစိတ်လောက်ပဲ ရှိသည်။

ပါမောက္ခကြီးအား သူ လိမ်ပြောရန်ကြံသေးသည်။ သို့သော် မလိမ်ရဲ။ အဘိုးကြီး၏ စူးရှသော မျက်လုံးများက သူ့တစ်ကိုယ်လုံးရော သူ့ဦးခေါင်းထဲပါ ဖောက်ထွင်းမြင်နေလိုထင်ရသည်။

" ဟုတ်ကဲ့၊ ပါပါတယ်ခင်ဗျ ”

အမှန်အတိုင်းပဲ သူနှုတ်မှထွက်သွားသည်။ ပြီး သံပတ်ပေးထားသည့် စက်ရုပ်တစ်ရုပ်ပမာ အိတ်ထဲက ချက်စာအုပ်ကိုစွဲထုတ်မိသည်။

စင်စစ် ပါမောက္ခကြီးကို သူကြောက်နေသည်တော့ မဟုတ်ပါ၊ တကယ်လည်း ပါမောက္ခကြီး၏ အသွင်အပြင်က ကြောက်စရာနည်းနည်းလေးမှ မရှိ။ လူပုံကသဘောကောင်းသည့် ပုံစံမျိုး အမူအရာကလည်း

တစ်ခါတစ်ရံ နောက်သလို ပြောင်သလို၊ သို့သော် သည်ကြားထဲကပင် သူက အိပ်မွေ့ချ ခံထားရသည့် ကလေး တစ်ယောက်လို ပါမောက္ခကြီးခိုင်းစေသမျှကို မငြင်းဆန်နိုင် ဖြစ်နေသည်။

" ကဲ ၊ ငါပြောတယ် မဟုတ်လား၊ အိတ်ထဲ ပိုက်ဆံမရှိလဲ အရေးမကြီးပါဘူးလို့ "

ပြောပြောဆိုဆို ပါမောက္ခကြီးက သူ့ဖောင်တိန်အကောင်းစားကို အဖုံးဖွင့်ပြီး လူငယ်ထံ ကမ်းပေး သည်။

" မင်းစိတ်ထဲ ရှိသလောက်ချရေး၊ ပြီးလက်မှတ်ထိုး "

" ဘယ်လောက် ရေးရမလဲ ကျွန်တော်မသိဘူး "

" မသိရင် ငါပြောမယ်၊ ကဲ 10000 လို့ရေးလိုက် "

လူငယ်ခေါင်းနားပမ်းကြီးသွားသည်။ ဒီလူကြီးငါ့ကိုနောက်နေတာလား၊ ဒါမှ မဟုတ် သေသေချာချာ လိမ်ဖို့ အကွက်ဆင်နေတာလား။

" မနောက်ပါနဲ့ဗျာ ငွေတစ်သောင်းကြီးများတောင် "

အဘိုးကြီးက ခပ်အေးအေးပင်။

" တစ်သောင်းမကြိုက်ရင် နှစ်သောင်းရေးလိုက်ကွာ "

သူက အတည်ပေါက်ပင်ပြောနေသည်။

" တစ်သောင်းတောင်များလွန်းလှပြီ။ ပြီးတော့ ကျွန်တော် ဘယ်လောက်ရေးရေး ဒီငွေက ထုတ်လို့ ရမှာမှမဟုတ်တာ။ ဘဏ်မန်နေဂျာက ကျွန်တော့ကို ရူးသွားပြီလား အောက်မေ့မှာ "

" မရူးပါဘူးကွ၊ ငါကိုယ်တိုင်လဲ ဒီအတိုင်းလုပ်ခဲ့ဖူးတာပဲ၊ ငါ့ဘဝမှာ အရေးကြီးဆုံး အလုပ်ကြီးတစ်ခု လက်ခံလိုက်တုန်းက ဒေါ်လာတစ်သိန်းတန် ချက်လက်မှတ်ကို ငါရဲရဲထိုးပေးလိုက်တာပဲ၊ နောက်တော့မှ အဲ့ဒီတစ်သိန်းရအောင် အသည်းအသန် လိုက်ရှာရတာ၊ အကယ်၍ ငွေမရှိဘူးဆိုပြီးအဲဒီ ချက်လက်မှတ်သာ အရင်ထိုးမပေးလိုက်ရင် ရောမအခွင့်အရေးကြီးတစ်ခု ငါဆုံးရှုံးမှာ"

ဆရာကြီးက ဆက်ပြောသည်။

" အဲဒါ စီးပွားရေးနဲ့ ပတ်သက်လို့ ငါပထမဆုံးရဖူးတဲ့ အကြီးစား သင်ခန်းစာတစ်ခုပဲ။ လိုအပ်တဲ့ အခြေအနေတွေ အားလုံးပြည့်ဆုံမှ အလုပ်လုပ်မယ်ဆိုပြီး ထိုင်စောင့်နေတဲ့လူတွေဟာ အလကား အချိန် ကုန်တာပဲ အဖတ်တင်တယ်၊ ဘာအလုပ်မှ မဖြစ်ဘူး။ အလုပ်လုပ်ဖို့ အကောင်းဆုံးအချိန်ဟာ အခုလက်ငင်း အချိန်ပဲ၊ စောစောက ကိစ္စလေးမှာ မင်းသင်ခန်းစာ ယူနိုင်တဲ့ နောက်အချက်တစ်ခုက ဘဝမှာ အောင်မြင်ချင်ရင် ကိုယ့်ကိုကိုယ် သိုလှောသိုလှောအနေအထားမျိုးမှာ ဘယ်တော့မှ မထားနဲ့၊ ချီတုံချတုန် တွန့်ဆုတ်တွန့်ဆုတ်နဲ့တော့ ဘယ်တော့မှ မကြီးပွားဘူး၊ ဘယ်ကိစ္စမဆို စွန့်စားရတာကြီးပဲ၊ ဒါကိုကြောက် နေလို့မရဘူး၊ အဲ့ဒီတော့ အပြတ်ဖြတ်၊ အခြားရွေးစရာလမ်းမရှိဆိုတဲ့ အနေအထားမျိုးကိုသာ ရောက် အောင်သွား၊ နောက်မှာနံရံပဲရှိတယ်၊ ဆုတ်လို့မရဘူး၊ ဘေးမှာလည်း လမ်းမရှိဘူးဆိုရင် ရှေ့တည့်တည့်ကို ဖောက်ထွက်ရုံပဲ၊ ငါရှေ့ပဲသွားရမယ်လို့ လုံးဝပြတ်သားသွားပြီဆိုရင် အင်အားတွေ ပေါ်လာမယ်၊ ရှေ့မှာ အတားအဆီးကြီးလေ အဲ့ဒီအတာအဆီးကို ကျော်ဖို့ ကိုယ့်ကိုယ်ထဲက အင်အားများများထွက်လာလေပဲ၊ အဲ့ဒီတော့မောင်ရင် ဘာမှတွန့်ဆုတ်မနေနဲ့၊ နံရံကိုကျောကပ်ပြီး အပြတ်တိုက်ဖို့သာ ကြိုးစား၊ အခု အဲဒီချက်လက်မှတ်မှာ တစ်သောင်းရေးလိုက် ၊ ပြီးတော့ လက်မှတ်ထိုးပြီး ငါ့ကိုပေးခဲ့ "

လူငယ်က ချက်စာရွက်ပေါ်မှာ ဖြည်းဖြည်းချင်း စတင်ရေးသားသည်။ ပထမ ဂဏန်း၊ အဲ့သည်နောက် စာဖြင့်၊ သို့သော် လက်မှတ်ထိုးရမည့်အချိန်မှာတော့ သူ ဆိုင်းသွားသည်။ သူရေး၍မရ။

" ကျွန်တော့်တစ်သက်မှာ ဒီလောက်ငွေ အများကြီးချက်မရေးဖူးဘူးဗျာ"

သူက တိုးလျှိုသည့် လေသံနှင့်ဆိုသည်။

" မင်း သန်းကြွယ်သူဌေးဖြစ်ချင်တယ်ဆိုရင်တော့ ဒီကစ္စမျိုးကို နောင့်နေးနေလို့ မဖြစ်ဘူး။ ဒီထက်မက ကိန်းဂဏန်းများတဲ့ ချက်တွေ မင်းလက်မှတ်ထိုးရမှာပဲ၊ ဒါအစပဲ ရှိသေးတယ် "

သို့တိုင်အောင်ပင် လူငယ်က လက်မှတ်ထိုးရမှာ မဝံ့မရဲသေး။ သူ့စိတ်ထဲမှာ ဇဝေဇဝါ။ အဖြစ်အပျက်က သိပ်ကိုလျင်မြန်နေသည်။ ယခုမှ စတွေ့ဖူးသည့် လူတစ်ယောက်ကို ဒေါ်လာတစ်သောင်းတန် ချက်တစ်စောင် လက်မှတ်ထိုးပေးရမည့် အနေအထားမျိုးထဲ မမျှော်လင့်ဘဲသူရောက်နေသည်။ အပြန်အလှန်သဘော မိမိရရှိမည့်ကြီးပွားရေး လျှို့ဝှက်နည်းစဉ်ဆိုတာက တကယ်လက်တွေ့မှာ ဘယ်လိုနေမလဲ မရေရာ။

" မင်းဘာတွေ ဒီလောက်စဉ်းစားနေတာလဲ "

အဘိုးကြီးက မေးသည်။

" လောကကြီးမှာ အရာရာဟာ နှိုင်းယှဉ်ချက်သဘောပါပဲကွ၊ မင်း အခု သိပ်ကြီးကျယ်တယ်ထင်တဲ့ ကိန်းဂဏန်းက နောင်တစ်နေ့ အသေးအမွှားဖြစ်ချင်ဖြစ်သွားမှာပေါ့ "

" ကိန်းဂဏန်းကြောင့် မဟုတ်ပါဘူး "

လူငယ်ကပြောမပြောရာ ပြန်ပြောလိုက်မိသည်။

" ဒါဖြင့် ဘာကြောင့်လဲကွာ "

သည်လိုမေးပြီး လူငယ် ပြန်မဖြေနိုင်မီမှာ သူပဲ ဆက်ပြောသည်။

" မင်း ဘာကြောင့် လက်မှတ်မထိုးနိုင်တာ ငါသိပါတယ်ကွ၊ ငါ့လျှို့ဝှက်ချက်ကို တကယ်မယုံလို့ မဟုတ်ဘူးလား၊ ဒီလျှို့ဝှက်ချက်ကိုရရင် သန်းကြွယ်သူဌေး ဖြစ်မယ်လို့ မင်းမယုံဘူး၊ တကယ်တမ်းသာ ယုံကြည်ရင် မင်းချက်ချင်း ကောက်ထိုးလိုက်မှာပေါ့ "

သည်နောက် သူက ဆက်မေးသည်။

" အကယ်၍ကွာ ငါ့လျှို့ဝှက်ချက်ကိုသုံးပြီး တစ်နှစ်မပြည့်ခင်အတွင်းမှာ အလုပ်လည်း အရင်က ထက်ပို မလုပ်ရပဲနဲ့ ဒေါ်လာ ၅၀၀၀၀ တကယ်ရမယ် ဆိုပါတော့၊ မင်းလက်မှတ်ထိုးမလား "

" ဟုတ်ကဲ့၊ ထိုးမှာပေါ့၊ အဲဒါဆို ကျွန်တော် ၄၀၀၀၀ မြတ်မယ်လေ "

" ကဲဒါဖြင့်ထိုး၊ မင်းဒီတစ်နှစ်အတွင်း ၅၀၀၀၀ ရဖို့ ငါအာမခံတယ် "

" အဲ့ဒီလိုအာမခံတဲ့အကြောင်း စာနဲ့ရေးပေးနိုင်မလား "

သူသည်လိုမေးလိုက်တော့ ပါမောက္ခကြီးက ယခင်တစ်ကြိမ်လိုပင် ဟက်ဟက်ပက်ပက် ရယ်ပြန်သည်။

" မင်းကိုတော့ သဘောကျသွားပြီး ချာတိတ်၊ မင်းက နောက်ကျောသိပ်လုံချင်တဲ့ လူပဲကိုး၊ ဒါလည်း တစ်နည်းအားဖြင့်တော့ ကောင်းပါတယ်၊ လူတွေဆိုတာ အရမ်း ယုံကြည်လို့ဖြစ်တာမှ မဟုတ်ဘဲ"

ထို့နောက် အံဆွဲတစ်ခုကိုဖွင့်ပြီး အထဲရှိ စာရွက်စာတမ်းတွေလျှောက်လှန်ရှာဖွေကာ အသင့်ရိုက် ပြီးသား ကတိပြုချက်ပုံစံ စာရွက်တစ်ရွက် ထုတ်လာသည်။ သည်ဟာမြင်တော့ လူငယ်စိတ်ထဲ စနိုးစနောင့် ဖြစ်သွားပြန်သည်။ သည်အဘိုးကြီးက သူ့ထံရောက်လာ သူမှန်သမျှသူ့ လျှို့ဝှက်ချက်ဆိုတာကို ရောင်းစားနေ သည်လား။

အဘိုးအိုက စာရွက်မှာ ဖြည့်စွက်ရေးသားပြီး လက်မှတ်ထိုးပေးသည်။ လူငယ်က စာရွက်မှာ ရေးသား ထားသည်များကို လျင်မြန်စွာ ဖတ်ကြည့်ပြီး ကျေနပ်သွားသည်။ သည်အချိန်မှာပင် အဘိုးအိုက စိတ်ပြောင်း သွားပြန်သည်။

" ငါစိတ်ကူးတစ်ခု ရတယ်ကွာ၊ မင်းနဲ့ ငါ အလောင်းအစား လုပ်ကြရအောင်" ဟု ဆိုကာ သူ့အိတ်ထဲက ဒင်္ဂါးတစ်ပြားကို ထုတ်ယူပြီး လေထဲတောက်ထည့်လိုက်သည်၊ ပြီး လက်နှင့် ပြန်ဖမ်းသည်။

" ခေါင်း ပန်းလှန်မယ်၊ အကယ်၍ ငါရှုံးရင်အခုငါ့အိတ်ထဲမှာ ရှိနေတဲ့ ငွေသား တစ်သောင်း မင်းကိုပေးမယ်၊ ငါနိုင်ရင်တော့ မင်းအဲဒီချက်ကို လက်မှတ်ထိုးပေးရမယ် စောစောကငါ ကတိပြုချက်ဆိုတာကို မေ့ထားလိုက်"

လူငယ်တစ်ခဏမျှ စဉ်းစားသည်။ အလောင်းအစားကတော့ တကယ့်ကို ကြုံတောင့်ကြုံခဲ အလောင်းအစားမျိုးပဲ အတော်ကိုနိပ်သည်။ နိပ်လွန်းသဖြင့် သည်အဘိုးကြီး ဘာအကြံအစည်နဲ့ သည်လိုလောင်းသလဲ စဉ်းစားစရာပင်ဖြစ်နေသည်။ အလောင်းအစားက ကိုယ့်ဘက်က အသာစီးရလွန်းနေသည်မဟုတ်လား။ သေချာအောင် သူစကားနည်းနည်း တောက် ကြည့်သည်။

" ခက်တာက ကျွန်တော့်ဘဏ်စာရင်းထဲမှာ ပိုက်ဆံက နှစ်ပြားတစ်ပဲပဲ ရှိတယ်၊ ကျွန်တော် ဒီချက်လက်မှတ်ကြီးရေးပေးလိုက်ရင်လဲ ထုတ်လို့ရမှာ မဟုတ်ဘူး "

" ရပါတယ်၊ ငါအရင်မလိုပါဘူး၊ မင်းနဲ့ နောက်တစ်ကြိမ်ပြန်တွေ့တဲ့အထိ စောင့်လို့ရတယ် ဒါမှမဟုတ် ဒီလိုလုပ်ကွာ၊ နေ့စွဲကို တစ်နှစ်ခွာပြီးရေးထားလိုက်၊ နောက်နှစ် ဒီအချိန်လောက် "

" ဖြစ်တယ်၊ အဲဒီအတိုင်းဆို ကျွန်တော်လက်ခံတယ် "

သူ အပြေးအလွှား စဉ်းစားကြည့်သည်။ သည်အတိုင်းဆိုလျှင် ပြဿနာမရှိ။ လိုအပ်လျှင် တစ်နှစ်အတွင်း ငွေစာရင်းပိတ်နိုင်သည်၊ သို့မဟုတ် ဘဏ်ပြောင်းနိုင်သည်၊ သို့မဟုတ် ၎င်းချက်လက်မှတ်ကိုပင် ကြိုတင်ပယ်ဖျက်လိုက်နိုင်သည်။ သည်အလောင်းအစားကြောင့် သူဆုံးရှုံးစရာမရှိ။ ကံကောင်းလျှင် အဘိုးကြီးထံက ငွေတစ်သောင်းသာ စက္ကန့်ပိုင်းအတွင်း သူရလိုက်နိုင်သည်။ အမှုအရာမပျက်အောင် ထိန်းနေသည့်ကြားမှ အပြုံးရိပ်ကလေးတစ်ခု သူ့နှုတ်ခမ်းမှာ ယှက်သန်းသွားသည်။ ဒါကို ပါမောက္ခကြီးက မြင်မသွားပါစေနဲ့ဟု ကမန်းကတန်းသူ ဆုတောင်းလိုက်မိသည်။ အဘိုးကြီးက လူကဲခတ်သည့်နေရာမှာ သိပ်ကျွမ်းကျင်သည့် ပုဂ္ဂိုလ်ကြီးမဟုတ်ပါလား။

မှန်သည်။ သူစိုးရိမ်သည့်အတိုင်း တကယ်ဖြစ်သွားသည်။

" တစ်ခုတော့ကြိုပြောထားချင်တယ်ကွ "

ပါမောက္ခကြီးကဆိုသည်။

" အကယ်၍ မင်းရှုံးခဲ့သည်ရှိသော် ဒီချက်လက်မှတ်မှာ ရေးထားတဲ့ငွေတွေကို အမှန်တကယ် ထုတ်ယူနိုင်အောင် ဆောင်ရွက်ပေးပါမယ့်လို့ မင်းကတိသစ္စာပြုရမယ်"

လူငယ်နည်းနည်းရှက်သွားသည်။ သူ့မျက်နှာနီမြန်းသွားသည်။ အဘိုးကြီးက တကယ့်ကို လျင်သည့်ပုဂ္ဂိုလ်။ သူ့ကအတွင်းစိတ်ကို ဖွင့်ထားသောစာအုပ်တစ်အုပ်လို အလွယ်တကူဖတ်နိုင်နေသည်။ လူငယ် ကတိစကားဆိုလိုက်ရသည်။

အဲသည်နောက် ပါမောက္ခကြီး ခေါင်းပန်းလှန်တော့မည်ပြုသည်။ သည်အခိုက် လူငယ် တစ်စုံတစ်ခုကို သတိရကာ ကမန်းကတန်းလှမ်းတားသည်။

" ကျွန်တော် အဲဒီ ဒင်္ဂါးပြားကို ခဏကြည့်ပါရစေ "

ပါမောက္ခက ပြုံးသည်။

" ဟာ တကယ့်လူပဲ၊ ငါတော့ မင်းကို တကယ်သဘောကျတယ်၊ မင်းက အင်မတန်သတိရှိတာပဲ၊ အဲဒီတော့ အလွယ်တကူ အမှားအယွင်းတွေ မဖြစ်ဘူးပေါ့ကွာ၊ ဒါပေမယ့် သတိထားလွန်းလို့ အခွင့်အရေးတွေ ဆုံးရှုံးသွာတာမျိုးလည်း မဖြစ်စေဖို့ လိုတယ်ကွ "

သည်လိုပြောပြီး ပါမောက္ခက ငွေဒင်္ဂါးကို ကမ်းပေးသည်။ လူငယ်က ဒင်္ဂါးပြားကိုဟိုဖက် သည်ဖက်လှန်ကြည့်သည်။ ဒင်္ဂါးပြားက အစစ်အမှန်၊ တစ်ဖက်က ခေါင်း၊ တစ်ဖက်က ပန်း။

" ကဲ၊ မင်းပြောကွာ၊ ခေါင်းလား ပန်းလား "

" ပန်း "

ပါမောက္ခကြီး ငွေဒင်္ဂါးကိုတောက်ထည့်လိုက်သည်။ လူငယ့်ရင်ဘတ်ထဲ တဒိန်းဒိန်း ခုန်နေသည်။ သူ့တစ်သက်တာမှာ ခေါင်းပန်းတစ်ကြိမ်လှန်ရုံဖြင့် ငွေတစ်သောင်း ရနိုင်သည့်အခွင့်အရေးမျိုး ဘယ်တုန်းကမျှ

မကြုံဖူးခဲ့။ ဒင်္ဂါးပြားက လေထဲမှာ လည်သွားသည်။ စားပွဲပေါ် ဒေါက်ကနဲ ကျသည်။ လိမ့်နေသည်၊ ထို့နောက် ရပ်သွားသည်။

ခေါင်း” ပါမောက္ခကြီးက အော်လိုက်သည်။ ထို့နောက် “မင်းအတွက် စိတ်မကောင်းပါဘူးကွာ” ဟုဆိုသည်။

နောက်ဆုံးတော့ လူငယ် မလွှဲမရှောင်သာပင်ချက်ကို လက်မှတ်ထိုးရတော့ သည်။ လက်ကတော့ ခပ်တုန်တုန်၊ နောင် တစ်ချိန်ကျလျှင် သည်ထက်မက ကိန်းဂဏန်း များသောချက်တွေ ခပ်သွက်သွက် ထိုးပေးနိုင်မည်လား မပြောတတ်။ ယခုတော့ သည်ကိစ္စသည် သူနှင့်အများကြီးစိမ်းနေသေးသည်။ လက်မှတ်ထိုးပြီး သူ ပေးလိုက်တော့ ပါမောက္ခကြီးက တစ်ချက်စစ်ဆေးကြည့်ပြီး အိတ်ထဲ အသာခေါက်ထည့်ထား လိုက်သည်။

“ကဲ ပါမောက္ခကြီးရဲ့ လျှို့ဝှက်နည်းစဉ် ကျွန်တော့်ကိုပေးတော့”

“အော်၊ ဒါပေါ့၊ ပေးရမှာပေါ့၊ ဒါနဲ့ မောင်ရင့်မှာ စက္ကူတစ်ရွက်လောက်မပါဘူးလား၊ စာနဲ့ရေးပေးလို့ ရအောင်၊ အဲ့ဒါဆိုတော့ မောင်ရင် မေ့မသွားဘူးပေါ့”

လူငယ်စိတ်ထဲအနောက်အယှက် ဖြစ်သွားသည်။ ဒေါ်လာ တစ်သောင်းတိတိ ပေးဝယ်ထားရသည့် လျှို့ဝှက်နည်းစဉ်ကြီးတစ်ရပ်လုံးကို စာတစ်ရွက်တည်းနဲ့ ရေးလို့ပြီး သတဲ့လား။

“ဟင့်အင်း၊ ကျွန်တော့မှာ ဘာစာရွက်မှ မပါပါဘူးခင်ဗျ” သူအလျင်အမြန် ဖြေလိုက် သည်။ သို့သော် ပါမောက္ခကြီးဆီက ထွက်လာသည့် နောက်စကားတစ်ခွန်းကြောင့် သူ့ရင်ထဲ တဒိန်းဒိန်း ဖြစ်သွားရပြန်သည်။

“ မင်းဒီလာတော့ မိတ်ဆက်စာတစ်စောင် ပါလာတယ်မဟုတ်လား၊ မင်းဦးလေး လွှတ်လိုက်တဲ့ လူတိုင်းမှာ မိတ်ဆက်စာ တစ်စောင်စီ ပါလာတာ ထုံးစံလေကွာ”

လူငယ့်အိတ်ထဲမှာ အဲ့သည်မိတ်ဆက်စာ ဆိုတာက ရှိနေဆဲဖြစ်သည်။ ဒီအဘိုးကြီးက ဘာတစ်ခုမှ အလွတ်မပေးပါလား ဟု တွေးတောရင် အိတ်ထဲမှ စာရွက်ကို သူ ထုတ်ပေးလိုက်သည်။ ဘာမှ ရေးမထားသည့် မိတ်ဆက်စာကိုကြည့်ပြီး ပါမောက္ခကြီးမျက်နှာမှာ ဘာအပြောင်းအလဲမှုဖြစ်မသွား။ သူက ဖောင်တိန်ကို ထုတ်ပြီး သည်စာရွက်ပေါ်မှာ တစ်စုံတစ်ခုရေးခြစ်ရန်သာ ဟန်ပြင်သည်။ သည်နောက်မှ လူငယ်အား မော့ကြည့်ပြီး “ ဘဏ္ဍာစိုးကြီး တစ်စိတ်လောက်သွားခေါ်စမ်းပါကွာ” ဟု ဆိုသည်။ “မီးဖိုချောင်ထဲမှာ ရှိလိမ့်မယ်၊ အဲ့ဒီကော်ရစ်ဒါ အတိုင်းလျှောက်သွားလိုက်” လူငယ်အား သူ လမ်းညွှန်သည်။

ဘဏ္ဍာစိုးကြီးခေါ်ပြီး လူငယ် ပြန်ဝင်လာသည့်အချိန်၌ ပါမောက္ခကြီးက စာအိတ်ကို ပိတ်နေပြီ။ သူ့မျက်နှာက ပြုံးနေသည်။ တစ်စုံတစ်ခုအတွက် ကျေနပ်နေသည့်ပုံမျိုး။

“ တို့ညီ့သည်လေးက ဒီည ဒီမှာအိပ်လိမ့်မယ်၊ သူ့ကိုသူ့အခန်းလိုက်ပို့လိုက်ပါ” ဘဏ္ဍာစိုးကြီးအား ညွှန်ကြားသည်။ ထိုနောက် လူငယ်ဘက်ကိုလှည့်ကာ “ ဟောဒီမှာ လျှို့ဝှက်နည်းစဉ်” ဆိုပြီး စာအိတ်ကို ကမ်းပေးသည်။ ထိုနောက်တကယ့် အလုပ်ကြီးအကိုင်ကြီး တစ်ခု နှစ်ဦးပူးပေါင်းဆောင်ရွက်၍ အောင်မြင်ခဲ့သည့်နှယ် လူငယ့်လက်ကို အလေးအနက် ဆုပ်ကိုင်နှုတ်ဆက်သည်။

“ အခန်းထဲမှာ တစ်ယောက်တည်းရှိတဲ့ အချိန်းကျတော့မှ စာအိတ်ကိုဖွင့်ပြီး နည်းစဉ်ကို သေသေချာချာဖတ်ပါ ” ပါမောက္ခကြီးက မှာသည်၊ ပြီးတော့မှ

“ ဟာ၊ နောက်တစ်ခုရှိသေးတယ်ကွ၊ ငါရေးပေးထားတာတွေ မဖတ်သေးခင် ငါ့ကို တစ်ခုတော့ ကတိပေးရလိမ့်ဦးမယ်၊ ဒီလျှို့ဝှက်နည်းစဉ်ကို မင်းလောက်ကသိုလ်ကံ မကောင်းတဲ့ တခြားသူများကိုလည်း ဝေငှပါမယ့်ဆိုတဲ့ကတိ၊ အဲဒါ သဘောတူရင်မင်းဟာ ငါ့လျှို့ဝှက်ချက်ကို ငါ့ဆီက တိုက်ရိုက်ရတဲ့ နောက်ဆုံးပုဂ္ဂိုလ်ဖြစ်လိမ့်မယ်၊ နောက်ပိုင်းမှာ မင်းပဲ ဆက်ဖြန့်ဖြူးတော့၊ ငါ့အပိုင်းပြီးသွားပြီ၊ ငါနှင်းဆီ ပင်တွေနဲ့ပဲ အေးအေးဆေးဆေး နေတော့မယ်၊ ...ဒါပေမယ့် အကယ်၍ အဲဒီလိုဖြန့်ဖြူးတဲ့ကိစ္စ မလုပ်နိုင်ဘူး ဆိုရင်တော့ အခုကတည်းက နောက်ဆုတ်နိုင်တယ်၊ ဒီစာအိတ် မင်းမဖွင့်နဲ့တော့၊ မင်း ချက်လက်မှတ်ကိုလည်း ငါပြန်ပေးလိုက်မယ်၊ မင်းအိမ် မင်းပြန်၊ အရင် နေလက်စပုံစံအတိုင်း မင်းဆက်နေပေါ့”

သို့သော်လက်ထဲမှာ သည်မဟာလျှို့ဝှက်နည်းစဉ်ကြီး ရောက်နေပြီးသည့် နောက်မှာတော့ သူဘယ်မှာ နောက်ဆုတ်နိုင်ပါတော့မည်နည်း။ သည်ဟာကိုဖောက်မဖတ်ဘဲ သူမပြန်နိုင်တော့။

"ကျွန်တော် ကတိပြုပါတယ်" ဟူ၍ပဲ သူဆိုလိုက်ရတော့သည်။

***

သိပ်ရိုးသားလွန်းတဲ့ လူတစ်ယောက်ဟာ ဘယ်တော့မှ မချမ်းသာနိုင်ဘူး၊ ...ငါသည်လိုဖြစ်နေပြီလား...

## အခန်း (၄)
## မမျှော်လင့်ဘဲ အကျဉ်းသားဖြစ်သွားခြင်း

ဘဏ္ဍာစိုးကြီးက သူ့အား သူ့အတွက် ပြင်ဆင်ထားသည့် အခန်းသို့ လိုက်ပို့သည်။ အခန်းက တကယ့်ကို ကျယ်ပြန့်သားနားသည့်အခန်း။ ပစ္စည်းအသုံးအဆောင်တွေက အားလုံး အကောင်းစားတွေချည်း။ ဒါတွေ လိုက်ကြည့်ကာ သူ့အိတ်ထဲက တန်ဖိုးကြီး ပေးဝယ်ထားရသည့် စာရွက်ကိုပင် သူမေ့နေသည်။ အခန်းက ကျယ်သော်လည်း ပြတင်းပေါက်တော့ တစ်ပေါက်တည်းရှိသည်။ ပြတင်းပေါက်မှ ငုံကြည့်လိုက်တော့ သူ့အခန်းက အတော်ကြီး မြင့်နေတာ သူတွေ့ရသည်။ အပြင်ဘက်တွင် စောစောကသူရောက်ခဲ့သည့်ပန်းခြံ။ ညရောက်နေပြီမို့ ရှုခင်းက တစ်မျိုး။ သို့သော် လပြည့်ဝန်းအလင်းရောင်ကြောင့် အရာရာကိုကား အတော် သဲကွဲစွာ မြင်နေရသည်။

သည်တုန်းခဏ ရုတ်တရက် သူ့ကိစ္စသူ ပြန်သတိရသည်။ လျှို့ဝှက်နည်းစဉ်။ နစ်ပေါင်းများစွာသူ့ကို ရှောင်ဖယ်ခဲ့သော ဉစ္စာရတနာတွေ လက်ဝယ်ပိုင်ပိုင် ရယူနိုင်မည့် လျှို့ဝှက်သောနည်းစဉ်။ စာအိတ်ကို အလျှင်စလိုဖွင့်ကာ အထဲကစာရွက်ကို ဆွဲထုတ်လိုက်သည်။ ထိုနောက် စာရွက်ခေါက်ကို ဖြန့်ကာဖတ်....။ ဟာ ဖတ်မည်ဆိုပြီး ကြည့်လိုက်တော့ စာရွက်ပေါ်မှာ ဘာစာတစ်လုံးမျှ မတွေ့ရ။ ကျောဘက် ကမန်းကတန်း လှန်ကြည့်သည်၊ ဗလာ။ "တောက်ဒီအဘိုးကြီး ငါ့ကို နပ်သွားပြန်ပြီ" ဟု တွေးလိုက်မိသည်။ "သည်လောက် တောင်ညံ့ရသလား"ဟု သူ့ကိုယ်သူ အပြစ်တင်သည်။ ဘာမှမပါသည့် လျှို့ဝှက်နည်းစဉ်ဆိုတာကို ငွေတစ်သောင်းတန်ချက်လက်မှတ်နှင့် သူ အလဲအလှယ် လုပ်ခဲ့မိပြီ။ သို့သော် မိမိကို သည်စာအိတ် ပေးလိုက်သည့်အချိန်က ပါမောက္ခကြီးမျက်နှာမှာ လိမ်သည့် ညစ်သည့် အသွင်မရှိ။ ရိုးရိုးသားသား စေတနာထားပြီး ဆက်ဆံနေသည့်ပုံမျိုး။ စိတ်သဘောကောင်းသူတစ်ဦး၏ အမူအရာမျိုး။ စင်စစ် ယခုလို နားမလည်နိုင်သည့် အကြောင်းကိစ္စတွေကြုံနေသည့်ကြားကပင် ပါမောက္ခကြီးကို ခင်မင်ချင်သလိုဖြစ်နေသည်။

ငါသတိထားရမယ်ဟု တွေးမိသည်။ သိပ်ရိုးသားလွန်းတဲ့ လူတစ်ယောက်ဟာ ဘယ်တော့မှ မချမ်းသာနိုင်ဘူးဟု လူအများ ပြောတတ်ကြတာ သူသတိရသည်။ ငါသည်လိုဖြစ်နေပြီလား သူ့ကိုယ်သူ ဝေဖန်သည်။ စီးပွားရေးမှာ သူလာဘ်မမြင်တတ်တာတော့သေချာနေပြီ။ ဒါကြောင့်လည်း အဘိုးကြီးဆင်သည့် အကွက်ထဲ သူကျရောက်သွားတာပဲ။ ရုတ်တရက် မခံချိမခံသာ ဖြစ်လာသည်။ ဒေါသတွေဆူဝေလာသည်။ သို့သော် ဘယ်သူ့ကို ဘာလုပ်ပစ်ရမှန်းသူမသိ။ နောက်တော့ ဒေါသက ဗလာစာရွက်ပေါ် ကျရောက်သွားသည်။ စက္ကူဖြူပေါ်တွင် မင်ဖြူနှင့် ရေးထားသည့် အဲသည် လျှို့ဝှက်နည်းစဉ်ဆိုသောစာရွက်ကိုယူ၍ ဖျက်ဆဲဖြဲပြီး လွှင့်ပစ်လိုက်သည်။ စက္ကူနုစ်စက လေထဲ ခဏလွင့်ဝဲပြီးနောက် ထူထဲညှံ့သက်သော ကော်ဇောပေါ် အသာအယာ ကျသွားသည်။

ကိုင်းကွာ၊ နောက်ချင်သလောက်နောက်စမ်း၊ လှောင်ရယ်ချင်သလောက် ရယ်စမ်း၊ လှောင်ပြောင်လို့ အကြောင်းရိုက်လို့လူတစ်ယောက် သေသွားမှာမှ မဟုတ်တာ ဟူ၍ သူတွေးသည်။ သို့သော် သည်လို ဖြေတွေးနေရင်ကပင်ရုတ်တရက် စိုးရိမ်စိတ်တွေ ဝင်လာပြန်သည်။

အနေအထားက တစ်မျိုးကြီး။ သည်အိမ်ရှေ သည်အိမ်က လူတွေ၏ အပြုအမူတွေပါ ထူးခြားလွန်းသည်။ သည်အိမ်ထဲသူဝင်လာမိခြင်းသည် သေသေချာချာ ဆင်ထားသော ထောင်ချောက်တစ်ခုထဲ ရောက်လာခဲ့သလိုဖြစ်နေပြီ။ ခုချိန် သူ လုပ်စရာတစ်ခုပဲ ရှိတော့သည်။ တတ်နိုင်သမျှ အမြန်ဆုံးသည် နေရာက လွတ်မြောက်အောင် ရုန်းထွက်ဖို့။

အခြေအနေက မပြောနိုင်။ သူ့အသက်သည်ပင် အန္တရာယ်ရှိချင် ရှိနေနိုင်သည်။ သည်အိမ်မှာ ညအိပ်နေ၍မဖြစ်တော့။ မြန်မြန်ဆုံးဖြတ်ပြီး တစ်ခုခုလုပ်မှ ဖြစ်မည်။ ဘယ်သူမှ မသိအောင် အသာလစ်ထွက်သွားတာ အကောင်းဆုံးဖြစ်လိမ့်မည်ဟု တွေးပြီး တံခါးဆီသို့ ခြေဖျားထောက် လျှောက်သွားသည်။ တံခါးလက်ကိုင်ဘုကို ကိုင်ကာ အသာကျိတ်ပြီး လှည့်လိုက်တော့ မရ။ တံခါးက အပြင်မှာ သော့ခတ်သွားခဲ့ပြီး။ ဟာ ငါ့ကို ဖမ်းထားပြီပဲ။

သို့သော် ထွက်ပေါက်တစ်ခုတော့ ရှိသေးသည်။ ပြတင်းပေါက်။ သူ အလျှင်အမြန်ပြေးကာ ပြတင်းပေါက်ကို ဖွင့်သည်။ ပြတင်းပေါက်က အလွယ် တကူပင် ပွင့်သွားသည်။ သို့သော် ငုံ့ကြည့်လိုက်တော့ အဝေးကြီး။ ပြတင်းပေါက်က မြေကြီး အထက်ပေ ၃ဝလောက်မှာ ရှိနေသည်။ ခုန်ချလျှင် ကျိုးကြေပြီး သေမှာမုချ။

တခြားနည်းလမ်း ဘာရှိသေးသလဲ။ သူ အပြေးအလွှားစဉ်းစားသည်။ ဘဏ္ဍာစိုးကြီးကို ဘဲလ်တီးခေါ်ကြည့်ရင် ဘယ်လိုနေမလဲ။ အင်း၊ ဒါကလွဲလို့ တခြား ဘာနည်းလမ်းမှ မရှိတော့ပဲ။

လူခေါ် ခေါင်းလောင်းခလုပ်ကို သူနှိပ်ပြီး စောင့်ကြည့်သည်။ ဘယ်သူမှ ပေါ်မလာ။ ထပ်နှိပ်သည်။ အကြောင်းမထူး။

တစ်အိမ်လုံးလည်းဘာသံမှ မကြားရ။ တိတ်ဆိတ်နေသည်။ အားလုံး အိပ်ပျော်နေကြသည့်ပုံ။ ဘဲလ်တွေလည်း အလုပ်မလုပ်ကြသည့်ပုံ။

အဲသည်တော့ဘာလုပ်နိုင်သေးသလဲ။

အော်ဖို့ပဲ ရှိတော့သည်။ သို့သော် ဒါတော့ အရမ်းသွားလုပ်လို့မဖြစ်။ ကိုယ့်စိတ်ထဲ ဘယ်လောက် သံသယ ရှိနေသော်လည်း အကယ်၍ ပါမောက္ခကြီးက တကယ်သွေးရိုးသားရိုး လုပ်နေတာဆိုလျှင် မျက်နှာပူစရာ ဖြစ်မည်။ ညကြီးမင်းကြီးမှာ သူ လန့်အော်လို့ တစ်အိမ်လုံး အိပ်ရာမှ ထလာရသည်ဆိုလျှင် မကောင်း။ သူပဲ အရှုံးဖြစ်မည်။

ကဲ ကြိုးစားပြီး အိပ်တာပဲ ကောင်းပါတယ်ဟု သူဆုံးဖြတ်ပြီး အိပ်ရာပေါ်လှဲကြည့်သည်။ တော်တော်နှင့် အိပ်မပျော်နိုင်။ သည် တစ်နေ့လုံး၏ အဖြစ်အပျက်တွေ ထပ်တလဲလဲ ပေါ်လာနေသည်။ သည်ဟာတွေကို အဓိပ္ပာယ် ကျိုးကြောင်း ဆက်စပ်ကြည့်ဖို့သူ ကြိုးစားသည်။ မရ။ အထူးသဖြင့် ဒေါ်လာတစ်သောင်းတန် ချက်လက်မှတ် ရေးပေးပြီး ရယူခဲ့ရသည့် လျှို့ဝှက်နည်းစဉ်ကိစ္စ။ အဲသည်ဗလာစာရွက်က သူ့ကို သရော်လှောင်ပြောင်နေသည်။

နောက်ဆုံး မှေးကနဲ အိပ်ပျော်သွားတော့မှပင် နိုးလျှက် ထမင်းလုံး တစ္ဆေချောက်ခံနေရသော အဖြစ်မှ လွတ်မြောက်သည်။ သို့သော် လွတ်မြောက်မှုက ကြာရှည်မခံ။ အိမ်မက်ထဲမှာ လူစိမ်းတစ်ယောက် ရောက်လာပြီး စာရွက်တစ်ထပ်ကို လက်မှတ်ထိုးခိုင်းနေသည်။ စာရွက်က ပေါ့သေးသေးမဟုတ်။ တစ်ဘဝလုံးနှင့်ချီ၍ အရေးကြီးသည့် စာချုပ်တစ်ခု။ အိမ်မက်အထဲမှာ သူ အသည်းအသန်ငြင်းဆန်နေရသည်။ စာချုပ်က လုပ်ထားတာ မှားနေသည်။ စာရွက်တွေ ပေါ်မှာ ဘာတွေရေးထားသလဲကြည့်တော့ ဘာမှမပါ၊ အားလုံးဗလာတွေချည်း...။

***

"ငါက.....၊ ငွေရှာရာမှာ ကျွမ်းတယ်၊ ခေါင်းပန်းလှန်ရာမှာကျွမ်းတယ်၊ ငွေနဲ့ပတ်သက်ရင် အားလုံးကျွမ်းတယ်၊ ခက်တာက လူတွေနားမလည်ကြတာပဲ၊ လူတွေက ကျွမ်းကျင်မှုကို မရိုးသားမှုလို့ အထင်မှားကြတယ်၊ လျှင်တာကို လိမ်တာလို့ယူဆတတ်ကြတယ်"

## အခန်း (၅)
## ယုံကြည်မှု

နောက်တစ်နေ့မနက် အိပ်ရာက နိုးလာတော့ သူ့ တစ်ကိုယ်လုံး တောင့်တင်းနေသည်။ ဦးနောက်က မကြည်မလင်။ အိပ်ရာက ထသည့်အခါ ကုတင်ခြေရင်မှာ မနေ့က စာရွက်ကို သွားတွေ့သည်။ ပြတင်းပေါက်မှ တိုက်သည့်လေက ဘယ်ပုံ ဘယ်နည်း စုစည်းပေး လိုက်သည်မသိ။ စက္ကူနှစ်စက လက်နှင့် ကောက်ဆက်ထားသလို ပြန်လည်ပူးကပ်နေသည်။

သည်ဟာမြင်တော့သူ ချက်ချင်းဒေါသထွက်လာပြန်သည်။ သည်အဘိုးကြီးကို အမြန်ဆုံးတွေ့အောင် ရှာပြီး သူ့စက္ကူစုတ်ကို ပြန်ပေးရမည်၊ ပြီး မိမိချက်ကိုလည်း ပြန်တောင်းရမည်။

အောက်မဆင်းမီ မှန်ကို တစ်ချက်လှမ်းကြည့်လိုက်တော့ ဆံပင်က ဖရိုဖရဲ၊ အဝတ်အစားတွေက တွန့်တွန့်ကြေကြေ။

ခေါင်းကိုလက်နှင့် မြန်မြန်သပ်ကာ တံခါးဝဆီသို့လှမ်းလိုက်ပြီးမှ သတိရသည်။ ညကတည်းက သူ့ကို ပိတ်လှောင်ထားသည်ပဲ။ သူက သည်အိမ်မှာ အကျဉ်းသားဖြစ်နေပြီး။

သို့သော် တံခါးကို အမှတ်မဲ့ ဖွင့်ကြည့်မိတော့ တံခါးက ပွင့်သွားသည်။ သူထမင်းစားခန်းဆီသို့ ဒေါသတကြီး ထွက်လာခဲ့သည်။၏။

ပါမောက္ခကြီးက စားပွဲမှာ တစ်ယောက်တည်း အေးအေးဆေးဆေး။ သူ့ကိုယ်ပေါ်မှာ မနေ့က အဝတ်အစားတွေပဲ ဆက်၍ဝတ်ထားဆဲ။ ဥယျာဉ်မှူးတစ်ယောက်နှင့် လိုက်ဖက်သည့် ဝတ်စုံနွမ်းနွမ်း။ မြက်ဦးထုပ်ကြီးကို စာပွဲပေါ်ချထားပြီး ဒင်္ဂါးတစ်ပြားကို ခေါင်းပန်းလှန်နေသည်။ ခေါင်းပန်းလှန်ပြီးလျှင် အကြိမ်အရေအတွက်ကို ရေသည်။ ခုနစ်…ရှစ်.. "ကိုး…" သူက ဒင်္ဂါးပြားကို မမိုတ်မသုံစိုက်ကြည့်ရင်ဆိုသည်။

"တစ်ဆယ်"။

သို့သော် ဆယ့်တစ်ကျတော့မရတော့။

" တစ်ဆယ်ပဲကွ။ တစ်ဆယ်ထက်တော့ တစ်ခါမှ ပိုမရသေးဘူး" သူက အနီးရောက်လာသည့် လူငယ်အား ပြောလိုက်သည်။ "ဆယ်ကြိမ်ဆက်တိုက် ပန်းရပြီးရင် ဆယ့်တစ်ကြိမ်ကျတော့ မရတော့ဘူး၊ ခေါင်းဖြစ်သွားတယ်"

လူငယ့်ခေါင်းထဲ အတွေးတစ်ခု လက်ကနဲ ဝင်သွားပြန်သည်။ မနေ့က သူအနုပ်ခံရတာ ဗလာ စာရွက်ညာပြီး အပေးခံရတာတင် မဟုတ်၊ ခေါင်းပန်းလှန်တာလည်းပါသည်၊ သည်အဘိုးကြီးနှင့် ခေါင်းပန်းလှန်၍ သူဘယ်တော့မှ နိုင်နိုင်စရာမရှိဟူ၍။

"ငါ့အဖေက မျက်လှည့်ဆရာကွ၊ သူကျတော့ ၁၅ကြိမ် ဆက်တိုက်ရတယ်၊ ငါက အဖေ့ဆီက ပါရမီ ပါမလာ ဘူး" ပါမောက္ခကြီးက ခပ်အေးအေးပင် ရှင်းပြနေသည်။

လူငယ်က ဒင်္ဂါးပြားကိုကြည့်ပါရစေဟု တောင်းသည်။ အဘိုးကြီးကပေးတော့ သူ စားပွဲပေါ်သို့ တောက်တင်လိုက်သည်။ ဒင်္ဂါးကလည်ပြီး ကျသွားသည်။ ခေါင်း၊ နောက်တစ်ကြိမ် ထပ်လှန်သည်။ ပန်း။ ထို့နောက် ခေါင်း။ ထို့နောက် ပန်း။

ဒင်္ဂါးကြည့်ရတာ အကြံအဖန်တော့ ဟုတ်ပုံမရ၊ သို့သော် အလွယ်တကူ မရိပ်စားမိနိုင်သည့် လျို့ဝှက် အစီအမံ တစ်ခုခုများ ရှိလေမလား လူငယ် တွေးသည်။

"မနေ့က ခေါင်းပန်းလှန်တာမှာ ဘာမှ မရိုးမသားလုပ်တာ မပါဘူးကွ" ပါမောက္ခကြီးက သူ့သံသယ ကင်းအောင် ရှင်ပြသည်။ "ငါက ပိုက်ဆံကိုတာမှာ ကျွမ်းကျင်တဲ့သဘောသက်သက်ပဲ။ ငွေရှာရာမှာ ကျွမ်းတယ်၊ ခေါင်းပန်းလှန်ရာမှာကျွမ်းတယ်၊ ခက်တာက လူတွေက နားမလည်ကြတာပဲ၊ လူတွေက ကျွမ်းကျင်မှုကို မရိုးသားမှုလို့ အထင်များကြတယ်၊ လျှင်တာကို လိမ်တာလို့ ယူဆတတ်ကြတယ်"

လူငယ်ဘာပြန်ပြောရမှန်းမသိဖြစ်သွားသည်။ သည်နောက်မှ သူ့ဘာအတွက် အဘိုးကြီးထံ ဆင်းလာခဲ့သလဲသတိရသည်။ စက္ကူစုတ်ကို ထုတ်ပြီး စားပွဲပေါ်ပစ်ချလိုက်သည်။

"ဆရာကြီး ကျွန်တော့်ကို မနေ့က နပ်တာပဲဗျ။ ဟောဒီ ဗလာစက္ကူနဲ့ငွေတစ်သောင်း ညာယူသွားတာပဲ"

"ဗလာစက္ကူ မဟုတ်ပါဘူးကွ၊ ကြီးပွားချမ်းသာရေးလျှို့ဝှက်နည်းစဉ်ပါ။" ပါမောက္ခကြီးက ပြန်ပြင်၍ ပြောသည်။

"မရဘူးဗျာ၊ ခင်ဗျားအဲဒီကိစ္စ ရှင်းပါ၊ ကျွန်တော်နလပိန်းတုံးမဟုတ်ဘူး"

"ဟာသိတာပေါ့၊ နလပိန်းတုန်း ဘယ်ဟုတ်ပါမလဲ၊ ဉာဏ်သိပ်မစူးသေးတဲ့သဘောပါ။ ဒါကလည်း သဘာဝပါ၊ မင်းက ငယ်သေးတာကိုး၊ အတွေ့အကြုံနည်းသေးတာကိုး"

"ဒါလည်းမှန်ပါလိမ့်မယ်၊ ဒါပေမယ့် ဗလာကိုတော့ ဗလာမှန်း သိတာပေါ့ဗျာ၊ ကျွန်တော်ကို အဲဒီလို နပ်ဖို့တော့ မကြိုးစားပါနဲ့"

"မဟုတ်တာကွာ၊ ဘယ်မှာ နပ်ရပါ့မလဲ၊ မင်း ဒါထက်မက ထပ်လိုချင်လိမ့်အုံးမယ်လို့ ငါ လုံးဝ မထင်တာ၊ အမှန်က အဲဒီဗလာစက္ကူနဲ့တင်ပဲ မင်းချမ်းသာနိုင်နေပြီ၊ ငါ့တုန်းက ဒီလိုပဲ ဗလာစက္ကူတစ်ရွက် ရရုံနဲ့တင် ချမ်းသာဖို့နည်းလမ်းကို ငါတွေ့ခဲ့တာပဲ၊ အေးလေ ငါ့မှာလည်း အချိန်သိပ်မရှိပါဘူး၊ နင်းဆီပင်တွေ

သွားကြည့်ရအုံးမယ်၊ မင်းကို ငါကူပါမယ်၊ ငါပြောတာတွေ သေသေချာချာနားထောင်ပါ၊ ဘာကြောင့်လဲဆိုတော့ လျှို့ဝှက်နည်းစဉ်နဲ့ မင်းချမ်းသာ သွားပြီးတဲ့ နောက်မှာ ဒီနည်းစဉ်ကို မင်းတခြားလူတွေ ပြန်ပြောရဦးမှာ၊ မင်းကိုယ်တိုင် ဆင်းရဲခြင်း နှောင်ကြိုးက လွတ်မြောက်သွားပြီးတဲ့နောက်မှာ တခြားလက်တွေခြေတွေ အတုပ်အနှောင်ခံရဆဲ လူတွေကို မင်းကြိုးဖြေပေးရဦးမှာ၊ မနေ့က ပေးခဲ့တဲ့ ကတိကို မင်းတစ်ကြိမ် ထပ်ပေးနိုင်ဦးမလား"

မှန်တာတော့ တကယ်မှန်သည်။ သည်ပါမောက္ခကြီးသည် လူတစ်ဘက်သားကို ဆွဲဆောင်စည်းရုံးသည့် နေရာမှာ တကယ် ပါရဂူမြောက်သည့် ပုဂ္ဂိုလ်ပေပဲ။ စောစောလေးက အဘိုးကြီးကို အကြီးအကျယ် ဆဲဆိုပစ်လိုက်သည်အထိ ဒေါသထွက်နေသော လူငယ်သည် ယခုတော့ အဘိုးကြီးရှေ့မှာ အမြီးကုပ်၍ နေချေပြီ။ အဘိုးကြီးစကားကို သူလုံးဝမငြင်းဆန်နိုင်။ မနေ့ကဆိုခဲ့သည့် ကတိသစ္စာကို သူတစ်ကြိမ် ထပ်၍ဆိုလိုက်သည်။ ပါမောက္ခကြီးမျက်နှာ ပြုံးသွားသည်။

"လျှို့ဝှက်နည်းစဉ်ကို ဖွင့်ပြောဖို့ ငါဆုံးဖြတ်လိုက်ပြီ၊ မင်းက မပြောမချင်း သိမှမသိပဲကိုး၊ ဒါပေမယ့် တစ်ခုတော့ ကြိုပြောထားရဦးမယ်၊ သိပ်လွယ်ကူလွန်းနေလို့ ဟာဟုတ်နိုင်ပါ့မလား ထင်ချင်ထင်နေမယ်၊ မယုံမကြည်မဖြစ်နဲ့။ ကမ္ဘာမှာ အကြီးအကျယ်ဆုံးဆိုတဲ့ ပါရမီရှင်ကြီးတွေရဲ့ အတွေးအကြံမှန်သမျှဟာ အရိုးဆုံး အစင်းဆုံး အရှင်းလင်းဆုံးတွေချည်းပဲ၊ အခုအစပိုင်းတကယ်လက်တွေ့မကြုံရသေးခင်မှာ သံသယဝင်ချင် ဝင်နေဦးမယ်၊ ဒီနည်းစဉ်ကြောင့် ခနဉစ္စာတွေ မင်းဆီတဖြည်းဖြည်း ချဉ်းကပ်လာပြီဆိုတဲ့အခါကျတော့ မင်းသဘောပေါက်လာမယ်၊ တကယ် ဟုတ်ပါလားလို့ ယုံကြည်လာမယ်"

"ဟုတ်ကဲ့၊ ကျွန်တော် သဘောပေါက်နိုင်အောင် အစွမ်းကုန်ကြိုးစားပါ့မယ်"

"အေး၊ ကောင်းတယ်၊ နားလည်ပြီ သဘောပေါက်လာပြီဆိုရင်တော့ ယုံကြည်စိတ်က ထပ်ကြပ်မကွာ ပါလာမှာ မုချပါပဲ၊ ဒါပေမယ့် ယုံကြည်စိတ်အခံလေး မရှိပြန်ကလည်း ဒါကို သဘောပေါက်လာနိုင်ဖို့ ခက်ပြန်တယ်ကွ၊ အဲ့ဒီတော့ ဒီလိုလုပ်ကွာ၊ ဒီနည်းစဉ်ကို ခဏတဖြုတ်တော့ မင်း ကြိုတင်ပြီး ယုံကြည်ထားလိုက်ကွာ၊ တကယ်တန်ဖိုးရှိတဲ့နည်းစဉ်ဆိုရင် မင်းအကျိုးရှိမှာပေါ့၊ ကြီးပွားချမ်းသာမှာပေါ့၊ မဟုတ်ဘူး ဆိုရင်လည်းမင်းမှာ ဘာနစ်နာမလဲ၊ အရင်းအတိုင်းပဲပေါ့၊ ဟုတ်တယ်မလား၊ အဲဒီလို သဘောထားပြီး ယာယီ ယုံကြည်စိတ်ကလေး မွေးထားစမ်းပါ"

"....ငါ တွေ့ဖူးသမျှ သန်းကြွယ်သူဌေးအားလုံး အညီအညွတ်တည်း ပြောသွားတယ်၊ သူတို့လိုချင်တဲ့ ငွေပမာဏနဲ့ ရရမယ့်ရက်ကာလကို တိတိကျကျ သတ်မှတ်လိုက်တာနဲ့တပြိုင်နက် သူတို့ စပြီးချမ်းသာကြတာပဲတဲ့ "

## အခန်း (၆)

## တစ်ခုတည်းသော ပန်းတိုင်၌ အာရုံစူးစိုက်ခြင်း

"ကဲ၊ မင်းခေါင်းထဲမှာ မရှင်တာရှိရင် ချက်ချင်းမေးကွာ၊ ငါဖြေဖို့အဆင်သင့်ပဲ၊ တို့နှစ်ယောက် တွေ့ရတဲ့အချိန်က သိပ်ကြာရှည်မှာမဟုတ်ဘူး၊ အဲ့ဒီတော့ အရေးမကြီးတာတွေ ငြင်းခုန်ရင် အချိန်ကုန်မခံဘဲ လိုရင်းကို လုပ်ကြရအောင်၊ ဟောဒီမှာ ဖောင်တိန်၊ မင်းမှာ စာရွက်ရှိတယ်မဟုတ်လား"

"ဟုတ်ကဲ့၊ ရှိပါတယ်"

"မင်း တကယ်ချမ်းသာချင်တယ်နော်"

"ဟုတ်ပါတယ်"

"ကောင်းပြီ၊ မင်းပိုက်ဆံဘယ်လောက်လိုချင်သလဲ၊"

အဲ့ဒါကိုဘယ်အချိန်ကာလအတွင်းမှာ ရချင်သလဲ၊ စာရွက်ပေါ်ချရေးကွာ၊ ဒါ ချမ်းသာကြွယ်ဝရေးအတွက် လျှို့ဝှက်ချက်ပဲ"

ပါမောက္ခကြီးငါ့ကို အကြောင်းရိုက်ပြန်ပြီဟု လူငယ်တွေးလိုက်မိသည်။ "အဲ့ဒီကိန်းဂဏန်းတွေ နေ့စွဲတွေချရေးလိုက်ရင် ပိုက်ဆံက အဲဒီအတိုင်း အတိအကျကောင်းကင်က ကျလာမှာမို့လား"

အားမနာပါးမနာပင် သူမေးလိုက်သည်။

ပါမောက္ခကြီးက ခပ်အေးအေးပင်၊ "မှန်တာပေါ့" ဟုဆိုသည်။ "မင်းဒီလိုမေးတာ ငါ မအံ့သြပါဘူး၊ ဒါကြောင့် ငါ အစောကြီးကတည်းက သေသေချာချာပြောထားတာ၊ လျှို့ဝှက်နည်းစဉ်ဟာ သိပ်ရိုးလွန်း လွယ်လွန်းလို့ မင်းယုံကြည်မှာတောင် မဟုတ်ဘူးလို့၊ ဒါပေမယ့် ဒါအမှန်ပဲကွ၊ ဒီအတိုင်းတကယ်ဖြစ်တာ၊ ငါတွေ့ဖူးသမျှသန်းကြွယ် သူဌေးတွေ အားလုံး တညီတညွတ်တည်း ပြောသွားတယ်။ သူတို့လိုချင်တဲ့ ငွေပမာဏနဲ့ ရရမယ့် ရက်ကာလကို တိတိကျကျ သတ်မှတ်လိုက်တာနဲ့ တပြိုင်နက် သူတို့စပြီး ချမ်းသာကြတာပဲတဲ့၊ "

"ပြောရတာ ကျွန်တော်အားနာပါတယ်ခင်ဗျား၊ ဒါပေမယ့် ကျွန်တော် ခုထိမရှင်းသေးတာတော့ အမှန်ပဲ၊ ဒီကိန်းဂဏန်းနဲ့ ရက်စွဲတွေရေးထားရုံနဲ့ တကယ် ဖြစ်လာမယ်ဆိုတာ ကျွန်တော်လက်ခံလို့မရဘူး"

"ကိုယ် ဘယ်ကိုသွားနေသလဲ ကိုယ်ဘာသာ သေသေချာချာ မသိဘဲနဲ့ မင်း အဲဒီနေရာ ရောက်နိုင်မလား"

"ဒါတော့ ဟုတ်ပါတယ်၊ ဒါပေမယ့် ဆရာကြီး စောစောကပြောနေတာတွေက ဂါထာမန္တရား ဆန်လွန်းတယ်၊ မန်လိုက်မှုတ်လိုက်ရုံနဲ့ ဖြစ်သွားမယ့်ပုံမျိုး"

"မှန်တယ်၊ အဲဒါ တကယ်ပဲ၊ ကိန်းဂဏန်းနဲ့တကွ တိတိကျကျချထားတဲ့ ဦးတည်ချက်တစ်ခုမှာ တန်ခိုးက္ကဒ္ဓိပါဒ်ရှိတယ်ကွ၊ နေဦးကွာ၊ ငါ ဥပမာတစ်ခုပြောမယ်၊ မင်းအလုပ်တစ်ခုရဖို့ ကြိုးစားနေတယ် ဆိုပါစို့။ အလုပ်လျှောက်တယ်ဘာညာ စသဖြင့် လိုအပ်တာတွေလုပ်တော့ အင်တာဗျူးခေါ်ခံရတယ်၊ မကြာခင်မှာပဲ မင်းကို ပဏာမရွေးထားပြီးဆိုတာသိရတယ်၊ နောက်ကျတော့ မင်းအလုပ်ရပြီတဲ့၊ လခကလည်းအများကြီး ရမယ်တဲ့၊ ပြောလာတယ်၊ အဲ့ဒီအခါမှာ မင်းဘာဖြစ်မလဲ။ ပထမ ဆုံးမင်း သိပ်ဝမ်းသာမယ်၊ လူဆယ်ယောက်ထဲက ရွေးတာ၊ ဒါမှမဟုတ် တစ်ရာ တစ်ထောင်ထဲက ကိုယ့်တစ်ယောက်တည်းရွေးလိုက်တာ၊ နယ်နယ်ရရ ငါမဟုတ် ဘူးပေါ့၊ ဒါပေမယ့် အဲသလိုတွေ တွေးပြီး ပျော်သွားပြီး ကျေနပ်သွားပြီးရင် မင်းဘာလုပ်မလဲ"

"အင်း၊ ထိုင်ကျေနပ်နေလို့ဘယ်ပြီးမလဲ၊ အလုပ်ဘယ်တော့ စဝင်ရမလဲ မေးရမှာပေါ့၊ ပြီးတော့ လခ အများကြီးဆိုတာ ဘယ်လောက်အများကြီးလဲ သိဖို့လို သေးတယ်၊ သူ့အများကြီးနဲ့ ကိုယ့်အများကြီး တူချင်မှတူမှာ၊ လခက ဘယ်လောက်လဲ၊ တခြား အကျိုးခံစားခွင့်တွေက ဘယ်လိုရှိသလဲ တိတိကျကျ သိအောင် စုံစမ်းရမှာပေါ့"

"မှန်တာပေါ့၊ မှန်တာပေါ့၊ ငါပြောချင်တဲ့စကားတွေမင်းပြောသွားတာပဲ၊ အဲဒါတော့ မင်းက အလုပ်ရှင်သူဌေးကိုမေးမယ်၊ လခအများကြီးဆိုတာ ဘယ်လောက် လဲပေါ့၊ အဲဒီအခါမှာ အလုပ်ရှင်က စိတ်ချကွာ၊ မင်းအများကြီးရမှာလို့ပဲ ပြန်ဖြေမယ်ဆိုပါတော့၊ မင်းကျေနပ်သွားမလားစဉ်းစားကြည့်၊ မင်းစိတ်ထဲမှာ စနိုးစနောင့် ဖြစ်လာမှာပေါ့၊ ဒီလူ တိတိကျကျမေးတော့ အဖြေဘူး၊ ဒါဘာသဘောလဲ မရိုးမသား အကြံအစည် တစ်ခုခုရှိနေပြီလား၊ သူ့အများကြီးဆိုတာ တကယ်တန်းကျဘာမှ မပြောပလောက်တဲ့ ကိန်းဂဏန်းမျိုးဖြစ်နေမလား၊ မင်းသံသယ ဝင်လာမယ်၊ ထိုနည်းဋ္ဌင်း အလုပ်ဘယ်နေ့စဝင်ရမလဲ မေးတော့လဲ တိတိကျကျ မဖြေဘူးဆိုရင် မင်းဘယ်လိုလုပ်မလဲ၊ ဒီအတိုင်းပဲ နေလိုက်မလား၊ သေချာအောင် ထပ်မေးမလား"

"မေးရမှာပေါ့"

"ဒါပေမယ့် အဲဒီလိုမေးတဲ့ကြားက အဖြေက ရေရေရာရာ ရမလာဘူးဆိုရင် မင်းအဲ့ဒီလူ့အလုပ်ကို မျှော်နေဦးမလား၊ ဒါမှမဟုတ် တခြားအလုပ် လိုက်ရှာမလား"

"ဒါပေါ့၊ သူ့ဆက်မျှော်နေလို့ ဘယ်အကျိုးထူးတော့မလဲ၊ ဒီလူက ကျွန်တော့်ကို ကြိုးရှည်ရှည်နဲ့ လှန်ထားတဲ့ သဘောမျိုး ဒါမှမဟုတ် သက်သက်လိမ်နေတဲ့သဘောမျိုး ဖြစ်နေတာကိုး"

"ပါမောက္ခကြီး ကျေနပ်သွားသည်။ သူ့မျက်နှာမှာ အပြုံးရိပ်ထင်လာသည်။

"သိပ်ဟုတ်တာပေါ့ကွာ၊ တိတိကျကျသိရဖို့သိပ်အရေးကြီးတာပေါ့၊ အများကြီးလို့ပြောရုံနဲ့ မပြီးဘူး။ ကိန်ဂဏန်းကိုသိရမှ ကျေနပ်နိုင်မယ်၊ အလုပ်ခန့်တယ် ဆိုတာမှာလည်း ဘယ်နေ့ဘယ်ရက်ကစပြီး ခန့်လိုက်တယ်၊ ဒီလိုလာရမယ်၊ ပါးစပ်ပြောနဲ့ စိတ်ချနေလို့မရဘူး၊ နှုတ်ကတိဆိုတာလည်း သူ့တန်ဖိုးနဲ့သူ ရှိတာတော့ အမှန်ပေါ့၊ ဒါပေမယ့် စကားဆိုတာ ပြောပြီး လေထဲပျောက်ရင် ပျောက်သွားမယ်၊ စာနဲ့ပေနဲ့ တိတိကျကျ ရေးထားတဲ့ ခန့်စာကြတော့ ပိုခိုင်မာတယ်၊ ဟုတ်တယ် မလား၊ အဲဒါသူများဆီက အလုပ်၊ ထိုနည်းဋ္ဌင်းပဲ ကိုယ်ကိုယ်တိုင် လုပ်မယ့်ကိစ္စ ကိုယ့်ဘဝရှေ့ရေးနဲ့ ပတ်သက်တဲ့ ကိစ္စတွေမှာလည်း ဒီအတိုင်း တိတိကျကျရှိဖို့လိုတယ်၊ ကိုယ့်ကိုကိုယ်ဝိုးတိုးဝါးတား မရေမရာ ကတိပေးထားရင် နောင်တစ်နေ့ ဝိုးတိုးဝါးတား

မရေမရာတွေပဲ ရလာမှာပေါ့၊ လူဆိုတာ ကိုယ်လုပ်သလို ကိုယ်ဖြစ်တာ၊ ကိုယ်တောင်းဆိုသလောက် ကိုယ်ရတာ၊”

ပါမောက္ခကြီးက သည်လိုပြောပြီး လူငယ်ကို အကဲခတ်ကြည့်နေသည်။ သူ့စကားတွေ နာထဲ ဘယ်လောက်ရောက်သလဲ။

“အခု မင်း ချမ်းသာချင်တဲ့ကိစ္စ။ တိတိကျကျမေးရမယ်၊ ဘယ်လောက်ချမ်းသာချင်သလဲ၊ ဘယ်တော့လဲ။ ဒါမသေချာမချင်း ဘယ်တော့မှ မချမ်းသာဘူး၊ လူတွေ မေးလိုက်ရင် မချမ်းသာချင်တဲ့ လူမရှိဘူး၊ ဒါပေမယ့် မရေရာဘူး၊ မယုံရင် မင်းမေးကြည့်၊ နောက်နှစ်မှာ ငွေဘယ်လောက်ရဖို့ မျှော်မှန်းထားသလဲ မေးလိုက်ရင် တစ်ခါတည်း တန်းပြောနိုင်တဲ့လူ သိပ်ရှားတယ်၊ တကယ်လို့ ပြောနိုင်တယ်ဆိုရင် အဲ့ဒီလူဟာ ချမ်းသာဘို့ လမ်းစနင်းမိနေတဲ့လူပဲ၊ ကိုယ့်ဘာသာ ရည်မှန် ထားတာ ရှိပေမယ့် သူများကို မပြောချင်လို့ ဖွင့်မပြောတာမျိုးတော့ ရှိမှာပေါ့၊ ငါက သဘောကို ပြောရတာ၊ လူဆယ်ယောက်မှာ ကိုးယောက် သူများကို ပြောတာ မပြောတာထား သူတို့ခေါင်းထဲမှာကို အဖြေမရှိကြဘူး၊ လူတွေမှာ မှားနေကြတာ အဲ့ဒါပဲ၊ လူဟာ ဒီဘဝမှာ ငါဘာရချင်သလဲ၊ ကိုယ့်ခေါင်းထဲ တိကျ သေချာထားဖို့လိုတယ်၊ဒီလိုမှမဟုတ်ရင်တော့ ဘာမှရေရေရာရာရမှာမဟုတ်ဘူး”

လူငယ် ဘာမှမပြော၊ ငြိမ်သက်စွာပင် နားထောင်နေသည်။

“ကဲ။ မင်းကို ငါကိုယ်တိုင်ပဲမေးမယ်၊ လာမယ့်နှစ်အတွင်း မင်းငွေဘယ်လောက် ရချင်သလဲ၊ တိတိကျကျပြောစမ်းကွာ”

လူငယ်အတော်ခက်ခဲသွားသည်။ သူဘာပြန်ဖြေရမှန်ပင် မသိ။ စောစောက ပါမောက္ခကြီး ပြောသွားခဲ့သည့် စကားတွေအားလုံး သူ စိတ်ဝင်တစား နားထောင်ခဲ့သည်။ သဘောလည်းကောင်းကောင်းပေါက်သည်။ တကယ့်ကို ကျိုးကြောင်းသင့်မြတ်သည့်စကားတွေ။ သူလုံးဝလက်ခံရမည့်စကားတွေ။ နောက်ဆုံးတော့ ငါ လည်းပဲ ဆရာကြီးပြောတဲ့ ချမ်းတော့ချမ်းသာချင်တယ် ဘယ်လောက်ချမ်းသာချင်သလဲ ကိုယ့်ဘာသာ ရေရေရာရာမသိတဲ့ လူတွေထဲတစ်ယောက်အပါအဝင် ဖြစ်နေပြီးကိုပဲ တွေးမိပြီး သူအတော်ရှက်သွားသည်။

“ကျွန်တော် မပြောတတ်ပါဘူးဆရာကြီး” သူက မျက်နှာနီနီနှင့်ပင် တောင်းပန်တိုးလျှိုးလိုက်ရသည်။

“ကျွန်တော့်ချို့ယွင်းချက်ကို ကျွန်တော် အခုမှပဲ မြင်ပါတယ်၊ အရေးကြီးဆုံးအခြေခံအကျဆုံးအပိုင်းမှာ ကျွန်တော် ချို့ယွင်းခဲ့တာကို”

“ကိုယ့်ချို့ယွင်းချက်ကို သိပြီဆိုရင် ပြင်ရုံပဲပေါ့ကွာ၊ ကိုင်းပြင်ကြရအောင်၊ မင်းစိတ်ထဲမှာရှိတဲ့ ကိန်းဂဏန်းကို ရေးချလိုက်စမ်း”

“ခေါင်းထဲဘာကိန်းဂဏန်းမှကို တိတိကျကျမရှိသေးဘူး ဆရာကြီး”

“ဒါဆိုလဲ မခက်ပါဘူးကွာ၊ အခု တစ်ခါတည်း စဉ်းစားပေါ့၊ ခုချိန်ကနေ နောက်တစ်နှစ်အတွင်း မင်းငွေဘယ်လောက်ရချင်သလဲ၊ ကိုယ့်ဘာသာ သတ်မှတ် လိုက်၊ ပြီးရင်ချရေးကွာ၊ အချိန်သတ်မှတ်ချက် အတွက်တော့ မင်းစဉ်းစားစရာမလိုတော့ဘူး၊ တစ်နှစ်လို့ ပြောပြီးပြီ၊ ကဲ ကဲ မြန်မြန်စဉ်းစား၊ အချိန်တွေ ကုန်နေပြီ”

သူ သည်လိုပြောဆဲမှာပင် သဲနာရီက သဲတွေအားလုံးအောက်ခွက်ထဲ ကျသွားသည်။ ပါမောက္ခကြီးက နာရီကို ကောက်ကိုင်ကာ ပြောင်းပြန်လှန်ထားလိုက် သည်။

လူငယ်ခမျာ ပြိုင်ပွဲဝင်သလို အသည်းအသန် အပြေးအလွှားစဉ်းစားနေရသည်။ သူ့ ခေါင်းထဲ ကိန်းဂဏန်းမျိုးစုံတွေဝင်လာသည်။ မဖြစ်နိုင်တာတွေ မောင်း ထုတ်လိုက် အသစ်စဉ်းစာလိုက်။ အချိန်က တဖြည်းဖြည်းကုန်နေသည်၊ ဖွင့်ပြောလောက်စရာ အဓိပ္ပာယ်ရှိသည့် ကိန်းဂဏန်းကို ရွေးမရ။ နာရီထဲက သဲတွေသာ နောက်တစ်ကြိမ် ကုန်စင်အောင်ကျသွားသည်။ သူ့မှာ ဂဏန်းတစ်ခုတိတိကျကျ၊ မရနိုင်သေး။

“ကဲ.... စဉ်းစားလို့ရပြီ မဟုတ်လား၊ ရေးကွာ” ပါမောက္ခကြီးက အတင်းတိုက်တွန်းနေသည်။

လူငယ် ဖြစ်နိုင်ချေအရှိဆုံး ဂဏန်းတစ်လုံးကို မဝံ့မရဲ ရွေးချယ်ကာ စာရွက်ပေါ် ဖြည်းဖြည်းချင်း ချရေးသည်။ လက်တွေက ခပ်တုန်တုန်။

“ဒေါ်လာ ၃၀၀၀၀” သူ ရေးချသည့် ကိန်းဂဏန်းကို ပါမောက္ခကြီး အသံထွက်ဖတ်လိုက်သည်။ “ဟာ သိပ်နည်းတာပေါ့ကွာ၊ အေးလေ ဒါနဲ့စလဲ ရပါတယ်၊ ငါကတော့ ၃သိန်းလောက်ရေးစေချင်တာ၊ သန်းကြွယ် သူဌေးဖြစ်တဲ့ အထိဆိုရင် မနည်းလုပ်ယူရလိမ့်မယ်၊ ဒါပေမယ့် မင်းတွေ့ပါလိမ့်မယ်၊ ဒီအလုပ်က လူတွေထင် သလောက် အခက်ကြီး မဟုတ်ပါဘူး၊ ပြီးတော့ ဒါက မင်းတစ်သက်တာ လုပ်သမျှထဲမှာ တန်ဖိုးအရှိဆုံးအလုပ် ဖြစ်မှာ”

"တကယ်ချမ်းသာမယ့်လူဟာ ကိုယ့်ကိုကိုယ် ချမ်းသာမယ်လို့ ယုံကြည်ရတယ်ကွ၊ ကိုယ့်ကိုကိုယ် တစ်နေ့ သန်းကြွယ်သူဌေးဖြစ်မယ့်လူအဖြစ် ပီပီပြင်ပြင် မြင်ယောင်ထားရမယ်၊ ကိန်းဂဏန်းတွေ တွက်ရဲချက်ရဲ ရည်မှန်းရဲရမယ်"

## အခန်း (၇)
## မိမိကိုယ်ကို တန်ဖိုးဖြတ်ခြင်း

စားပွဲထိုးက ကော်ဖီနှင့် မုန့်များ သယ်ဆောင်၍ ဝင်လာသည်။ လူငယ်က နံနက်စာ မစားရသေး။ ညကလည်း ယောက်ယက်ခတ်ပြီး ကောင်းကောင်းမအိပ်ခဲ့ရသည်ဖြစ်ရာ ဗိုက်အလွန် ဆာနေပြီ။

ကော်ဖီနှင့် မုန့်ကို စားသောက်ရင်းပင် ပါမောက္ခကြီးထံမှ သင်ခန်းစာကို သူ ဆက်နာယူရသည်။

"ငါ မင်းကို မေးခွန်းတွေမေးမယ်၊ ရည်ရွယ်ချက်က မင်းစောစောက စဉ်းစားခဲ့ရတဲ့ ကိစ္စနဲ့ ပတ်သက်ပြီး ပိုရှင်းရှင်းလင်းလင်း သဘောပေါက်လာဖို့အတွက်ပဲ၊ မင်း စောစောက ကသောကမျော စဉ်းစားခဲ့ရတာ"

"ဟုတ်ပါတယ်"

"အခုကိစ္စမှာ မင်းပထမဆုံး အလေးအနက်ထားရမှာက ဒီစက္ကူစလေးပေါ်မှာ မင်း အခုချရေးလိုက်တဲ့ ကိန်းဂဏန်းသည် မင်းထင်ထားတာထက် အများကြီး အရေးပါတယ်ဆိုတဲ့ အချက်ပဲ၊ တကယ်တော့ ဒါဟာ မင်းကိုယ်မင်း တန်ဖိုးဖြတ်လိုက်တာ၊ မင်းဟာ တစ်နှစ်မှာ ဒေါ်လာ ၃သောင်းတန်တယ်၊ ဒါပဲ၊ ဒီထက် တစ်ပြားမှ ပိုမတန်ဘူး၊ တစ်ပြားမှလည်း လျော့မတန်ဘူး၊ ဒါမင်း ကိုယ်တိုင်နဲ့ ပတ်သက်တဲ့ မင်းရဲ့ သတ်မှန်ချက်"

"ဆရာကြီး ဘာကြောင့် အဲ့ဒီလို ကောက်ချက်ဆွဲသလဲ ကျွန်တော်တော့ သဘောမပေါက်ဘူး၊ ဒီဂဏန်းကို ကျွန်တော်ရွေးလိုက်တာက လက်ငင်းအခြေ အနေမှာ တကယ်လက်တွေ့ဖြစ်နိုင်တဲ့ဟာကို ချင့်ချိန်းပြီး ရွေးတာ၊ ဒီထက်မက ဂဏန်းကြီးကြီးရေးရင် အလကားလျှောက်ရေးတာ၊ ကျွန်တော်က ဘွဲ့ရတဲ့လူလည်းမဟုတ်ဘူး၊ ဘဏ်မှာလည်း ပိုက်ဆံက သုညနီးပါးပဲ"

"မှန်ပါတယ်။ မင်းစဉ်းစားတာ အကျိုးအကြောင်းခိုင်လုံပါတယ်၊ ဒါပေမယ့် ဒီနေရာမှာ အရေးကြီးနေတာက သဘောထား ပြဿနာ၊ မင်း စောစောက ပြောလိုက်တဲ့ မင်းရဲ့သဘောထားက မင်းဘဝကို အခုလက်ရှိအတိုင်း ဖြစ်နေအောင် ဖန်တီးထားတာ၊ လူတစ်ယောက်ရဲ့ဘဝကို တကယ်တမ်း အဆုံးအဖြတ်ပေးနေတာ ပတ်ဝန်း ကျင်အနေအထားတွေ မဟုတ်ဘူး၊ သူ့စိတ်သဘောထားတွေပဲ၊ မင်း အဲဒါ သဘောပေါက်ဖို့လိုတယ်၊ မင်းဘဝမှာ ကြုံကြိုက်ရသမျှ အကြောင်းကိစ္စ တွေဟာ မင်းစိတ်ဓာတ် မင်းသဘောထားတွေရဲ့ ထင်ဟပ်ချက်တွေပဲ၊ ဘဝဆိုတာ ကိုယ်ပုံဖော်တဲ့အတိုင်းဖြစ်ရတာ၊ ဒါကြောင့်မို့ မင်း အခုလက်ရှိအနေအထားကို မကြိုက်ဘူး၊ ဘဝကို အသစ်ပြောင်းလဲ ချင်တယ်ဆိုရင်အရင်ဆုံး မင်းရဲ့ စိတ်ဓာတ်တွေ သဘောထားတွေကို ပြောင်းလဲပစ်ဖို့လိုတယ်၊ မင်းစိတ်ထဲမယ် ငါပြောတာ သိပ်လွယ် လွန်းတယ်လို့ ထင်ချင်ထင်နေမယ်၊ တချို့ယုတ္တိဗေဒသမားများဆိုရင် တို့အယူအဆကို လုံးဝလက်မခံ နိုင်ကြဘူး၊ အကြောက်အကန်ငြင်းကြတယ်"

လူငယ် နားစိုက်ထောင်နေမှန်း သိသဖြင့် ပါမောက္ခကြီးက ဆက်ပြောသည်။

"ဒါပေမယ့် ဘယ်လုပ်ငန်းနယ်ပယ်မှာဖြစ်စေ ကြီးကြီးကျယ်ကျယ် အောင်မြင်ခဲ့တဲ့ လူမှန်သမျှဟာ အဒီယုတ္တိယုတ္တာသမားတွေ၊ ကြောင်းကျိုးဆက်စပ် စဉ်းစားပြီးမှ ယုံတယ်ဆိုတဲ့ ပညာတတ်တွေရဲ့ ငြင်းဆန်ကန့်ကွက်မှုတွေကို လျစ်လျူရှုပြီး အလုပ်ကိုဆောင်ရွက်ရင်နဲ့ အောင်မြင်လာခဲ့ကြတာချည်းပဲ၊ ဒါပေမယ့် ဒီလို ပြောတဲ့အတွက် ငါ့ကို ပညာတတ် ဆန့်ကျင်ရေးသမားလို့ မထင်နဲ့၊ ငါက အသိဉာဏ်ပညာကို ဆန့်ကျင်တဲ့လူ မဟုတ်ဘူး၊ သိပ်တန်ဖိုးထားတဲ့လူ၊ လုပ်ငန်း တစ်ခုဖြစ်စေ၊ ဘဝတစ်ခုဖြစ်စေ အောင်မြင်အောင် ဆောင်ရွက်တဲ့နေရာမှာ ကျိုးသင့်ကြောင်းသင့် စဉ်းစားတတ်ခြင်းဟာလည်း လိုအပ်ချက် တစ်ခုပဲပေါ့၊ ဒါပေမယ့် ဒါနဲ့တင် မလုံလောက်ဘူး၊ လူဟာ ဒါတွေရဲ့ အစေအပါးလည်း အဖြစ်မခံရဘူး၊ ကိုယ်ကသာ ဒါတွေကို ခိုင်းစေရမယ်၊ အသုံးချရမယ်၊ ဘဝမှာ တကယ်အောင်မြင်မှု ပေးမှာက ဒါတွေထက် ကြီးကျယ်တဲ့အရာ အဲဒါကစိတ်ဓာတ်၊ ကိုယ့်ကိုကိုယ် ယုံကြည်တဲ့စိတ် ဖြစ်ရမယ် အောင်မြင်ရမယ် ဘယ်အတိုင်းအတာ ရောက်ရမယ် ဘာတွေ ဘယ်အချိန် ပြီးစီးရမယ် စသဖြင့် စွဲမြဲယုံကြည်တတ်တဲ့စိတ်၊ အောင်မြင်မှုကို သွားမယ့်လမ်းကြောင်းပေါ် အကျိုးအကြောင်းသမားတွေ တင်လာတဲ့ "ဖြစ်နိုင် ပါ့မလား" ဆိုတဲ့ ခလုတ်ကန်သင်းတွေကို စွဲမြဲနိုင်မှာတဲ့ ယုံကြည်မှုစိတ်ဓာတ်နဲ့သာ ရှင်းလင်းဖယ်ရှားကျော်လွှားသွား နိုင်တယ်...၊ တကယ် အောင်မြင်ခဲ့တဲ့ လူတွေ ကြည့်လိုက်ရင် သူတို့မှာ အဲဒီယုံကြည်မှုစိတ်ဓာတ် သိပ်ကို ကြီးမား ခိုင်မာတယ် ဆိုတာတွေ့ရလိမ့်မယ်၊ ပတ်ဝန်းကျင် အခြေအနေဆိုတာတွေကြောင့် သူတို့နောက်တွန့်မသွားဘူး၊

သူလုပ်စရာရှိတာ သူ့ဘာသာ စွဲစွဲမြဲမြဲလုပ်တယ်၊ အဲဒါကြောင့်အောင်မြင်တယ်။ ချမ်းသာကြွယ်ဝတယ်၊ အများသူငါ အမြင်မှာ ခနဦးစွာ တွေ့ဟာ သူတို့ဆီကိုပဲ တမင်တကာ ရွှေ့လျားသွားနေကြသလား ထင်ရတယ်၊ အဲဒီတော့ သေသေချာချာ ပြန်စဉ်းစားကြည့်၊ ဒီလူတွေနဲ့ သူတို့အနီးအနားက တခြား လူတွေ။ ကျင်လည်ရတဲ့ ပတ်ဝန်းကျင်ချင်းဟာ အတူတူပဲ၊ အခက်အခဲလည်း တူမယ်၊ အခွင့်အရေးလည်းတူမယ်၊ အနေအထားချင်း အတူတူမှာ တို့ဘာကြောင့် ကြီးပွားသလဲ၊ စိတ်ဓာတ်ကြောင့်ပေါ့၊ သူတို့က ပတ်ဝန်းကျင် အနေအထားရဲ့ အဆီးအတားမခံဘူး၊ ဒီလိုပြောတဲ့အတွက ပတ်ဝန်းကျင်ဆိုတာ မရှိဘူး၊ အနေအထား အဆိုးအကောင်းဆိုတာ မရှိဘူးလို့ ဆိုလိုတာ မဟုတ်ဘူးနော်၊ တိုင်းပြည်စီးပွား အတက်အကျ နိုင်ငံတကာ စီးပွားအတက်အကျပေါ် မူတည်ပြီး ချမ်းသာဖို့လွယ်တဲ့အချိန် ခက်တဲ့အချိန်ဆိုတာတော့ ရှိတာပေါ့၊ ဒါပေမယ့် ဒါက ယေဘုယျပြောတာ၊ အများအတွက်ပြောတာ၊ ယုံကြည်မှု သမားတွက်ကတော့ အဲဒါဟာ ကိုယ်ဖန်တီးနိုင်တဲ့ကိစ္စ မဟုတ်လို့ အဲဒီအတွက် တွေးပူမနေဘူး၊ နောက်တွန့်မနေဘူး၊ အခြေအနေ ခက်ခဲရင်ပိုကြိုးစား၊ ပိုအားထုတ်၊ ဒါပဲ၊ တကယ် အောင်မြင်ခဲ့ကြသူတွေဟာ ဘာတွေ ဘယ်လောက်ခက်တယ်ပြောကြပြောကြ ငါကတော့ လုပ်ရင် အောင်မြင်ရမှာပဲလို့ ယုံကြည်ကြသူတွေချည်းပဲ၊ ဒီကနေ့ သန်းကြွယ်သူဌေးတွေ မေးကြည့် ၊ အမွေရလို့ ချမ်းသာတဲ့လူတော့ ထားပေါ့၊ ကိုယ်ဘာသာ ရှာဖွေပြီး ချမ်းသာတဲ့ လူမှန်သမျှ ငါတစ်နေ့ ချမ်းသာမယ်ဆိုတာ အစောကြီးကတည်းက ယုံကြည်ထားတဲ့ လူချည်းပဲ၊ အဲဒါကြောင့်လည်း တစ်ကယ်ချမ်းသာတာ"

ပါမောက္ခကြီးက သဘောတရားတွေ အားတက်သရော ပြောနေရာက လူငယ်ရှေ့ဘက်ရှိ စာရွက်ဆီ ပြန်လှည့်လာသည်။

"ကဲ၊ တို့ အလုပ် ပြန်စရအောင်၊ ငါမေးတာ ဖြေစမ်းပါ မင်း အခုရေးထားတဲ့ ၃ သောင်းဆိုတဲ့ ဂဏန်းဟာ မင်းခေါင်းထဲ ပထမဆုံး ပေါ်လာတဲ့ဂဏန်း မဟုတ်ဘူး မလား"

"မှန်ပါတယ်၊ မဟုတ်ပါဘူး"

"ဒါဖြင့် မင်း ပထမဆုံး စဉ်းစားမိတာ ဘာလဲ"

"အဲ့ဒါလည်း သေသေချာချာတော့ မမှတ်မိဘူး၊ ကျွန်တော် ခေါင်းထဲ ကိန်းဂဏန်းတွေ ရှုပ်ပါသွားတယ်"

"အဲ့ဒီထဲက တစ်ခုပြောကွာ"

" အဲ ငါးသောင်း...."

" ဘာလို့ အဲဒါမရေးသလဲ"

"မပြောတတ်ဘူး၊ ဘယ်လိုမှ အလှမ်းမမီနိုင်ဘူးဆိုပြီးပယ်ခဲ့တာ ဖြစ်မယ်"

" အလှမ်းမမီဘူးထင်နေသရွေ့တော့ တကယ်လည်း အလှမ်းမီလာမှာ မဟုတ်ဘူး၊ မင်းက အခု ၃သောင်းလေးနဲ့ စတာဆိုတော့ သန်းကြွယ်သူဌေး ဖြစ်တဲ့အထိကို အဝေးကြီးသွားရမယ်၊ ဒီထက်နည်းနည်း ထပ်မတိုးနိုင်ဘူးလား"

လူငယ် အတန်ကြာ စဉ်းစားနေသည်။ ထို့နောက် စာရွက်ပေါ်တွင် ဂဏန်းသစ်တစ်လုံးရေးသည်။ လေးသောင်း၊

"ကောင်းတယ်ကွာ၊ ငါဝမ်းသာတယ်" ပါမောက္ခကြီးက မဆိုင်မတွပင် အားပေးစကား ဆိုလိုက်သည်။

"စက္ကန့်ပိုင်းအတွင်းမှာ ဒေါ်လာတစ်သောင်းရသွားပြီ။ မင်းတော်တယ်"

"တကယ်ရောက်တာနဲ သဘောချင်းအတူတူပဲကွ၊ မင်းအနေနဲ့ ရောမခြေလှမ်းတစ်လှမ်း လှမ်းလိုက်နိုင်တာပဲ၊ ဒေါ်လာ ၃၀၀၀၀ ရှာနိုင်သူလို့ သတ်မှန်ယုံကြည်ထားရာကနေ ဒေါ်လာ ၄ သောင်းရှာနိုင်သူလို့ တစ်ဆင့်တိုးမြှင့်ယုံကြည်လိုက်တာ၊ အကြီးကျယ် ပြောင်းလဲ တိုးတက်မှုပဲကွ၊ ရောမမြို့ကြီးကို တစ်နေ့တည်း ဆောက်ပြီးခဲ့တာ မဟုတ်ဘူးဆိုတဲ့ စကားလိုပဲ၊ ဖြည်းဖြည်းပေါ့၊ မှန်မှန်တိုးတက်နေဖို့သာ အဓိက၊ ဒီလိုကွ၊ စောစောက ဉပမာ အတိုင်း ပြောရရင် လူတိုင်းရင်ထဲမှာ မြို့တစ်မြို့စီရှိတယ်၊ အမှတ်မထင် ရှိနေတာ၊ မင်းရင်ထဲမှာလည်းရှိတယ်၊ မင်းရဲ့ အနာဂတ်ဘဝဆိုတဲ့မြို့၊ တစ်နည်းပြောရရင် မင်းဘာသာ မြင်ယောင်ထားတဲ့ မင်းရဲ့ အနာဂတ်ရုပ်သွင်။ အဲဒီရုပ်သွင်ဟာ သို့မဟုတ် အဲဒီအနာဂတ်ဘဝမြို့ဟာ မင်းရည်မှန်း

ထားတဲ့ အတိုင်းအတာလောက်ပဲ ကြီးလည်း ကြီးနိုင်တယ်၊ သေးလည်းသေးနိုင်တယ်၊ စတုရန်းမိုင်တစ်ရာလား၊ စတုရန်းပေ တစ်ရာလား။ မင်းသတ်မှတ်တဲ့အတိုင်းဖြစ်တယ်။

မင်း အခုချရေးလိုက်တဲ့ ကိန်းဂဏန်းဟာ မင်းဘဝမြို့ကြီးရဲ့ နောက်တစ်နှစ်အကြာမှာ ရှိမယ့် အတိုင်းအတာပဲ။ အဲဒီကိန်းဂဏန်းကို တဖြည်းဖြည်းတိုးမြှင့်ရေးသွားနိုင်ရင် မင်းဘဝမြို့ကြီးတိုး တက်စည်ပင်လာမှာပဲ၊ ဒီကိန်းဂဏန်းဟာ မင်းရဲ့အကျယ်အဝန်းကိုပြသလို၊ ဒါဟာမင်းရဲ့ အကန့်အသတ်လို့လည်း ပြောလို့ရတယ်။ စတုရန်းပေတစ်ရာလို့ သတ်မှတ်ရည်မှန်းထားရင် တစ်ရာ့တစ်ပေဖြစ်မလာနိုင်ဘူး၊ တစ်ရာအောက်မှာပဲ ရှိနေမယ်၊ လူမှာရှိတဲ့ အကန့်အသတ်တွေထဲမှာ ကိုယ့်ကိုကိုယ် ကန့်သတ်မှုဟာ အင်အားအကြီးမားဆုံးပဲလို့ ပညာရှိတွေပြောဆိုလေ့ရှိတယ်။ ကိုယ့်စိတ်ထဲက စွဲမှတ်ယုံကြည်ထားတဲ့ အကန့်အသတ်ဘောင်ကို ဘယ်သူမှ မကျော်လွှားနိုင်ကြဘူး၊ အဲဒီတော့ အောင်မြင်ချင်တဲ့လူ ကိုယ့်ဘဝမြို့ကြီး ကြီးကျယ်စည်ကားစေချင်တဲ့လူဟာ ကိုယ့်စိတ်ထဲရှိတဲ့ အကန့်အသတ်ဘောင်ကို အရင်ဆုံး ချဲ့ထွင်ရတယ်၊ ဘောက်တွေကို ချိုးဖျက်၊ ဒီအကန့်အသတ်ထဲက ဖောက်ထွက်၊ အဲသလိုလုပ်ရတယ်၊ အဲဒီလိုလုပ်နိုင်ရင် မင်းဘဝဟာ မျက်လှည့်ပြလိုက်သလို ချက်ခြင်းလက်ငင်းပြောင်းလဲသွားလိမ့်မယ်၊ လုပ်ကြည့်ပါ၊ မုချပြောင်းလဲစေရမယ်လို့ ငါအလေးအနက် အာမခံတယ် ”

“ ဖောက်ထွက်ဆိုတာတော့ ဟုတ်ပါတယ်၊ ဆရာကြီး ပြောတာတွေက သိပ်ရှင်းသလိုနဲ့ ကျွန်တော် သေသေချာချာ မဆုပ်ကိုင်မိဘူးဖြစ်နေတယ်။ ကျွန်တော်စိတ်ထဲက အကန့်အသတ် တွေဆိုတာကို ကျွန်တော်ဘယ်လိုသိနိုင်မလဲ၊ ဘယ်လိုရှာမလဲ ”

“ အေးဟုတ်ပြီ၊ ငါအခုလုပ်ပေးနေတာ အဲဒါပဲ၊ မင်းကို ကိန်းဂဏန်းတစ်ခုရေးခိုင်းလိုက်တယ်၊ မင်းအဲ့ဒါကိုရေးချလိုက်တာနဲ့ တပြိုင်နက် မင်းဘာသာ မစဉ်းစား မမြင်ယောင်ဖူးတဲ့ ဒါမှမဟုတ် မင်းခေါင်းထဲမှာ ပိပိသသရှိမထားတဲ့ မင်းရဲ့အနာဂတ် ဘဝပုံရိပ်ဟာ တိတိကျကျ ဆုပ်ဆုပ်ကိုင်ကိုင်ပေါ်လာတာပဲ။ မင်းဟာ သုံးသောင်းရမယ့်လူ၊ မင်းဟာ လေးသောင်းရမယ့်လူ၊ အဲဒါ မင်းပုံရိပ်တွေ၊ တစ်ချိန်တည်းမှာ မင်းရဲ့အကန့်အသတ်တွေ၊ မင်းဟာ သုံးသောင်းတန်အောက်မှာရှိမယ်၊ လေးသောင်းတန်အောက်မှာရှိမယ်၊ အဲသလို၊ တကယ်လည်း အဲဒီအကန့်အသတ်ရဲ့အောက်မှာပဲ မင်းရှိသွားမယ်၊ လူအများစုဟာ ဒါကို သဘောမပေါက်ကြဘူး၊ စိတ်ထဲမှာရှိတဲ့ နိမ့်လွန်းတဲ့ အကန့်အသတ်ကြောင့် ငါတို့ဘဝတွေနိမ့်ပါး နေရပါကလားလို့ သဘောမပေါက်ကြဘူး၊ ဖောက်ထွက်ပစ်ဖို့ ဆိုတာဝေးရောပေါ့။ ဒါပေမယ့် ချမ်းသာသွားတဲ့လူတွေ အောင်မြင်သွားတဲ့လူတွေကတော့ ဒါကိုကောင်းကောင်းသဘော ပေါက်ကြတယ်၊ ကိုယ့်အတ္တပုံရိပ်ကို ကိုယ့်ဘာသာ မြှင့်တင်ရင်းကိုယ့်အနာဂတ်ဘဝ တိုးတက်နိုင်တာ သူတို့မြင်သွားကြတယ်၊ အဲဒီလို ကိုယ့်ကိုကိုယ် မြှင့်တင်တဲ့နေရာမှာ အလွယ်ကူဆုံးနည်းက စာရွက်လွတ်တစ်ခုယူပြီး ကိန်းဂဏန်းတွေ တဖြည်းဖြည်း တိုးတိုးပြီး ရေးချတဲ့နည်းပဲ၊ တကယ် ချမ်းသာမယ့်လူဟာ ကိုယ့်ကိုကိုယ် ချမ်းသာမယ်လို့ ယုံကြည်ရ တယ်ကွ၊ ကိုယ့်ကိုကိုယ် တစ်နေ့ သန်းကြွယ်သူဌေးဖြစ်မယ့်လူအဖြစ် ပိပိပြင်ပြင် မြင်ယောင်ထားရမယ်၊ ကိန်းဂဏန်းတွေတွက်ရဲချက်ရဲ ရည်မှန်းရဲရမယ်၊ မရည်မှန်းဘဲနဲ့တော့ ဘာဖြစ်လာမလဲ၊ ကဲ.... တို့လေ့ကျင့်ခန်း ပြန်စရအောင်၊ ဒီတစ်ခါစောစောကထက် ပိုကြီးတဲ့ ဂဏန်းရေးကွာ ”

လူငယ်ဘာပြန်ပြောရမှန်းမသိ။ အတန်ကြာ ချီတုံချတုန်လုပ်နေပြီးနောက် ခြောက်သောင်းဟူ၍ ရေးချလိုက်သည်။ အဲသည်နောက်၊ “ အဲဒါ ကျွန်တော်ရဖို့ မျှော်လင့်နိုင်တဲ့ အမြင့်မားဆုံး ကိန်းဂဏန်းပဲ ”

“ မင်းရဖို့ မျှော်လင့်တဲ့ အမြင့်မားဆုံးကိန်းဂဏန်းဆိုတာတော့ ဟုတ်ကောင်းဟုတ်မယ်၊ ဒါပေမယ့် မင်းတကယ်ရနိုင်တဲ့ အမြင့်ဆုံးကိန်းဂဏန်းတော့ လုံးဝမဟုတ်ဘူးကွ၊ ဘာကြောင့်လဲဆိုတော့ ဒီကိန်းဂဏန်းက အများကြီး နိမ့်နေသေးတယ်၊ ဒီငွေလောက်ကို အချို့လူတွေ တစ်လနဲ့ရကြတယ်၊ တချို့က တစ်ပတ်နဲ့ရကြတယ်၊ အချို့ကဆို တစ်နေ့နဲ့တောင်ရသေးတယ်၊ နေ့စဉ် အဲဒီလောက်စီ တစ်နှစ်လုံး ဆက်တိုက်ရနေတဲ့ လူတွေလည်း ရှိတယ်၊ ဘာပဲပြောပြော မင်းကို ချီးကျူးပါတယ်။ အံ့ဩလောက်အောင်ကို မင်းတိုး တက်သွားပြီ၊ မင်းရဲ့ စိတ်တွင် အကန့်အသတ်ကို အများကြီး တိုးချဲ့လိုက်နိုင်ပြီ၊ အခုဆိုရင်မင်းရဲ့ အနာဂတ်ဘဝပုံရိပ်ဟာ စောစောကထက်နှစ်ဆကြီးထွားသွားပြီ ငါလိုချင်တဲ့ အတိုင်းအတာလောက်အထိတော့ မရောက်သေးဘူးပေ့ါကွား၊ ဒါပေမယ့်ရပါတယ်၊ ငါအတင်းတွန်းမတင်ပါဘူး၊ ဒီလိုကွာ၊ မင်းမှာ ပထမဆုံး မင်းဦးတည်ရည်မှန်းတဲ့ကိန်းဂဏန်း တစ်ခုရှိရမယ်၊ ခပ်ရဲရဲမှန်းလိုက်တဲ့ကိန်းဂဏန်းပေ့ါကွာ၊ ဒါပေမယ့် လုံးဝမဖြစ်နိုင်တာတော့မဟုတ်ဘူးပေ့ါ၊ သိပ်မြင့်လွန်းရင် မင်းဘယ်ယုံကြည်မလဲ၊ ဒါပေမယ့် သိပ်နိမ့်နေရင်ကော ဘာအဓိပ္ပါယ်ရှိလဲ၊ ပန်းတိုင်ဆိုတာ ထိုက်ထိုက်တန်တန်တော့ မှန်းရမှာပေ့ါ၊ ကြီးကျယ်တန်သလောက် ကြီးကျယ်ရာပေ့ါ၊ ဒါပေမယ့် ကိုယ်အစွမ်းကုန်အားထုတ်ရင်ရောက်နိုင်တယ်လို့ ကိုယ့်ဘာသာ ယုံကြည်တဲ့

အတိုင်းအတာအတွင်းတော့ ရှိရမှာပေါ့။ ဒါပေမယ့် တစ်ချိန်တည်းမှာ ခပ်စောစောက ပြောခဲ့သလို ကိုယ့်စိတ်ထဲက အတိုင်းအတာ အကန့်အသတ်ဘောင်ကိုလည်း ဖောက်ပေးချဲ့ပေးသွားရမယ်၊ လက်ရှိ အကန့်အသတ်ဘောင်ကို ဖောက်ထွက်ပြီး ပန်းတိုင်တစ်ခုချတယ်၊ အဲဒီနောက် နောက်တစ်ဆင့် ဆက်ဆက်ပြီး ဘောင်တွေကိုဖောက်သွားချဲ့သွားနိုင်ဖို့လိုတယ်၊ ဒါမှ ဒီကနေ့ ဒီထက် ပိုမဖြစ်နိုင်ပါဘူးဆိုတဲ့ အကန့်အသတ်ဘောင်ထက် အဆမတန် ကျော်လွှားအောင်မြင်တဲ့အဆင့်ကို ရောက်မှာပေါ့၊ ....စိတ်ထဲက ဘောင်တွေကို စာရွက်ပေါ်မှာ ချရေးပြီး တစ်ဆင့်ပြီးတစ်ဆင့် ဖောက်ကြည့်ရင် တစ်နာရီလောက်အတွင်းမှာပဲ အံ့အားသင့်စရာတွေ မင်းတွေ့လာရလိမ့်မယ်၊ ဒီကပြီးရင် မင်းအခန်းထဲသွားပြီး တစ်ယောက်တည်း အေးအေးဆေးဆေး စဉ်းစား၊ မင်းရဲ့နေပန်းတိုင်ကိုဘယ်လို သွားမလဲဆိုတာ လမ်းကြောင်းချကြည့်၊ ပထမဆုံး နောက်ခြောက်နှစ်အကြာမှာ ငါ သန်းကြွယ်သူဌေး ဖြစ်ရမယ်ဆိုတာကို စာရွက်တစ်ရွက်ပေါ်မှာချရေး၊ ဒါဟာ နေ့ချင်းညချင်း ကြွယ်ဝချမ်းသာရေး အစီအစဉ်အတွက အရေးကြီးဆုံးလက်တွေ့ ဆောင်ရွက်ချက်တစ်ရပ်ပဲ၊ မင်စိတ်ထဲမှာ ခြောက်နှစ်ကြီးများတောင်ဆိုပြီး စိတ်မရှည်ချင်တာမျိုးဖြစ်ကောင်းဖြစ်လိမ့်မယ်၊ ဒါပေမယ့် ခြောက်နှစ်မှာ သေချာပေါက်ချမ်းသာရမယ်တိုတာ မင်းမြင်သွားပြီ ယုံကြည်သွားပြီဆိုရင် စိတ်မရှည်နိုင်စရာ မရှိတော့ဘူး၊ ငါဆိုရင် ငါ့အရင်အောင်မြင်ခံတဲ့ သန်းကြွယ်သူဌေးကြီးတစ်ယောက်ချေးတဲ့ ငွေတစ်သောင်းနဲ့ စခဲ့တာပဲ၊ ငါးနှစ်နဲ့ ကိုးလအကြာမှာ ပထမဆုံး ငွေတစ်သန်းစုမိတယ်၊ အဲ့ဒီနောက်မှာတော့ ငါအဲဒီပုံသေနည်းနဲ့ပဲ ငါ့ငွေတွေ ဆက်ဆက်ပြီး တိုးပွားအောင် လုပ်နိုင်ခဲ့တယ်၊ ဒီပုံသေနည်းက လူအတော် များများအဖို့တော့ ရယ်စရာပေါ့ကွာ၊ ဒါပေမယ့် အဲဒီရယ်တဲ့လူတွေ တစ်ယောက်မှ မချမ်းသာကြဘူးကွ"

လူငယ်ဘာမှ စကားမဆိုနိုင်။ သူ့မှာ မယုံတစ်ဝက်ယုံတစ်ဝက် အခက်ကြုံနေသည်။ ပါမောက္ခကြီး ပြောသမျှက ငြင်းရမှာ ခက်သလို လက်ခံဖို့လည်း မလွယ်ကူဖြစ်နေသည်။ ပါမောက္ခကြီးက ဆက်ပြောသည်။

" ဒီနည်းလမ်းက သန်းကြွယ်သူဌေး ဖြစ်ချင်သူတွေအတွက်ချည်း အသုံးဝင်တာမဟုတ်ဘူး၊ လူတိုင်းက ချမ်းသာဖို့ တစ်ခုတည်းအာရုံဝင်နေကြတာမှ မဟုတ်ဘဲ၊ ဒီနည်းဟာ အခြားရည်မှန်းချက်တွေ တခြား အိမ်မက်တွေ အကောင်အထည် ဖော်ဖို့အတွက်လည်း အသုံးဝင်တယ်၊ ငွေကြေးကိစ္စမှာ ဆိုရင်လည်း သန်းကြွယ်ဖို့အထိမဟုတ် တစ်နှစ်မှာ အခုထက်ဘယ်လောက်ပဲ တိုးလိုချင်ပါတယ်ဆိုတဲ့ လူမျိုးအတွက်လည်း အသုံးချလို့ရတယ်၊ ဆိုပါတော့ ဒီနှစ်အပိုဝင်ငွေ ဒေါ်လာ ၅၀၀၀ လိုချင်တယ်၊ နောက်နှစ်ကျတော့ ၁၀၀၀၀ လိုချင်တယ်ဆိုတာမျိုးအတွက်လည်း ဖြစ်တယ်....၊ ဒါပေမယ့် ထားပါတော့၊ မင်းက သေးသေးမွှားမွှား ရည်မှန်းချက်လောက်နဲ့ ငါ့ဆီရောက်လာတာမှ မဟုတ်တာ၊ အဲဒီတော့ ငါအခု နှင်းဆီပင်တွေသွားကြည့်မယ်၊ မင်းက မင်းအခန်းထဲပြန်ပြီး အလုပ်လုပ်၊ ငါပြောတဲ့အတိုင်း နောက်ခြောက်နှစ်အကြာမှာ ငါသန်းကြွယ်သူဌေးဖြစ်ရမယ် ဆိုတဲ့စာသားကိုချရေး၊ ပြီးတော့ နေ့စွဲပါတိတိကျကျရေး၊ ပြီးရင် အဲဒီစာသားနဲ့ ပတ်သက်ပြီး အလေးအနက်ဆင်ခြင်၊ မင်းခေါင်းထဲပေါ်လာတဲ့ထူးခြားတဲ့ အချက်အလက်မှန်သမျှကိုလည်း စာရွက်ပေါ်မှာ ချရေး၊ အံဆွဲထဲမှာ စက္ကူတွေရှိတယ်၊ လိုသလောက်ယူသုံးရေး၊ အရေးကြီးဆုံးက မင်းခေါင်းထဲမှာ ငါ သန်းကြွယ်သူဌေးဖြစ်ရမယ့်၊ ခြောက်နှစ်အကြာမှာ ငါသန်းကြွယ် သူဌေး ဖြစ်ရမယ်ဆိုတဲ့အချက် စွဲမြဲနေဖို့ပဲ၊ အဲဒီစိတ်အစွဲကို ခေါင်းထဲမြဲနေအောင်ထားပြီး စဉ်းစားပေတော့"

*****

"ချမ်းသာချင်တဲ့လူမှာ ချမ်းသာချင်တဲ့ဆန္ဒဟာ အမြဲ ထက်ထက်သန်သန် ပြင်းပြင်းပြပြ ရှိနေရမယ်၊ ဝိုးတိုးဝါးတား တစ်ခါတစ်ရံရှိလို့မရဘူး၊ ........ ဘဝမှာ လူတွေ လိုလားတဲ့ ဘယ်အရာဖြစ်ဖြစ် တကယ် ထက်ထက် သန်သန် လိုချင်တမ်းတမှု ရှိမှ တကယ်ရတာ ထုံးစံပဲ"

**အခန်း (၈)**

**စကားလုံးများ၏ စွမ်းအား**

တစ်နာရီခန့် ကြာသည့်အခါ လူငယ်အခန်းသို့ ဘဏ္ဍာစိုးကြီးရောက်လာသည်။ လူငယ်က ငွေကြေးကိန်းဂဏန်းတွေနှင့် နပန်းလုံးနေရသဖြင့် အချိန်ကုန်၍ကုန်မှန်း မသိလိုက်။

ဘဏ္ဍာစိုးကြီးက ပန်းခြံထဲတွင် ပါမောက္ခကြီးစောင့်နေကြောင်း သူ့ကို ခေါ်လွှတ်လိုက်ကြောင်း၊ ပြောပြီး ပန်းခြံသို့ သူနှင့်အတူ လိုက်ပါလာသည်။

ပါမောက္ခကြီးက ခုံတန်းလျားတစ်ခုတွင် ထိုင်ကာ လောလောလတ်လတ်ဖြတ်ယူလာခဲ့သည့် နှင်းဆီပန်း တစ်ပွင့်ကိုကြည့်ရှုနေသည်။

လူငယ် အနားရောက်လာတော့ သူမော့ကြည့်သည် သူ့မျက်နှာမှာ အပြုံးရိပ်သန်းနေသည်။

" ကဲ ဘယ်လိုလဲ၊ ဦးနောက်လေ့ကျင့်ခန်းလုပ်ရတာ အဆင်ပြေရဲ့လား"

" ဟုတ်ကဲ့ခင်ဗျ၊ ဒါပေမယ့် ကျွန်တော်မေးစရာအများကြီးရှိလာတယ်"

" ဟုတ်တာပေါ့၊ ဒါကြောင့်လဲ ငါဒီမှာ အဆင်သင့်စောင့်နေတာ" ဆိုပြီး လူငယ်အား သူ့နဘေးတွင် ထိုင်ခိုင်းသည်။

" ကျွန်တော်အတွက် အခက်ဆုံးအချက်က စာရွက်ပေါ်မှာ ကျွန်တော် ချမ်းသာရမယ်လို့ ချရေးပြီး အဲဒါကို ဆီမန်မန်းသလို အကြိမ်ကြိမ် ရွတ်ရုံ စိတ်ထဲက ထပ်တလဲလဲပွားများရုံနဲ့ ခြောက်နှစ်အကြာမှာ ကျွန်တော် ချမ်းသာလာမယ်ဆိုတာ လက်ခံလို့မရနိုင်တာပဲ၊ ချမ်းသာချင်တဲ့လူဟာ ကိုယ့်ကိုကိုယ် ချမ်းသာမယ့် လူလို့ ကြည့်ရမယ်တဲ့၊ ဆရာကြီးကဆိုတယ်၊ ကျွန်တော်ဒေါ်လာ တစ်သန်းချမ်းသာမယ်လို့ ကျွန်တော့်ကိုယ်ကျွန်တော် ယုံနိုင်းလို့မရဖြစ်နေတယ်၊ အဲ့ဒါ ဘယ်လိုလုပ်ရမလဲ၊ ကျွန်တော် ဘယ်လုပ်ငန်းလုပ်ရမလဲ ဆိုတာလည်း စဉ်းစားလို့မရ သေးဘူး၊ ပြီးတော့ ကျွန်တော့်စိတ်ထဲမယ် သန်းကြွယ်သူဌေး ဖြစ်ဖို့ အသက်ငယ်သေးတယ်လို့လည်း ထင်နေတယ် "

" အဲဒါတော့ ထည့်မတွက်နဲ့လေကွာ၊ မင်းထက်အများကြီး ငယ်တဲ့အရွယ်မှာတောင် သန်းကြွယ်သူဌေး ဖြစ်ကြသူတွေ အများကြီးရှိတာပဲ၊ အသက်အရွယ်က အတားအဆီးတစ်ခု မဟုတ်ပါဘူး၊ နည်းလမ်း မသိတာရယ်၊ သိပြီးတဲ့နောက်လက်တွေ့ အကောင်အထည်မဖော်တာရယ်သာ အတားအဆီးပါ"

" ကျွန်တော်ကတော့ လက်တွေ့လုပ်ဖို့ ဝန်လေးတဲ့လူ မဟုတ်ပါဘူး၊ ဒါပေမယ့် ခက်နေတာက စောစောက ပြောတဲ့အတိုင်း ကိုယ့်ကိုကိုယ် သန်းကြွယ်သူဌေး ဖြစ်မယ်လို့ ယုံကြည်နိုင်းလို့မရဖြစ်နေတာ "

" ဒီအတွက် လုပ်ဖို့နည်းလမ်းက တစ်ခုပဲ ရှိတယ်၊ မင်းကိုယ်မင်း သန်းကြွယ်သူဌေး မဖြစ်နိုင်ဘူးလို့ ဘယ်နည်းနဲ့ ယုံကြည်လာခဲ့သလဲ၊ ကိုယ့်ကိုကိုယ် ဘယ်လိုယုံကြည်ခိုင်းလာခဲ့သလဲ အဲဒီမဖြစ်နိုင်ဘူးလို့ ယုံကြည်ခိုင်းလာခဲ့တဲ့နည်းစဉ်အတိုင်း အခုအချိန်ကစပြီး ဖြစ်နိုင်တယ်လို့ ပြောင်းလဲယုံကြည်ခိုင်းရမယ်ကွ၊ နောက်ရက်တွေ နောက်အပတ်တွေအတွင်းမှာ နေ့စဉ်နေ့တိုင်း အကြိမ်ကြိမ် ကိုယ်ကိုကိုယ်ပြော၊ ဖြစ်နိုင်တယ်.. ဖြစ်နိုင်တယ်.... ဖြစ်နိုင်တယ်.....၊ ဖြစ်ရမယ်... ဖြစ်ရမယ်...ဖြစ်ရယ်၊ အဲ့သလို။ နှစ်ပေါင်းများစွာ စွဲလာတဲ့ မဖြစ်နိုင်ဘူးဆိုတဲ့ အစွဲကို နေ့ချင်းညချင်းတော့ ဘယ်ဖျောက်လို့ ရနိုင်ပါ့မလဲ၊ သို့သော် အကြာကြီးလဲ မကြိုးစားရပါဘူး၊ ပျောက်ပါတယ်၊ ဘယ်ဆေးနည်းနဲ့ပျောက်နိုင်သလဲ ဆိုတော့ သူနဲ့ ဆန့်ကျင်ဘက် စကားလုံးတွေ အာရုံပုံရိပ်တွေနဲ့ အစားထိုးပေးတဲ့နည်း။

စကားလုံးဆိုတာ ကိုယ့်အတွေး ကိုယ့်ယုံကြည်ချက်ကို အဓိပ္ပာယ် ထင်ရှားအောင်ပြတဲ့အရာပဲ၊ အာရုံပုံရိပ် ဆိုတာလဲဒါပဲ။ ငါသန်းကြွယ်သူဌေး ဖြစ်ရမယ်လို့ စကာလုံးအားဖြင့် ကိုယ့်ကိုကိုယ်ပြောနေတဲ့ တချိန်တည်းမှာ ကိုယ့်ကိုကိုယ် သန်းကြွယ်သူဌေးတစ်ယောက်အဖြစ် ကိုယ့်အာရုံပုံရိပ်ထင်နေရမယ်၊ လူတစ်ယောက်ရဲ့ အတွေးတွေအာရုံပုံရိပ်တွေဟာ အဲ့ဒီလူရဲ့ အနာဂတ်ဘဝကို ပြဌာန်းတာ ထုံးစံပဲ၊ အတွေးတွေက ဝိုးတိုးဝါးတား ပုံရိပ်တွေက မပြတ်မသား ဆိုရင်တော့ အနာဂတ်ဟာ မရေရာဘူးပေါ့၊ အဲ့ဒါ စိတ်ဓာတ်ပျော့တဲ့ လူတွေမှာ ဖြစ်တာ၊ စိတ်ဓာတ်ကြံ့ခိုင်တည်ကြည်တဲ့ လူကျတော့ အတွေးတွေက တစ်နေရာတည်းမှာစွဲမြဲတယ်၊ ပုံရိပ်တွေကလည်း ပြတ်သားကြည်လင်တယ်၊ ဒီလူမျိုးရဲ့ အနာဂတ်ဟာ သူ့အတွေးနဲ့ ပုံရိပ်တွေအတိုင်း တိတိကျကျပီပီပြင်ပြင်ဖြစ်လာတယ်၊ ဒါကြောင့်မို့ ရှေးဂရိပညာရှိကြီး ဟောရာကလိုက်တပ်စ်က စိတ်ဓါတ်နဲ့ အနာဂတ်ဟာ တစ်ထပ်တည်းကျတယ်လို့ ပြောခဲ့တာပဲ။ လူတစ်ယောက်ရဲ့ခေါင်းထဲမှာ အတွေးပုံရိပ်တွေစွဲမြဲဖို့ ဒါမှမဟုတ် တစ်ချောင်းတည်းသော စိတ်ဆိုတာမျိုးရှိဖို့ အတွက် လိုအပ်တဲ့အရာ တစ်ခုကတော့ ထက်သန်ပြင်းပြသော အလိုဆန္ဒပဲ၊ အလိုဆန္ဒထက်သန်ပြင်းပြလေ ခေါင်းထဲမှာ အတွေးပုံရိပ်တွေထင်ရှားပီပြင်လေ လက်တွေ့ဘဝမှာ အဲဒီအရာတွေ ပိုပြီး လျင်လျင်မြန်မြန် ဖြစ်လေပဲ၊ ချမ်းသာချင်တဲ့လူမှာ ချမ်းသာချင်တဲ့စိတ်ဆန္ဒဟာ အမြဲထက်ထက်သန်သန်ပြင်းပြင်းပြပြရှိနေရမယ်၊ ဝိုးတိုးဝါးတား တစ်ခါတစ်ရံ ရှိလို့မရဘူး၊ ချမ်းသာမှုမှာသာ မဟုတ်ဘူး၊ ဘဝမှာ လူတွေ လိုလားတဲ့ ဘယ်အရာဖြစ်ဖြစ် တကယ်ရိုရိုးသားသား စွဲစွဲ လန်းလန်းထက်ထက်သန်သန် လိုချင်တမ်းတမှုရှိမှ တကယ် ရတာ ထုံးစံပဲ "

" ကျွန်တော်လဲ ချမ်းသာဖို့ကိုတော့ တကယ်ထက်ထက်သန်သန် လိုချင်တမ်းတတာပါ၊ ဒီအတွက် ကြိုးလည်း ကြိုးစားခဲ့တာပဲ၊ ဘာမှသာ ဖြစ်မလာတာ "

" တကယ် ထက်သန်ပြင်းပြတဲ့ စိတ်ဆန္ဒဆိုတာ ချမ်းသာဖို့အတွက် အခြေခံလိုအပ်ချက်တစ်ခု ဖြစ်တာမှန်တယ်၊ ဒါပေမယ့် သူချည်းပဲ မလုံလောက်သေးဘူး၊ မင်းမှာ ချို့တဲ့နေတာက `ယုံကြည်စိတ်´၊ မင်း တစ်နေ့ သန်းကြွယ်သူဌေးဖြစ်ရမယ်ဆိုတာ မင်းစိတ်ထဲ တကယ်စွဲလန်းယုံကြည်နေဖို့လိုတယ် "

" အဲဒီယုံကြည်စိတ် ကျွန်တော် ဘယ်လိုရနိုင်မလဲ"

" အဲဒီယုံကြည်စိတ်ရနိုင်တဲ့နည်းက ငါစောစောက နည်းနည်းပြောခဲ့ပြီ၊ စကားလုံးတွေကို အကြိမ်ကြိမ် အထပ်ထပ် ရွတ်ဖတ်တဲ့နည်းပဲကွ၊ ဒါစာအုပ်စာတမ်း ကျမ်းဂန်အမြောက်အမြားက ဆိုခဲ့တာ၊ ငါ့ကို ချမ်းသာဖို့နည်းလမ်းပြခဲ့တဲ့ ငါ့ဆရာကိုယ်တိုင်လည်း သွန်သင်ခဲ့တာ၊ စကားလုံးတွေ အကြိမ်ကြိမ်အထပ်ထပ် ရွတ်ပါ၊ စကားလုံးတွေဟာ ငါတို့ရဲ့ အတွင်းဘဝ အပြင်ဘဝ နှစ်ခုလုံးပေါ်မှာ အလွန်ထူးခြား ဆန်းကြယ်တဲ့ ဩဇာသက်ရောက်မှုတွေရှိတယ်၊ စကားလုံးတွေဟာ တကယ့်ကို စွမ်းအားကြီးမားတဲ့ တန်ခိုးရှင်တွေ"

" ကျွန်တော်ဆရာကြီးစကားကို မငြင်းချင်ပါဘူး " လူငယ်ကဆိုသည်။ " ဒါပေမယ့် တကယ်ဖြစ်နိုင်တာ ထက် သိပ်များလွန်းနေသလားလို့ ကျွန်တော်တွေးမိတယ်၊ ကျွန်တော့်ကို သန်းကြွယ်သူဌေးဖြစ်အောင် စကားလုံးတွေက ဘယ်လို စွမ်းဆောင်ပေးနိုင်မလဲ ကျွန်တော် လုံးဝစဉ်းစားလို့မရဘူး၊ စကားလုံးတွေမှာ သူ့တန်ဖိုးနဲ့သူရှိတာ ကျွန်တော် လက်ခံပါတယ်၊ ဒါပေမယ့် သူ့အတိုင်းအတာနဲ့သူ အသင့်အတင့်ပဲရှိမှာပေါ့ "

" လူငယ် ငြင်းဆိုချက်ကို ပါမောက္ခကြီး မည်သို့မျှ တုံ့ပြန်မှုမပြု။ သူ့အတွေထဲသူ နစ်မြုပ်နေဟန် ငေးမောနေသည်။ သည် နောက်မှ သူ စကားတစ်ခွန်းဆိုသည်။ "

" မင်းအခန်းထဲက စားပွဲအံဆွဲမှာ ငါ ရေးစာအုပ်ကလေးတစ်အုပ် ထည့်ထားတာရှိတယ်၊ ငါပြောနေတဲ့ သဘောတရားကို စိတ်ဝင်စားစရာ ရှင်းလင်းပြထားတဲ့ စာအုပ်ကလေး၊ မင်းအဲ့ဒါသွားရာကွာ၊ ဖွင့်ဖတ်ကြည့်၊ တိုတိုလေးပဲ၊ ဖတ်ပြီးပြန်ဆင်းလာခဲ့၊ ပြီးတော့မှ တို့ဆက်ဆွေးနွေးကြတာပေါ့၊ အခန်းတံခါးပိတ်ပြီး လွတ်လွတ်လပ်လပ် သေသေချာချာဖတ် "

လူငယ် ထသွားသည်။ အခန်းထဲရောက်တော့ တံခါးပိတ်သည်။ စားပွဲအံဆွဲထဲမှာ စာအုပ် လိုက်ရှာသည်။ ဘာစာအုပ်မှ မတွေ့ရ။ သို့သော် စာတစ်စောင်တော့ တွေ့သည်။ စာအိတ်ပေါ်မှာ သူ့နာမည်ရေး မထားသော်လည်း သူ့အတွက်လို့ပဲ ယူဆစရာ စာတန်းတစ်ခု ထင်ထင်ရှားရှား ရေးထိုးထားသည်။

" လူငယ်သန်းကြွယ်သူဌေး တစ်ဦးသို့ " တဲ့။

စာအိတ်ကို သူဖွင့်လိုက်သည်။ အထဲမှာ စာတစ်ရွက်။ စာရွက်ပေါ်မှာ ....

" အပြီးအပိုင် နှုတ်ဆက်လိုက်ပါတယ် " ဟူ၍စာတိုတစ်ကြောင်းသာ ရေးသားထားသည်။ ၎င်းအောက်တွင်တော့ ရေးသူ၏ အမည်ကိုဖော်ပြထားသည်။ " ခနပညာပါမောက္ခ " တဲ့။

လူငယ်ရင်ထဲ တဒိန်းဒိန်းခုန်သွားသည်။ ဘာသဘောလဲ၊ သူလန့်လာသည်။ အဲ့သည့်ချိန် အသံတစ်ခု ကြားရသည်။ လှည့်ကြည့်လိုက်တော့ အခန်းထဲမှာ ကွန်ပျူတာတစ်လုံး ဘယ်အချိန်ကမှန်းမသိ ရောက်နေတာ သွားတွေ့ရသည်။ သူ့အပြင်ထွက်နေတုန်း တစ်ယောက်ယောက် လာထည့်ထားတာဖြစ်လိမ့်မည်။ ပရင်တာမှ စာတစ်ရွက်ထွက်လာသည်။ သူအပြေးအလွှားသွားပြီး ဖတ်ကြည့်တော့ စာတစ်ကြောင်းတည်းကို အထပ်ထပ်ရိုက်နှိပ်ထားတာ တွေ့ရသည်။

နောက်ထပ်တစ်နာရီပဲ မင်းနေရတော့မယ်၊

နောက်ထပ်တစ်နာရီပဲ မင်းနေရတော့မယ်၊

နောက်ထပ်တစ်နာရီပဲ မင်းနေရတော့မယ်၊

နောက်ထပ်တစ်နာရီပဲ မင်းနေရတော့မယ်၊

နောက်ထပ်တစ်နာရီပဲ မင်းနေရတော့မယ်၊

ဒါနောက်တာလား။ တကယ်က မနောက်ကောင်းတဲ့ကိစ္စပဲ။ ဘာပဲပြောပြော နောက်တာပဲ ဖြစ်စရာရှိသည်။ ပါမောက္ခကြီးက ဘာကြောင့် သူ့ကို သေစေချင်ရမှာလဲ။ သူ့ကိုလည်း ကိုယ်က ဘာပြဿနာမှ

မဟုတ်တာ မလုပ်မိပဲ။ ဒါပေမယ့် မပြောနိုင်။ သည်နေရာက တခြားနေရာနှင့်မတူ၊ သဘာဝမကျ၊ ထူးခြား ဆန်းကြယ်လွန်နေသည်။ ပါမောက္ခကြီး ကြည့်ရတာ အပေါ်ယံက နူးညံ့သိပ်မွေ့သလောက် အတွင်စိတ်က ဖောက်ပြန်ရူးသွပ်နေသလား။ သည်သူဌေးကြီးသည် စိတ်ရောဂါသည်ကြီးလား။

လူငယ့်ရင်ထဲ အကြီးအကျယ် ယောက်ယက်ခတ်လာသည်။ နောက်တာလား ဘာလား၊ မသေချာ။ သို့သော် ဘာပဲဖြစ်ဖြစ် ကိုယ့်အသက်အန္တရာယ်မဖြစ်ဖို့တော့ အရေးကြီးသည်။ ခပ်ပေါ့ပေါ့ သဘောထားလျှင် ကိုယ် ဒုက္ခများသွားနိုင်သည်။ သည်နေရာက အမြန်ဆုံး ထွက်သွားတာအကောင်းဆုံးပဲဟု သူတွေးသည်။ ချက်လက်မှတ်တွေ လျှို့ဝှက်နည်းစဉ် ဆိုတာတွေ စဉ်းစားမနေနှင့်....။

သူ စာရွက်ကိုပစ်ချကာ တံခါးဆီသို့ ပြေးသည်။ သို့သော် တံခါးက အပြင်မှ အကျအန ပိတ်သွားပြီ။ သူအကြီးအကျယ် တုန်လှုပ်ချောက်ချားသွားသည်။ လက်ကိုင်ဘုကို တအားလှည့်သည်၊ အတင်းတွန်းဖွင့်ရန် သူကြိုးစားသည်။ မရ။ ဟာင့်ါကို တကယ်အပြတ်လုပ်ပြီဟု သူ တွေးကာ ဆောက်တည်ရာမရ ဖြစ်သွားသည်။ ပြတင်းပေါက်ဆီ ဂမူးရှူးတိုးပြေးသွားကာ အပြင်လှမ်းကြည့်တော့ ပါမောက္ခကြီးကို ပန်းခြံထဲမှာမြင်ရသည်။ သူ အကျိုးအကြောင်းတွေ စဉ်းစားမနေနိုင်ဘဲ သံကုန်ဟစ်အော်သည်။ အဘိုးကြီးလှည့်မကြည့်။ ပို၍ကျယ်ကျယ် အော်သည်။ အကြောင်းမထူး။ အဘိုးကြီးက လုံးဝနားမကြားသည့်ဟန်။ သူနှင့် စကားပြောတုန်းက အကောင်းပဲ၊ နားလေတာတော့ဘယ်နည်းနှင့် မဖြစ်နိုင်၊ တမင် မကြားချင်ယောင်ဆောင်နေတာ သေချာသည်။ သည်အခိုက် ဘဏ္ဍာစိုးကြီး အိမ်ထဲမှထွက်ကာ ပန်းခြံထဲ လျှောက်သွားတာ သူမြင်ရသည်။ ဘဏ္ဍာစိုးကြီးကို အသည်းအသန် သူလှမ်းခေါ်သည်။ ဘဏ္ဍာစိုးကြီးက လုံးဝ ထူးခြားမသွား။ သူ့အသံကို တစိုးတစိမျှ မကြားလေဟန်။

ငါထမင်းလုံးတစ္ဆေခြောက်တဲ့ အိမ်မက်များမက်နေသလား သူ ကယောင်ကတမ်း တွေးမိသည်။ သို့သော်အိမ်မက် မဟုတ်၊ တကယ်ဖြစ်နေတာသေချာသည်။

သူ ထပ်ခေါ်သည်။ သို့သော် ဘယ်သူမျှမကြား၊ သည်နှစ်ယောက်လုံး နားပင်းနေတာတော့ မဖြစ်နိုင်။ ဘာဖြစ်နေတာလဲ၊ သူထပ်အော်သည်။ နောက်ထပ် အိမ်စေတစ်ယောက်ပန် ခြံထဲ ထွက်လာသည်။ သို့သော် သည်လူလည်း သူ သည်လောက် ကယ်ပါ ယူပါ တစာစာ အော်နေတာကို လုံးဝမကြား။ သူ အကြီးအကျယ် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်လာသည်။ တကယ် သွေးအေးအေးနှင့် ရက်စက်မည့် လူသတ်သမား များကြားကို သူ့ဘာသာ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့ခြင်းပဲ။

အရင်တစ်ကြိမ်တုန်းကလိုပင် ပြတင်းပေါက်က ခုန်ချရမလား သူ ကြံစည်ပြန်သည်။ သို့သော် အရင်တစ်ကြိမ်အတိုင်းပင် သူလက်လျှော့လိုက်သည်။ ခုန်ချလျှင် ချက်ချင်း လက်ငင်းသေမှာ မုချ။ ရုတ်တရက် အခန်းထဲမှာ တယ်လီဖုန်းတစ်လုံး ရှိနေတာ သူ သွားတွေ့သည်။ မိုက်လိုက်တဲ့အကောင်၊ စောစောက ဘာကြောင့် မမြင်ရသလဲ။ တယ်လီဖုန်းကို သူကောက်ကိုင်သည်။ ဘယ်ဖက်ရမလဲ၊ အနီးဆုံးရဲစခန်းပေါ့၊ သို့သော် နံပါတ်မသိ။ အော်ပရေတာကို သူခေါ်သည်။ အော်ပရေတာက ချက်ချင်းတုံ့ပြန်သည်။ သို့သော် အမျိုးသမီးအသံက တမျိုး၊ ကြားနေကျ အော်ပရေတာအသံမျိုးမဟုတ်။ သို့သော် စဉ်းစားမနေနိုင်၊ အနီးဆုံး ရဲစခန်းနံပါတ်တောင်းလိုက်သည်။ အမျိုးသမီးက နံပါတ်တစ်ခု ပေးသည်။ အဲသည်နံပါတ် သူ ချက်ချင်း ကောက်လှည့်သည်။ မရ။ အင်ဂေ့ချ်ဖြစ်နေသည်။ နောက်တစ်ကြိမ် ဆက်လှည့်သည်။ အင်ဂေ့ချ်။ ပြဿနာ။ သည်နေ့ကတော့ သူ့အတွက် အကယ့်ကို ကံဆိုးမိုးမှောင်ကျတဲ့နေ့ပဲ။ သူ နောက်တစ်ကြိမ်ဆက်လှည့်သည်။ သို့သော် အဲသည်အချိန်မှာပင် သူလှည့်နေသောနံပါတ်ကို သူ့ရှေ့မှာသွားမြင်သည်။ စာရွက်ပေါ်မှာ သူရေးခဲ့ခြင်း မဟုတ်၊ သူ လှည့်နေသည့် တယ်လီဖုန်းပေါ်မှာပင် ရေးထိုးထားခြင်းဖြစ်သည်။ ကိုယ့်ဖုန်း ကိုယ်လှည့်နေမိတာပဲ။ သူ အကြီးအကျယ် ဒေါသထွက်သွားသည်။ ငါ့ကို ရေရေလည်လည် နပ်နေတာပဲ။

တံခါးကို ဆောင့်ကန်ပြီးထွက်ရန်သူ ကြိုးစားသည်။ သို့သော် တံခါးက လုံးဝမဖြို။ ပြတင်းပေါက်ဆီသို့ ပြန်ပြေးသွားသည်။ အဲသည်မှာ လူတစ်ယောက်ကို သွားမြင်သည်။ အိမ်ဆီသို့ လာနေသူ တစ်ယောက်။ ဝတ်ရုံအနက်ကြီးတစ်ထည်ဝတ်ထားသည်။ ဦးထုပ်ပြားကြီးတစ်လုံး ဒိုက်၍ဆောင်ထားသည်။ လူသတ်သမား၊ ကြေးစားလူသတ်သမားပဲ။ သူ့နှလုံးက လည်ချောင်းထဲ လာဆို့သည်။ သူ သေတော့မည်။ ထောင်ချောက်ထဲ မိထားသည့်ကြွက်တစ်ကောင်းလို သူ့တို့စီရင်သမျှ ခံရတော့မည်။ ထွက်ပေါက်မရှိတော့။ ခဏကြာလျှင် သူ့ အခန်းဆီသို့ လာနေသည့် ခြေသံကို ကြားရသည်။ သွားပြီ။ ဘယ်ကိုမှ ပြေး၍မရတော့။ သို့သော် နောက်ဆုံးအချိန်မှာတော့ ဖြစ်သည့်နည်းနှင့် ခုခံရုန်းကန်ရန်သူ ကြံစည်မိသည်။ တံခါးမှ အသာနောက်ဆုတ်၍ ခွာသည်။ ဘေးဘီမှာ ခုခံစရာ ဘာလက်နက်ရှိသလဲ လိုက်ကြည့်သည်။ မည်မည်ရရမတွေ့။ သော့ပေါက်ထဲ သော့တံထိုးထည့်တာသူ ကြားရသည်။ လက်ကိုင်ဘု လည်သွားသည်။ ထိုနောက် တံခါးပွင့်လာသည်။

အနက်ရောင်ဝတ်ရုံကို ရိပ်ကနဲ မြင်ရသည်။ ပြီး လူတစ်ကိုယ်လုံး ပေါ်လာသည်။ စကားတစ်ခွန်းမျှ မပြောဘဲ တံခါးဝမှာပင် ရုပ်တုတစ်ခုလို ငြိမ်၍ ရပ်နေသည်။ ထို့နောက်မှာ ရုတ်တရက် ညာဘက်အိတ်ထဲ လက်ထိုးနှိုက်သည်။ ဘာလက်နက်လဲ၊ သေနတ်လား။ ဓားလား။ လူငယ် ကြက်သေသေလျက် ကြည့်နေမိသည်။ သို့သော် အိတ်ထဲက ပြန်ထွက်လာတော့ လက်နက်မပါ၊ စာတစ်စောင်သာ ပါလာသည်။ သည်အခိုက်မှာပင် လူစိမ်းက သူ့ဦးထုပ်ကြီးကို အပေါ်နည်းနည်း ပင့်တင်လိုက်သည်။ ဘယ်လိုမျက်နှာမျိုး မြင်ရမလဲဟု တုန်ရီစိုးရွံ့စွာ လှမ်းကြည့်သည့်အခါ၌မှ လှောင်သလို ပြုံးသလိုနှင့် သူ့ကို ကြည့်နေသည့် ပါမောက္ခအဘိုးအို၏ မျက်နှာကို မြင်ရလေသည်။

" ပန်းခြံထဲမှာ မင်းစာမေ့ကျန်ခဲ့တယ်။ ရော့ " အဘိုးအိုက ပေးပြီး၊ " ငါပြောတဲ့ စာအုပ်ကလေးတွေ သလား"ဟု မေးသည်။

" ဟင့်အင်း၊ မတွေ့ဘူး၊ ဟောဒါပဲ တွေ့တယ်" လူငယ်က ပြန်ဖြေသည်။ ယခုအချိန်မှာတော့ သူက တုန်လှုပ်ချောက်ချားတာတွေ ပျောက်သွားပြီ။ သူက ကြမ်းပြင်ပေါ်သို့ ပစ်ချထားခဲ့သည့် စာအိတ်ကို ကောက်ယူလိုက်ပြီး အဘိုးကြီးကို လေသံ တင်းတင်းနှင့်ပြန်မေးသည်။ " ခင်ဗျားကျွန်တော့်ကို တမင်တကာ အကွက်ဆင်ပြီး အလန့်တကြားဖြစ်အောင် လုပ်တာမဟုတ်လား၊ ဒါတရားစွဲလို့ရတယ်ဗျ၊ ကျွန်တော် မတော်တဆ တစ်ခုခုဖြစ်သွားနိုင်တယ်....."

" ဟာ စကားလုံးလေး တစ်လုံးနှစ်လုံးကိစ္စကို မင်းက ဒီလာက် ရေးကြီးခွင်ကျယ်လုပ်ရသလား၊ စားလေးငါးလုံးရေးထားတဲ့ စက္ကူစုတ်ကလေးကိုင်ပြီး မင်းငါ့ကို တရားရုံးခေါ်သွားမလို့လား၊ ငါက စကားလုံး တွေမှာ တန်ခိုးစွမ်းအားရှိတယ်ဆိုတော့ မင်း လက်မခံဘူးမဟုတ်လား၊ အခု မင်းဘယ်လို ဖြစ်သွားတာလဲ..."

သည်တော့မှ လူငယ်က ပါမောက္ခကြီး၏ အစီအစဉ်ကို သေသေချာချာ ရိပ်မိသည်။

" ငါက မင်းကို သင်ခန်းစာတစ်ခု မြန်မြန်သဘောပေါက်သွားအောင် စီစဉ်ပေးတာပါကွာ၊ အတွေးအကြံ ဆိုတာ သဘောတရားထက် အများကြီး ပိုထိရောက်တဲ့ နည်းပြဆရာပဲကွ၊ သဘောတရားရဲ့အရောင်က မွဲတဲတဲ မှိန်တိန်တိန်ပဲရှိတယ်၊ အတွေ့အကြုံရဲ့အရောင်ကမှာ စိမ်းစိုတောက်ပတာ၊ ခေါင်းထဲရော ခန္ဓာကိုယ်ထဲပါ တကယ်စွဲမြဲတာ၊ တကယ်တော့ ဘဝဆိုတာ သည်ပင် အတွေ့အကြုံတွေ စုပေါင်းဖွဲ့စည်း ထားတာပဲ မဟုတ်လား"

ပါမောက္ခကြီးက ဆက်ပြောသည်။

" အခုတော့စကားလုံးတွေမှာ ဘယ်လောက်စွမ်းအားရှိတယ်ဆိုတာ မင်းမြင်သွားပြီမဟုတ်လား၊ စွမ်းအားက နည်းနည်းပါးပါးမဟုတ်၊ အများကြီးရှိတာကွ၊ စကားတစ်ခုဟာ မှန်စရာတောင် မလိုဘူး လူတစ်ယောက်အပေါ် သြဇာသက်ရောက်နိုင်တယ်၊ အခုကိစ္စကြည့်၊ ငါဆိုရင် မင်းအပေါ်ရာဇဝတ်သင့်မှု ကျူးလွန်မယ့် ရည်ရွယ်ချက်တစ်ပြားသားမှတောင်ရှိတာ မဟုတ်ဘူး"

" ဒါတော့ ကျွန်တော်ဘယ်သိနိုင်မလဲဗျ " လူငယ်က အတော်တည်ငြိမ်အေးဆေးသွားပြီဖြစ်သည့် လေသံမျိုးဖြင့် ပြောသည်။

" ဟာ မင်းကလည်း ခေါင်းနဲ့ စဉ်းစားပေါ့ကွ၊ အကျိုးနဲ့ အကြောင်းနဲ့ စဉ်းစားကြည့်ပါလား၊ မင်းကို ဘာအတွက် ငါက သတ်ရမှာလဲ၊ မင်းငါ့ကို ဘာဒုက္ခပေးလို့လဲ၊ ဒုက္ခပေးတဲ့လူလည်းပဲ ငါ အဲဒီလို မတုန့်ပြန်ပါဘူး၊ ငါ စိတ်ဝင်စားတာ ငါ့နှင်းဆီခြံပဲ၊ နှင်းဆီပန်းတွေ ငါ ပြုစုချင်တယ်၊ ငါ့စိတ်ထဲမှာ မြင်ယောင်ထားတာ ပန်းပေါင်း ဝေဝေဆာဆာနဲ့ ရေမ နှင့်ဆီခြံကြီး၊ အခုရှိတာက ငါ့စိတ်ကူးရဲ့ အစွန်အဖျား အရိပ်အယောင်လောက်ပဲ ရှိသေးတယ်၊ ငါ ဒါပဲစိတ်ဝင်စားတယ်၊ မင်းက ကြောင်းကျိုး ဆက်စပ်စဉ်းစားတတ်တဲ့ ဉာဏ်ကလေးတော့ သုံးဦးမှာပေါ့ကွ၊ ဒါပေမယ့် တစ်ခုတော့ရှိတယ်၊ မင်းလဲ အခုတော့မြင်ပြီ၊ ဒီအချိန်အခါမျိုးမှာ အကြောင်းအကျိုး ဆက်စပ်စဉ်းစားတဲ့ ဉာဏ်ဆိုတာမျိုးက မစွမ်းတော့ဘူး၊ အဲဒီအချိန်မင်းမှာ အဲဒီဉာဏ် မရှိတော့ဘူး၊ ပြတင်းပေါက်ကနေ မင်းငါတို့ကို လှမ်းခေါ်တဲ့အချိန်၊ တို့က မကြားချင်ယောင် ဆောင်နေတော့ မင်း ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်လာတယ်၊ အဲဒီနေရာမှာ မင်းအမှားက မြှမ်းခြောက်စာကို သွားဖတ်မိတဲ့ ကိစ္စမဟုတ်ဘူး၊ ဘာအဓိပ္ပာယ် အကျိုးအကြောင်းမှ မရှိတဲ့ဟာကို သွားယုံနေတာ၊ ဒါကလည်း မြင်အောင်ပြ လိုက်တာပဲ၊ လူမှာ အထင်အမြင် အစွဲအလမ်းနဲ့ အကျိုးသင့် အကြောင်းသင့် စဉ်းစားမှုယှဉ်လာရင် အစွဲအလမ်းနဲ့ အကျိုးသင့် အကြောင်းသင့် စဉ်းစားမှုယှဉ်လာရင် အစွဲအလမ်းက အမြဲအသာစီးရတယ်ဆိုတဲ့ အချက်၊ စိတ်ရှုပေါက်တာကို အကြောင်းအကျိုးနဲ့ ထိန်းလို့ မရဘူးဆိုတဲ့အချက်၊ အခုကိစ္စ မင်းမှာ ပိုဆိုးသွားတာက ကိုယ့်ဆီရေးတာ မဟုတ်တဲ့ ခြိမ်းခြောက်စာကြီး သွားဖတ်ပြီး ကယောင်ချောက်ချား ဖြစ်သွားတာပဲ"

ပြောပြောဆိုဆို ပါမောက္ခကြီးက ပရင်တာဆီသို့သွားပြီး ခလုပ်ပိတ်ကာ စက္ကူကို ဖြုတ်ယူလိုက်သည်။ ပြီး

လူငယ်ကို ပြတော့ လူငယ်က စာကို သေသေချာချာဖတ်ပြီး ပါစပ်အဟောင်းသား ဖြစ်သွားသည်။

" နောက်တစ်နာရီပဲ မင်းနေရတော့မယ်.... " ဟူသော စာကြောင့်တွေ အထပ်ထပ်ရိုက်ထားသည့် စာရွက်ထိပ်ဆုံးတွင် လူနာမည်တစ်ခု ရေးသားထားတာ သူတွေ့ရသည်။ မိမိ နာမည်နှင့် လုံးဝတခြားစီ။ သည်ဟာကို ကြည့်ပြီး သူရှက်သွားသည်။ ကိုယ့်စိတ်ကူးက ကိုယ့်ကိုပြန်ချောက်လှန့်တာ သူခံလိုက်ရခြင်းပဲဟု သဘောပေါက်သွားရလေးသည်။

*****

" ဘဝဆိုတာ နင်းဆီပန်းဥယျာဉ်တစ်ခု ဖြစ်နိုင်သလို လောက ငရဲလည်း ဖြစ်နိုင်တယ်၊ ဘာဖြစ်သလဲဆိုတာ မင်းစိတ်ဓာတ် ပေါ်မှာပဲ မူတည်တယ်...."

## အခန်း (၉)
## နင်းဆီနလုံးသားကို စတင်တွေ့သိရခြင်း

" မင်း ဒီတစ်နေ့အတွင်းမှာ အရေးကြီးတဲ့ အချက်တွေ အများကြီး သဘောပေါက်သွားပြီ၊ ခေါင်းနဲ့တင် သဘောပေါက်တာ မဟုတ်ဘူး၊ နလုံးသားကပါ ခံစားနားလည်သွားတာ၊ ဝေါဟာရ စကားလုံးတွေဟာ တို့အလိုဆန္ဒ ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ တို့ဘဝတွေအပေါ်တကယ် နက်နက်ရှိုင်းရှိုင်း ထိခိုက်သက်ရောက်မှုရှိတယ်ဆိုတာ မင်းအခုသိသွားပြီ၊ ပရင်တာက ရိုက်ထုတ်လိုက်တဲ့ ခြိမ်းခြောက်စာဟာ မင်းကို နာမည်တပ်ထားတာ မဟုတ်ဘဲနဲ့ မင်း အချောက်တိုက် အကြောက်ကြီးကြောက်ခဲ့တယ်၊ ဒါပေမယ့် ကြောက်ခံတာလည်း အချဉ်းအနှီး အကျိုးမဲ့တော့ မဟုတ်ပါဘူးလေ၊ အဲဒီကနေမင်း အင်မတန် အဖိုးတန်တဲ့ သင်ခန်းစာတစ်ခု ရခဲ့တာကိုး၊ ခေါင်းထဲမှာ ဖြစ်ပေါ်တဲ့ အတွေးတစ်ခုဟာ မှာနေစေဦးတော့ တို့က အမှန်လို့ ယုံကြည်နေရင် အဲဒီအတွေးစာ တို့အပေါ် ရိုက်ခတ်လွှမ်းမိုးမှုရှိတာပဲ၊ ဒါပေမယ့် အတွေးတစ်ခုရဲ့ တန်ဖိုးကို သဲသဲကွဲကွဲ သိလာပြီဆိုရင် ဒါမှမဟုတ် ဒါကို တို့ဘယ်လောက် တန်ဖိုးပေးမိတယ်ဆိုတာ ပိုင်းခြားဝေဖန် တတ်လာပြီဆိုရင် တို့စိတ်တွေဟာ အလွယ်တကူ ယိမ်ယိုင်လှုပ်ရှားမှု မရှိတော့ဘဲ တည်တည်ငြိမ်ငြိမ် ဖြစ်လာမယ်၊ စောစောက စာကိုဖတ်ပြီး ထိတ်လန့်ကြောက်ရွံ့သွားခဲ့တာဟာ မင်းစိတ်က ဟာ ကြောက်စရာလို့ အဓိပ္ပာယ် ဖွင့်လိုက်မိလို့ကိုး၊ အကယ်၍ အဲဒီစာဟာ မင်းနားမလည်တဲ့ နိုင်ငံခြားဘာသာတစ်ခုခုနဲ့သာ ရေးထားမယ်ဆိုရင် မင်းဘာမှတောင်အရေးစိုက်မိမှာမဟုတ်ဘူး"

ပါမောက္ခကြီးက လူငယ် သူ့စကားတွေကို ကောင်းစွာနားလည် သဘောပေါက်စေဖို့ အချိန်ပေးထားသည့် အလား အတန်ကြာ ရပ်နားနေသည်။ ထို့နောက်မှ စကားဆက်ပြန်သည်။

"လူ့ဘဝဆိုတာ အခက်အခဲ ပြွမ်းတဲ့ဘဝကွ၊ အထူးသဖြင့် နေ့ပန်းတိုင်ကို သွားတဲ့လမ်းမှာ အနှောင့်အယှက်အတားအဆီးတွေ အလွန်များတယ်၊ ဒါပေမယ့် အနာဂတ်ကာလမှာ ပြဿနာ အခက်အခဲ တစ်စုံတစ်ရာ ကြုံလာတဲ့အခါတိုင်း ပရင်တာကထွက်တဲ့စာကိုဖတ်ပြီး မင်းကြောက်ခဲ့မိတာပြန်သတိရ၊ အဲဒီစာဟာ မင်းနဲ့မဆိုင်သလို အခုပြဿနာဟာလည်း မင်းနဲ့မဆိုင်ဘူးလို့ သဘောထား၊ ဒီလိုပြောလိုက်တော့ မင်းစိတ်ထဲမှာ ဟာ ဒါတော့ လွန်သွားပြီးလို့ ထင်လိမ့်မယ်၊ ဘာပဲ ပြောပြော ပြဿနာကို မင်းပဲ ဖြေရှင်းရမှာကိုး၊ ဒါပေမယ့် ငါပြောချင်တာက အဲဒီပြဿနာနဲ့ ပတ်သက်တဲ့ စိုးရိမ်ကြောင့်ကျတွေ မင်းထမ်းပိုးမထားနဲ့၊ တခြားထမ်းချင်တဲ့လူထမ်းလိမ့်မယ်၊ ကိုယ့် စိတ်ထဲမှာ ဒါကြီးဟာ သိပ်အရေးကြီးတယ်လို့ ထင်မနေ တွေးမနေနဲ့၊ ပြဿနာဆိုတာကြောင့်ကိုယ့်စိတ်ထဲမှာ ဒဏ်ရာ ဒဏ်ချက်မဖြစ်စေနဲ့လို့ ဆိုချင်တာ၊ ဒီလိုစိတ်ဓာတ်မျိုးရှိဖို့ဆိုတာက တကယ်တမ်း သိပ်မလွယ်ဘူး၊ မှန်တယ်၊ ဒါပေယ့်အဲ့ဒီစိတ် အနေအထားမျိုး ရသွားပြီဆိုရင်တော့ မင်းဟာ အဖိုးမဖြတ်နိုင်တဲ့ ပညာတစ်ခု တတ်မြောက်သွားပြီလို့သာ အောက်မေ့ပေတော့၊ မင်းစိတ်ကူး အိပ်မက်မှန်သမျှ ပြည့်စုံပြီးမြောက်တော့မှာပဲ၊ တစ်ခုတော့ သတိပေးမယ်၊ အဲဒီအနေအထား ရောက်တဲ့အထိ မင်းအများကြီး အရှည်ကြီး ကြိုးစားအားထုတ်ရလိမ့်ဦးမယ်၊ ဒါပေမယ့် လက်မလျှော့နဲ့၊ ကြိုးစားပါ၊ အင်မတန်ထိုက်တန်တဲ့ အကျိုးရလာဒ် ခံစားရပါလိမ့်မယ်၊ နောင်တစ်နေ့ကျတော့ အဲဒီစိတ်ဓာတ် အနေအထားမျိုး ရရှိရေးသည်ပင်လျှင် ဘဝအတွက် အမြင့်ဆုံး ပန်းတိုင်ဆိုတာ မင်းသဘောပေါက်လာနိုင်တယ်၊ ဒါကလွဲရင် ကျန်တာတွေဟာ အရေးမကြီးပါဘူး"

သည်လို ပြောကြားပြီးသည့်နောက် ပါမောက္ခကြီးတိတ်ဆိတ်သွားသည်။ သူ့အတွေးထဲမှာပင် တစ်ကိုယ်တည်း နစ်မြောနေသည့် အသွင်မျိုး။ မျက်လုံးများကတော့ ဆွေးရိပ်သန်းနေသယောင်။ သည်နောက်တော့ သူ့စကားတွေကို ပြန်ချုပ်သည့်ဟန် စကားအနည်းငယ် ဆက်ပြောသည်။

" ဘဝဆိုတာ နင်းဆီပန်းဥယျာဉ်တစ်ခု ဖြစ်နိုင်သလို လောကငရဲလည်း ဖြစ်နိုင်တယ်၊ ဘာဖြစ်လို့လဲဆိုတာ မင်းစိတ်ဓါတ်ပေါ်မှာပဲ မူတည်တယ်၊ အဲဒီတော့ နင်းဆီပန်းအကြောင်းကိုပဲတွေး၊ ပြဿနာတစ်ခု ပေါ်လာတိုင်း နင်းဆီပန်းပွင့်ရဲ့ နလုံးသားထဲမှာ ခိုဝင်ဖို့ကြိုးစား၊ ခြိမ်းခြောက်စာဟာ ငါ့အတွက် မဟုတ်ဘူး တခြားလူတစ်ယောက်အတွက်ဆိုတာ သတိရ၊ ပြဿနာဆိုတာလည်း ထိုနည်းၡင်းပဲ၊ မင်းလက်ခံလိုက်ရင် မင်းပြဿနာ။ လက်မခံရင် တခြားသူရဲ့ဟာ....၊ ငါဒီကိစ္စရှင်းဦးမယ်၊ မင်းသေသေချာချာ နားထောင်..ဘာကြောင့်လဲ ဆိုတော့ အချို့လူတွေက ဒီစကားကို နားမလည်နိုင်ကြဘူး၊ ငါဒီလိုပြောလိုက်တိုင်း သူတို့စိတ်ထဲမှာ ဒါကတော့ အလွန်အကျွံ အကောင်းမြင်ဝါဒလို့ပဲ ထင်တတ်ကြတယ်၊ မဟုတ်ဘူးကွ၊ ဒါ အင်မတန်ကို မှန်ကန်လေးနက်တဲ့ အယူအဆ၊ လူ့စိတ်ရဲ့ အလွန်အရေးကြီးတဲ့ သဘောသဘာဝတစ်ခုလည်း ဖြစ်တယ်၊ ငါပြောမယ်၊ မကောင်းဆိုးဝါးကို မမြင်တဲ့လူအတွက် လောကမှာ မကောင်းဆိုးဝါးဆိုတာ မရှိဘူး၊ အပြင်လောကဆိုတာ မင်းအတွင်းစိတ်ရဲ့ ရောင်ပြန်ဟပ်မှုပဲ၊ မင်းရဲ့ လက်တွေ့ဘဝအခြေအနေတွေဆိုတာ မင်းရဲ့ အတွင်းစိတ်မှာ စွဲထင်နေတာတွေ အတိုင်းပဲ တစ်ထေရာတည်း ဖြစ်ပေါ်တယ်၊ မင်းမှာ ပျော့ညံ့တဲ့စိတ်တွေမရှိဘူး၊ ပြဿနာတွေချည်းတွေးမနေဘူး၊ အဆိုးတွေ အပျက်တွေချည်း မြင်မနေဘူးဆိုရင် အဆိုးအပျက်တွေ မင်းအပေါ် မကျရောက်နိုင်ဘူး၊ ဒုက္ခတွေ အန္တရာယ်တွေ မင်းကို မခြိမ်းခြောက်နိုင်ဘူး၊ အဲဒီတော့ မကောင်းဆိုးဝါးတွေ အဖျက်အဆီးတွေဆိုတာ မရှိဘူးလို့ပဲ စိတ်ထဲမှာ စွဲမြဲယုံကြည်ထား၊ သာယာချမ်းမြေ့မှုတွေ ပြည့်လျှံတဲ့ နင်းဆီပန်း နလုံးသားထဲမှာ အရုံကိုစူးစိုက်ထား။ အဲဒီခါ မင်းဘဝတစ်လျှောက်လုံး လမ်းညွှန်ပဲ့ကိုင်မယ့် သစ္စာတရားနဲ့ ထိုးထွင်းသိမြင်စိတ်တွေ မင်းရလာလိမ်မယ်၊ အဲဒီနောက်မှာတော့ ကမ္ဘာပေါ်မှာ အရှားပါးဆုံး ပစ္စည်းနှစ်ခု မင်းပိုင်ဆိုင်လာလိမ့်မယ်၊ အဲဒါတွေကတော့ ကိုယ်လုပ်ချင်တဲ့ အလုပ်ကို ယုံကြည်မြတ်နိုးခြင်းနဲ့ သူတစ်ပါးအပေါ် မေတ္တာထားတတ်ခြင်းဆိုတဲ့ စိတ်သဘောထားနှစ်ရပ်ပဲ၊ ဒီနှစ်ရပ်ဟာ တကယ့် စစ်မှန်တဲ့ ခနဉ်စွာ ရရှိရေးအတွက် သော့ချက်တွေလို့လဲ ဆိုနိုင်တယ်"

"....မသိစိတ်ဟာ လျှို့ဝှက်နက်နဲတယ်၊ နက်ရှိုင်းကျယ်ဝန်းတယ်။ အပေါ်ယံမှာ မြင်နေရတဲ့ တို့အကဲခတ်လို့ရတဲ့ `သိစိတ်´ အပိုင်းထက် အများကြီးစွမ်းအားကြီးမားတယ်၊ တို့တွေကို အဓိက လွှမ်းမိုးချုပ်ကိုင်နေတာသူပဲ...."

**အခန်း (၁၈)**

**မသိစိတ်ကို ထိန်းချုပ်ခိုင်းစေခြင်း**

စိတ်ပါလက်ပါနှင့် အတော်ရှည်ရှည်ကြာကြာကြီးရှင်းလင်းပြောဆိုပြီးနောက် ပါမောက္ခကြီး မောသွားဟန် တူသည်။ အတော်ကြီးကြာအောင် သူတိတ်ဆိတ်နေသည်။ သည့်နောက်မှ စကားတစ်လုံးချင်းစီကို အလေးအနက်ထားကာ သူဆက်၍ ပြောပြသည်။

" ဒါကြောင့်မို့ ငါပေးတဲ့နည်းစဉ်ဟာ သိပ်ကိုတန်ခိုးစွမ်းအားကြီးမားတယ်လို့ ပြောချင်တာ၊ အစပိုင်းတုန်းက မင်းကိုယ်မင်း သန်းကြွယ်သူဌေးဖြစ်ဖို့ အကြောင်းမရှိဘူးလို့ ယုံကြည်ထားတယ် ဆိုပါတော့၊ကိစ္စမရှိဘူး၊ ဘယ်လိုပဲယူဆခဲ့ ယူဆခဲ့ ဖြစ်နိုင်စွမ်းရှိတာတော့ ရှိတာပဲ၊ အရေးကြီးတာ နည်းစဉ်ကိုယုံကြည်ဖို့၊ ပရင်တာထဲက ထွက်လာတဲ့စာကို ယုံကြည်သလိုယုံကြည်ဖို့ပဲ၊ နည်းစဉ်ကဘာဆိုသလဲ၊ အဲဒါကို အမှန်တရားအဖြစ် ယုံကြည်လိုက်ပါ၊ ဘာကြောင့်လဲဆိုတော့ ယုံကြည်မှုဆိုတာဟာ ထမြောက်အောင်မြင်မှု အားလုံး အတွက်အကြီးမားဆုံး သော့ချက်ဖြစ်လို့ပဲ၊ ဘယ်ကိစ္စတစ်ခုဖြစ်စေ၊ ငါလုပ်နိုင်ရမယ်လို့သာ စွဲစွဲမြဲမြဲယုံကြည်ပါ၊ ဖြစ်ရမှာ မုချပဲ"

" ကျွန်တော့် အခုပြဿနာကတော့ ခက်နေတာအမှန်ပဲခင်ဗျ၊ နောက်ငါးနှစ်မှာ သန်းကြွယ်သူဌေး ဖြစ်ရမယ်ဆိုတာ ကျွန်တော်ကိုယ်ကျွန်တော် ဘယ်လိုမှ ဘယ်လိုမှ ယုံနိုင်လို့မရဘူး၊ ဟိုစာတုန်းက ကျွန်တော်လန့်ပြီး ယုံသွားတာမှန်တယ်၊ ဒါပေမယ့် ဒီနည်းစဉ်ကိစ္စက အဲဒီအနေအထားနဲ့ တခြားစီ ဖြစ်နေတယ်၊"

" နည်းစဉ်ကို မင်းမယုံကြည်နိုင်သေးရင်လည်း ကိစ္စမရှိပါဘူး။ သူ့အာနိသင်ကတော့ မင်းအပေါ် တစ်ဖြည်းဖြည်း သက်ရောက်လာမှာပဲ၊ ဒီဟာကို မင်းကိုယ်ထဲ စိတ်ထဲရောက်အောင်သာ တစ်ဖြည်းဖြည်း

သွင်းပေးပါ၊ ကြာလာတာနဲ့အမျှ သူက တန်ခိုးစွမ်းအားတွေပြလာမှာပဲ၊ ဒီနေရာမှာ အဆင်ပြေတဲ့အချက်က မင်းဒီဟာကို မင်းရဲ့သိစိတ်က လက်ခံအောင်လုပ်ဖို့မလိုဘူး၊ ကျိုးကြောင်း ဆင်ခြင်တဲ့စိတ်က ဟာ ဟုတ်တယ် ဖြစ်နိုင်တယ်လို့ သဘောတူလာအောင် ကြိုးစားဖို့ မလိုဘူး၊ မသိစိတ်ကို အယုံသွင်းခိုင်းဖို့ပဲ လိုတယ်၊ မင်းခြိမ်းခြောက်ခံရတဲ့ ကိစ္စကိုပဲ စဉ်းစားကြည့်။ အကျိုးအကြောင်းနဲ့ စဉ်းစားကြည့်ပါလား၊ ဘာကြောက်စရာ ရှိသလဲ၊ အဓိပ္ပာယ်မှ မရှိတာ၊ ဒါပေမယ့်မင်းကြောက်တယ်၊ ကိုယ့်ကိုကိုယ် မထိန်းသိမ်းနိုင်လောက်အောင်ကို ကြောက်သွားတယ်၊ ဘာကြောင့်လဲ အကျိုးသင့် အကြောင်းသင့် စဉ်းစားတဲ့ စိတ်ထက် အင်မတန် အင်အားကြီးတဲ့အရာက မင်းကိုချုပ်ကိုင်လိုက်တာကိုး၊ ဘယ်ဟာလဲ မင်းစိတ်ရဲ့ အစိတ်အပိုင်းတစ်ခုပါပဲ၊ ချီးမွမ်းပြီးပြောရင် ကွန့်မြူးတဲ့စိတ်လို့ ပြောရမယ့် အမျိုးမျိုးအဖုံဖုံ မှန်ဆမြင်ယောင်တတ်တဲ့စိတ်၊ အဲ့ဒီစိတ်သဘာဝဟာ တို့က မသိစိတ်လို့ သတ်မှန်ပြောဆိုတဲ့ အစိတ်အပိုင်းထဲမှာ အကျုံးဝင်တယ်၊ မသိစိတ်ဟာ လျှို့ဝှက်နက်နဲတယ်၊ နက်ရှိုင်းကျယ်ဝန်းတယ်၊ အပေါ်ယံမှာမြင်နေရတဲ့ တို့အကဲခတ်လို့ရတဲ့ `သိစိတ်´ အပိုင်းထက် အများကြီးစွမ်းအားကြီးမားတယ်၊ တို့တတွေကို အဓိက လွှမ်းမိုးချုပ်ကိုင်နေတာသူပဲ၊ သူ့စေစားရာအတိုင်း တို့သွားနေကြတာ၊ မသိစိတ်အကြောင်းပြောမယ်ဆိုရင် ပြောလို့မကုန်ဘူး၊ အဲ့ဒီတော့ မင်းအတွက် အရေးတကြီးလိုအပ်တာကိုပဲ ပြောမယ်၊ အဲ့ဒီစွမ်းအားကြီးမားလှပါတယ်ဆိုတဲ့ မသိစိတ်ဟာ စကားလုံးတွေရဲ့ ဩဇာလွှမ်းမိုးမှုကို အလွန်ခံယူလွယ်တယ်ဆိုတဲ့အချက်။ ခြောက်နှစ်မပြည့်မီ အတွင်းမှာ မင်းသန်းကြွယ်သူဌေးဖြစ်နိုင်တယ် ဆိုတဲ့ လုံးဝမယုံကြည်နိုင်စရာအကြောင်း မရှိတဲ့ကိစ္စကြီးကို မင်းအခုလို ယုံကြည်လို့ မရဖြစ်နေရတာ အဲဒီမသိစိတ်နဲ့ပဲဆိုင်တယ်ကွ”

“ရှင်းပါဦးဗျာ”

“ ဒီလိုကွ၊ နှစ်ပေါင်းများစွာသော ကာလအတွင်းမှာ စကားလုံးတွေဝါကျတွေနဲ့ အဲ့ဒါတွေက ဖော်ဆောင်တဲ့အတွေးတွေဟာ မင်းရဲ့မသိစိတ်ထဲမှာ အကြိမ်ကြိမ် အထပ်ထပ်ရေးခြစ်လာခဲ့သလို ရှိနေခဲ့တယ်၊ ဒါတွေဟာ သိပ်ကြာလာတဲ့အခါကျတော့ ကျောက်သားမှာ ရေးထွင်းတဲ့စာများလို ထင်ထင်ရှားရှား ခိုင်ခိုင်မာမာကြီးဖြစ်လာတယ်၊ တကယ်တော့လူဟာ ကိုယ်တိုင်ကြုံဖူးခဲ့တဲ့ အကြောင်းခြင်းရာတွေ ခေါင်းထဲပေါ်လာတဲ့ အတွေးတွေ ကြားမိနာမိတဲ့စကားတွေ စတဲ့အရာတွေကို ပေါ်ယံစိတ်ပိုင်းကသာ မေ့တာမေ့ပျောက်တာဖြစ်ပေမယ့် သူ့မှာရှိတဲ့ မသိစိတ်ဆိုတဲ့ အပိုင်းကတော့ ဒါတွေအားလုံးကို မပျောက်မပျက်ရအောင် မှတ်သားထားတယ်၊ အဲဒီမှတ်သားမှုတွေ စုပေါင်းပြီး လူတစ်ယောက်ရဲ့ သူ့ကိုသူမြင်တဲ့အတ္တပုံရိပ် (self-image) တစ်ခုဖြစ်လာတယ်၊ ကိုယ့်ဆောင်ရွက်ချက်တွေကို ကိုယ့်ဘာသာအမြဲကျေနပ်အားရတတ်တဲ့ လူတစ်ယောက်ရဲ့မသိစိတ် အဲဒီမှတ်သားမှုတွေထဲမှာ သူ့ကိုယ်သူ လူတော်လို့ ကြေးဆိုင်ဘုတ်နဲ့ အခိုင်အမာ ရေးထိုးပြီး သားဖြစ်နေတယ်၊ ထိုနည်းရင်းပဲ ကိုယ့်အတွေး အကြံအပြောတွေအပေါ် အားရလေ့မရှိတဲ့ လူရဲ့မသိစိတ်ထဲမှာလည်း သူ့ကိုယ်သူ လူညံ့လို့ ရေးသွင်းထားမိပြီးသား ဖြစ်နေတတ်တယ်၊ အခုတင်းမှာလည်းပဲ မင်းကိုယ်တိုင် ဂရုမမူမိခဲ့ပေမယ့် မင်းဖြတ်သန်းခဲ့တဲ့ ဘဝခရီး တစ်လျှောက်လုံး ကိုယ့်ကိုကိုယ် ကြွယ်ဝချမ်းသာမယ့်လူလို့ တွေးလေ့မရှိခဲ့ဘူး၊ သန်းကြွယ်သူဌေးဆိုတဲ့ လူမျိုးတွေအကြောင်း ကြုံတဲ့အခါတိုင်းမှာလည်း အဲဒီအဖြစ်မျိုးကတော့ ငါနဲ့ဘာမှမဆိုင်ဘူးလို့ပဲ ကိုယ့်ကိုကိုယ် အမြဲပြောလေ့ရှိခဲ့တာ ဖြစ်လေတော့ အခုမှ ရုတ်တရက်ထပြီး ငါချမ်းသာရမယ်ကွလို့ ယုံကြည်ဟစ်ကြွေးဖို့ရာ မဖြစ်နိုင်သလောက် ခက်ခဲသွားတယ်၊ တကယ်တမ်းသာ အကျိုးသင့် အကြောင်းသင့် စဉ်စားကြည့်မယ်ဆိုရင် သူများတွေတောင် ခြူးတစ်ပြားရှိ ဆွေမျိုးညာတိမရှိတဲ့ ကြားက ချမ်းသာနိုင်ကြသေးတာပဲ၊ အဲဒီလောက်အခြေခံမနိမ့်ကျတဲ့ ငါကဘာမချမ်းသာနိုင်စရာရှိသလဲလို့ တွေးတောလို့ ရနိုင်သားပဲ၊ ဒါပေမယ့် မရဘူး၊ မသိစိတ်ထဲမှာ ရှိနေတဲ့ မချမ်းသာနိုင်ဘာဘူဆိုတဲ့ အစွဲကြီးက သိပ်ပြတ်သားထင်ရှားလာနေတာကိုး၊ မသိစိတ်မှာ ရေးထိုးမိထားတဲ့ အတ္တပုံရိပ်ရဲ့ဩဇာကို လူတွေလွန်ဆန်နိုင်လေ့ မရှိဘူး၊ နောင်တစ်နေ့ကျတော့ လူတွေဟာ သူတို့မသိစိတ်ထဲ စွဲနေတဲ့ အတ္တပုံရိပ်အတိုင်းပဲ အပြင်မှာ တကယ်ဖြစ်လာတတ်ကြတယ်၊ အဲဒါကြောင့် မင်းဘဝအနာဂတ်ကို ပြင်ချင်ရင် မင်းရဲ့ အတွင်းစိတ်အစွဲတွေကို အရင်ပြင်ဖို့လိုတယ်၊ ချမ်းသာချင်ရင် ကိုယ့်မသိစိတ်ထဲမှာ လူချမ်းသာ အတ္တပုံရိပ်တစ်ခု စွဲမြဲလာအောင် ထည့်သွင်းမွေးမြူပေးဘို့လိုတယ်"

“ သဘောတော့ ပေါက်လာပါပြီခင်ဗျ၊ ဒါပေမယ့် အဲဒီပုံရိပ်ကို ကျွန်တော် ဘယ်လိုမွေးမြူနိုင်မလဲ၊"

"ဟ လွယ်ပါတယ်ကွ၊ မင်းမရိပ်မိသေးဘူးလား၊ စောစောက မင်းအထိတ်တလန့် ဖြစ်ခဲ့တဲ့ကိစ္စ ပြန်စဉ်းစားလေကွာ၊ တကယ့်အမှန်မဟုတ်ပေမယ့် တကယ့်အမှန်ဟုတ်သလို မင်းအပေါ်အာနိသင် သက်ရောက်ခဲ့တာ၊ အခုလည်းအဲ့ဒီ "လှည့်ကွက်" ကို မင်းကိုယ်မင်း ပြန်သုံးကြည့်ပေါ့၊ သိစိတ်ကို လှည့်လို့မရပေမယ့် မသိစိတ်ကို မင်းလှည့်နိုင်ပါတယ်၊ ငယ်စဉ်ကစပြီး မင်းယုံလာတဲ့အရာတွေ အများကြီးရှိမှာပေါ့၊ အဲဒီအထဲမှာ မမှန်တာတွေအများကြီးပါမယ်၊ ဒါပေမယ့် မသိစိတ်ကမသိဘူး၊ မင်းက ဟာ

အဲဒါက အဲဒီလိုဆိုတဲ့ ဆိုရင်သူက စွတ်ရွတ်ပြီး ယုံထားလိုက်တာပဲ၊ အဲဒါမင်းက မသိစိတ်ကို အမှတ်မဲ့ အယုံသွင်းခဲ့မိတာ၊ အခုအမှတ်မဲ့မဟုတ်ဘူး၊ တမင်တကာ ရည်ရွယ်ချက်နဲ့ အယုံသွင်းရမယ်။ မသိစိတ်က ယုံသွားရင်အဲဒီယုံကြည်ချက်ဟာ လူတွေအပေါ် လွှမ်းမိုးမှုသိပ်ကြီးတယ် အင်မတန်ကြီးမားတဲ့ စွမ်းအားနဲ့ လူကို လှုပ်ရှားစေ တတ်တယ်ဆိုတာ မင်းသိပြီးပြီ၊ အဲဒီတော့ မသိစိတ်ကို ဘာတွေယုံကြည်စေချင်သလဲ၊ အဲဒါ တွေပြော အယုံသွင်းပေါ့၊ မင်းကို မင်းသန်းကြွယ်သူဌေးမဖြစ်နိုင်ဘူးလို့ အရင်ကယုံကြည်ခဲ့တယ်၊ ဒီနေ့ကစပြီး မင်းသန်းကြွယ်သူဌေးဖြစ်နိုင်တယ်၊ သန်းကြွယ်သူဌေး ဖြစ်ရမယ်ဆိုပြီး မသိစိတ်ကို ဝင်းပြောရင် တဖြည်းဖြည်း မဖြစ်နိုင်ဘူးဆိုတာပျောက်ပြီး ဖြစ်နိုင်တယ်ဖြစ်ရမယ် ဖြစ်ကိုဖြစ်မယ်ဆိုတာ ဝင်လာလိမ့်မယ်၊ မင်းရဲ့ မသိစိတ်ထဲက ကြေးဆိုင်ဘုတ်မှာ "သန်းကြွယ်သူဌေး" ဆိုတဲ့ စကားထင်ရှားသွားပြီဆိုရင် နောင်တစ်နေ့ မင်းအဲဒီအတိုင်းဖြစ်ကို ဖြစ်ရတော့မှာပဲ"

"ဒါပေမယ့် မသိစိတ်ကသာ ယုံကြည်နေပြီး သိစိတ်ကတော့ မယုံကြည်ဘူးဆိုရင်ကော ဘယ်လိုဖြစ်မှာလဲ"

"အဲ့ဒါအတွက် ဖြေရှင်းဖို့နည်းလမ်းရှိပါတယ်၊ အဲဒါကတော့ ထပ်တလဲလဲရွတ်ဆိုတဲ့နည်း (repetition) ပဲ၊ ဒီနည်းဟာ အကောင်းဆုံးနည်း၊ အလျင်မြန်ဆုံး အကျိုးသက်ရောက်တဲ့နည်း"

"ထပ်တလဲလဲရွတ်ဆိုတဲ့နည်း"

"ဟုတ်တယ်၊ ဒါကို ကိုယ့်ကိုကိုယ် တိုက်တွန်းညွှန်းဆိုတဲ့နည်း (self-suggestion) လို့လည်းခေါ်တယ်၊ တို့ဟာ ဒီနည်းစဉ်ကို သက်တမ်းတလျှောက်လုံးအမှတ်မဲ့ သုံးလာကြတာ၊ နေ့စဉ်နေ့တိုင်း တို့ဟာ အတွင်းညွှန်းဆိုမှု အပြင်ညွှန်းဆိုမှုတွေရဲ့ လွှမ်းမိုးမှုကိုခံလာရတာ၊ တို့ကိုယ်တွင်းမှာ တို့ဘာသာတို့ တစ်ကိုယ်တည်း ပြောတဲ့စကားတွေဟာ တို့ရဲ့ဘဝကို ဖန်တီးနေတာပဲကွ၊ တချို့က ကိုယ့်ကိုကိုယ် အရှုံးစကားတွေ အမြဲပြောတယ်၊ ငါတို့အမျိုးအရိုးကိုကညံ့တာ၊ ငါကိုယ်က အရည်အချင်းမမီတာ၊ ငါ့မှာ အဲဒီအခြေအနေတွေမှ မပြည့်စုံတာ စသဖြင့်ပြောရင်းပြောရင်း အရှုံးတစ်ခုက နောက်အရှုံးတစ်ခု အဲဒီနောက် အရှုံး တစ်ခုဆက်ဆက်ပြီး တွေ့လာခဲ့ရတယ်။ စိတ်ထဲစွဲနေတဲ့ အတိုင်းတကယ်ဖြစ်တာ၊ ဒါပေမယ့် မအောင်မြင်ဘူးလို့စွဲတဲ့ အတွက် တကယ်မအောင်မြင်တဲ့ ဘဝရလာသလို ဒီနဲ့ ပြောင်းပြန် အောင်မြင်မယ်လို့ စွဲရင်လည်း အောင်မြင်မယ့် အခြေအနေတွေ ဖန်တီးမိလာမှာပဲ၊ မသိစိတ်ထဲကို အောင်မြင်မှုအစွဲတွေ ထည့်ပေးဖို့ပဲလိုတယ်၊ မသိစိတ်ဟာလွှမ်းမိုးခံလွယ်ပါတယ်၊ သူ့ကို ကိုင်တွယ်တတ်ဖို့ပဲ လိုတယ်"

ပါမောက္ခကြီးပြောသမျှ စကားတို့၏အနက်အဓိပ္ပါယ် အပြည့်အစုံကိုကား လူငယ်သဘော မပေါက် သေးပါ၊ သို့သော် အဘိုးကြီးက သူ့ပြဿနာကို ဖြေရှင်းပေးနေသည်ဆိုတာကတော့ သူကောင်းကောင်း နားလည်နေပြီ၊ ပါမောက္ခကြီး၏ သဘောတရားတွေကို သူပိုမိုသိနားလည်း လိုစိတ်ပြင်းပြနေပြီ။

" ဒီသဘောတရားမှာ ချစ်စရာကောင်းတာတစ်ခုက သူ့ကို မင်းသေသေချာချာ မယုံကြည်နိုင် သေးပေမယ့် စမ်းသပ်သုံးစွဲကြည့်လို့ရတဲ့အချက်ပဲ၊ ငါပြောသလို ထပ်တလဲလဲရွတ်ကြည့်၊ မယုံရင်လည်း နှစ်ရက်လောက်တော့စမ်းကြည့် အဲဒီလောက်ဆိုရင် အာနိသင်စတွေ့လာမှာ၊ စကားလုံးတွေဟာ တကယ် တန်ခိုးကြီးပါတယ်ကွ၊ စကားလုံးတွေနဲ့ကိုယ့်ကိုကိုယ် တိုက်တွန်းနှိုးဆော်တဲ့ အလုပ်ရဲ့ စွမ်းအားဟာလည်း သိပ်ကြီးမားတယ်၊ ကိုင်တွယ်တတ်ရင် အဲဒီစွမ်းအားတွေဟာ မင်းအတွက် လိုရာသုံးဖို့ ဖြစ်လာမယ့်"

"ဟုတ်ကဲ့၊ ကျွန်တော်အတော်တော့ သဘောပေါက်လာပါပြီ၊ ဒါပေမယ့် ဒီသဘောတရားကို တကယ်လိုပ်ပတ်လည်အောင်တော့ အတော်ကြိုးစားရ လိမ့်ဦးမယ်ထင်တယ်၊"

"မှန်တာပေါ့၊ အဲဒီအတွက် မင်းဘာတွေလုပ်ရမယ်ဆိုတာ ပြောပြမယ်၊ ဒါလည်းပဲ ရုတ်တရက်ကြည့်ရင် သိပ်လွယ်လွယ်လေးလိုပဲ၊ ဒါပေမယ့်........"

"...... အခုမင်းကို ငါပေးထားတာ ခြောက်နှစ်အတွင် သန်းကြွယ်သူဌေးဖြစ်မယ့် ဖော်မြူလာ၊ ဖြစ်နိုင်တဲ့ အနေအထားမှာ စီစဉ်ပေးထားတာ၊ ဟောဒီမှာကြည့်၊ .....ခြောက်နှစ်လဲပြည့်ရော မင်း သန်းကြွယ်သူဌေး ဖြစ်ရောပဲ၊....."

## အခန်း (၁၁)
## ကိန်းဂဏန်းနှင့် နည်းစဉ်များ

ပါမောက္ခကြီးက စားပွဲမှာထိုင်သည်။ လူငယ်ကိုလည်း ထိုင်စေသည်။ ပြီးစက္ကူအချို့နှင့် ဖောင်တိန်တစ်ချောင်းယူကာ စက္ကူပေါ်တွင် ကိန်းဂဏန်းတွေ စာတွေရေးချသည်။

" မင်းလုပ်ရမယ့် ဖော်မြူလာ (နည်းစဉ်)က ဟောဒီအတိုင်းပဲကွ" သူကပြသည်။ စက္ကူပေါ်တွင် သူရေးထားသည်က- ယခုနှစ်အကုန်တွင် ကျွန်တော်၏ပိုင်ဆိုင်မှုသည် ဒေါ်လာ ၃၁၂၅၀ ဘိုးမျှရှိမည်၊ သည်ပိုင်ဆိုင်မှုကို နှစ်စဉ်နှစ်ဆတိုးအောင် ငါးနှစ်ဆက်တိုက် ကျွန်တော်ကြိုးစားမည်။ အဲသည်နောက်တွင် ကျွန်တော် သန်းကြွယ်သူဌေး ဖြစ်မည်းဟူ၍ ဖြစ်သည်။

" ဝင်ငွေ (income) နဲ့ပိုင်ဆိုင်မှု (assets) ကိုတော့ မရောထွေးစေနဲ့ကွ" ပါမောက္ခကြီးကဆိုသည်။ "ဝင်ငွေက ဝင်လာတာ၊ ပိုင်ဆိုင်မှုဆိုတာက ပေးစရာရှိတာတွေပေးပြီး အခွန်အတုပ်တွေ နှုတ်ပြီးတဲ့နောက် ကိုယ့်လက်ထဲကျန်တဲ့ဟာ၊ ဒီအထဲမှာ ဘဏ်စုငွေတို့ ကုမ္ပဏီတွေထဲထည့်ထားတဲ့ အစုရှယ်ယာ တန်ဖိုးတို့ စသဖြင့်ပါမယ်၊ အခုမင်းကိုငါပေးထားတာ ခြောက်နှစ်အတွင်း သန်းကြွယ်သူဌေးဖြစ်မယ့် ဖော်မြူလာ၊ ဖြစ်နိုင်တဲ့ အနေအထားမှာ စီစဉ်ပေထားတာ၊ ဟောဒီမှာကြည့် ဒီနှစ်အကုန်မှာ မင်းရဲ့ ပိုင်ဆိုင်မှုအစုစုဟာ ဒေါ်လာ ၃၁၂၅၀ဘိုးရှိရမယ်၊ နောက်နှစ်ကုန်ကျတော့ အဲဒီထက်နှစ်ဆ၊ နောက်တစ်နှစ် နှစ်ဆ၊ အဲဒီလိုနဲ့ ခြောက်နှစ်လဲပြည့်ရော မင်းသန်းကြွယ်သူဌေးဖြစ်ရောပဲ၊ ...ဘာလို့ပိုင်ဆိုင်မှုကိုနှစ်ဆ တိုးခိုင်းသလဲဆိုတော့ ဒီလောက်ကတော့ ဖြစ်နိုင်ပါတယ်လို့ မင်းအလွယ်တကူယုံကြည်နိုင်တဲ့ အတိုင်းအတာမို့ပဲ၊ မသိစိတ်ကို အယုံသွင်းရလွယ်မယ်၊ ပြီးတော့ မှတ်သားရလည်း လွယ်တယ်၊ တစ်နှစ်မှာနှစ်ဆ၊ မဖြစ်နိုင်စရာမရှိဘူး၊ ဒါပေမယ့် မင်းက အခုအစပိုင်းမှာ နောက်တွန့်ချင်တွန့်နေဦးမယ်၊ ဒီနှစ်ကုန်မှာ ၃၁၂၅၀ မှ ရနိုင်ပါ့မလား တွေးပူချင်ပူမယ်၊ အဲဒီတော့ကိုယ့်ကိုကိုယ် အဲဒီလောက် မယုံကြည်နိုင်သေးဘူးဆိုရင်လည်း ဒီနှစ်အကုန်မှာ ရှိရမယ့် ပိုင်ဆိုင်မှုပမာဏကို တစ်ဝက်လျှော့လိုက်လို့ ရသေးတယ်၊ ၁၅၆၂၅ ဒေါ်လာ။ အဲဒါနဲ့ စမယ်ဆိုရင်လဲဖြစ်တယ်၊ ဒါပေမယ့် ဒါဆိုရင် ခြောက်နှစ်နဲ့တော့ မရတော့ဘူး၊ ခုနစ်နှစ်ဖြစ်သွားမယ်။ ကဲ သန်းကြွယ်သူဌေးဖြစ်ဖို့ အချိန်တစ်နှစ်ပို စောင့်ဆိုလည်းစောင့်နိုင်တယ်၊ အခုနှစ်ကုန်ရှိရမယ့်ငွေကိုတော့ လျှော့ပါဦးဆိုရင်လဲ လျှော့လို့ရသေးတယ်၊ ၇၈၁၂ ဒေါ်လာခွဲနဲ့ စလို့ရတယ်၊ ဒါပေမယ့် ဒါကတော့ ရှစ်နှစ်ကြာမယ့်နည်း။

"(၁) ၇၈၁၂.၅၀ ဒေါ်လာ (၂) ၁၅၆၂၅ ဒေါ်လာ (၃) ၃၁၂၅၀ (၄) ၆၂၅၀ (၅) ၁၂၅၀၀ (၆) ၂၅၀၀၀၀ (၇) ၅၀၀၀၀၀ (၈) ၁၀၀၀၀၀၀၊ ရှစ်နှစ်ပြည့်ရင် သန်းကြွယ်သူဌေးဖြစ်ပြီ၊ အဲဒီတော့ ကိုယ့်ဘာသာကိုယ်စဉ်းစား၊ ငါးနှစ်လား၊ ခုနစ်နှစ်လား၊ ဆယ်နှစ်လား၊ အဲဒီနှစ်ကာလနဲ့တွက်ပြီးတော့ စာရွက်တစ်ရွက်မှာ ထင်ထင်ရှားရှားပီပီသသချရေး၊ သက္ကရာဇ် နှစ်ထောင့် ဘယ်နှစ်ခုနှစ် ဘယ်လမှာ ကျွန်တော် သန်းကြွယ်သူဌေးဖြစ်ရမည်ဆိုတာ စာလုံးကြီးကြီးနဲ့ရေး၊ ပြီးတော့ဒီနှစ်အကုန်မှာ ရှိရမယ့်ငွေကြေးပမာဏကစပြီး၊ တစ်နှစ်ချင်းအလိုက် တက်လာရမယ့် ကိန်ဂဏန်းတွေရေး၊ အလကားရူးတယ်မအောက်မေ့နဲ့၊ ဒါသိပ်အရေးကြီးတယ်၊ ခေါင်းထဲ မှတ်ထားရုံ စိတ်တွက်တွက်ရုံနဲ့ မပြီးဘူး၊ စာရွက်ပေါ်မှာချပြီး ရေးကိုရေးရမယ်၊ ကိန်းဂဏန်းတွေ ခုနှစ်သက္ကရာဇ်တွေရေးရမှာ မကြောက်နဲ့၊ လက်မတွန့်နဲ့၊ သူတို့က မင်းကိုဘာမှ အန္တရာယ်မပေးနိုင်ဘူး၊ ရေးရင်းရေးရင်း ဒီကိန်းဂဏန်းတွေနဲ့ မင်းနဲ့ရင်းနှီးယဉ်ပါးလာမယ်၊ လူတွေမေးကြည့်လိုက်ရင် ချမ်းသာချင်တဲ့လူချည်းပဲ။ ဒါပေမယ့် ကိုယ်ဘယ်လိုချမ်းသာရမယ် ဘယ်လောက်ချမ်းသာရမယ် စနစ်တကျ အစီအစဉ်ချတဲ့လူက တစ်ရာမှာတစ်ယောက်မရှိဘူး၊ ကိုယ်ကအဲဒီလူတွေနဲ့ ကွဲပြားဖို့လိုတယ်၊ စီမံကိန်းတွေရေး၊ စာရင်ဇယားတွေဆွဲ၊ ဘယ်အချိန်ဘာဖြစ်ရမယ် တွက်ကိန်းတွေချ၊ စဉ်းစားချရေး၊ စဉ်းစား-ချရေး၊ တဖြည်းဖြည်းနဲ့ ကိုယ်နဲ့အကိုက်ညီဆုံးလုပ်ငန်းအစီအစဉ်ပေါ်လာလိမ့်မယ်၊ လူတစ်ယောက်ချမ်းသာဖို့အတွက် ပထမဆုံးလိုအပ်ချက်က ချမ်းသာချင်စိတ် ပြင်ပြနေရမယ်၊ ချမ်းသာဖို့ အကြောင်းပဲ စိတ်ကူးထဲမြဲနေရမယ်၊ အဲဒီနောက် ကိုယ်လိုချင်တဲ့ ချမ်းသာမှုကို ကိန်းဂဏန်းနဲ့တကွ တိတိကျကျခေါင်းထဲ ပုံဖော်ရမယ်၊ ငွေကြေးအရေအတွက်တွေ၊ နှစ်လရက်စွဲတွေ သတ်မှတ်ရမယ်၊ အဲဒါတွေကို စောစောက ပြောတဲ့အတိုင်း စက္ကူပေါ်မှာချရေး၊ အဲဒီလို စာနဲ့ပေနဲ့ချရေးခြင်းဟာ ဒီဟာတွေကို စိတ်ကူးဘဝကနေ လက်တွေ့ဘဝဆီ ပြောင်းလဲလာစေဖို့ ပထမအဆင့် ဆောင်ရွက်လိုက်ခြင်းပဲ၊ ဒီနေရာမှာ တစ်ခုပြောစရာရှိသေးတယ်၊ ၅နှစ်အတွင်း သို့မဟုတ် ၁၀နှစ်အတွင်း သန်းကြွယ်သူဌေးဖြစ်ဖို့ဆိုပြီး ရည်မှန်းချက်ထားတဲ့ လူတွေစဉ်းစားရမယ့် အချက်၊ အကယ်၍ အဲဒီချမ်းသာချင်သူတစ်ယောက်သည် အခုလက်ရှိအလုပ်နဲ့ တစ်နှစ်မှာ ငွေနှစ်သောင်း ရတယ်၊ ဒီအလုပ်မှာ ဆက်နေရင် တစ်နှစ်ကို ၁၀ရာခိုင်နှုန်းလောက်စီပဲ နောက်ထပ်တိုးဖို့ရှိတယ်ဆိုပါတော့၊

ဒီလူဟာ ဒီအလုပ်မှာ ဆက်ထိုင်နေလို့တော့ ဒီတစ်သက် သန်းကြွယ်သူဌေးဖြစ်ဖို့ မျှော်လင့်ချက်မရှိဘူး၊ အဲဒီတော့ သူကြံစည်ရမယ်၊ နှစ်ဆတိုးဘို့ နည်းလမ်းကို ရှာကြံရမယ်။

"ကဲ ဒါခဏထားဦး၊ နှစ်ဆတိုးတဲ့နည်းက တစ်သန်းရရှိရေး ဖော်မြူလာတစ်ရပ်အနေနဲ့ပြောတာ၊ သို့သော် သူ့တစ်နည်းတည်း ရှိတာမဟုတ်ဘူး၊ ကိုယ့်ပိုင်ဆိုင်မှု တိုးတက်ဖို့ လုပ်နိုင်တဲ့ အခြားနည်းလမ်းတွေ ဖော်မြူလာတွေရှိသေးတယ်။

"ဒီဖော်မြူလာတွေမှာ အဓိကအနှစ်သာရက ကိန်းဂဏန်း တိတိကျကျ အချိန်ကာလ တိတိကျကျရှိခြင်းပဲ၊ ငွေတစ်သန်းမှ မဟုတ်ဘူး၊ ဒီထက်များတဲ့ ကိန်းဂဏန်းဖြစ်စေ ဒီထက်နည်းတဲ့ ကိန်းဂဏန်းဖြစ်စေ၊ တိတိကျကျရှိဖို့ဟာ အဓိက အရေးကြီးတယ်၊ ဝိုးတိုးဝါးတားနဲ့က ဘာမှလုပ် လို့မရဘူး၊ ဥပမာ ဆိုပါတော့ ကိန်းဂဏန်းအသေးလေးပါပဲ၊ မောင်ရင်က အခုလက်ရှိထက် တစ်နှစ်မှာ ဒေါ်လာ ၅၀၀၀ပဲ ပိုရချင်တယ်ဆိုပါတော့၊ လောလောဆယ် မင်းရနေတာက ၂၅၀၀၀၊ အဲဒါမှာ ၅၀၀၀ တိုးပြီး ၃၀၀၀၀ ရချင်တယ်၊ အိမ်အသုံး အဆောင်ပစ္စည်းလေးတချို့ဝယ်ချင်လို့ဆိုပါတော့၊ မင်းသုံးရမယ့် ဖော်မြူလာက ငါ ဒီနှစ်အတွင်း ဒေါ်လာ ၅၀၀၀ ပိုရရမယ်၊ ဒါမှမဟုတ် ငါဒီနှစ်အတွင်း ဝင်ငွေ ၃၀၀၀၀ ရရမယ်ဆိုပြီး ကိုယ့်ကိုကိုယ် အကြိမ်ကြိမ်ပြော၊ စာရွက်မှာ အကြိမ်ကြိမ်ချရေး၊ အဲဒါဘယ်လိုရမလဲဆိုတာ သိစရာ မလိုသေးဘူး၊ လက်ရှိအလုပ်နဲ့တော့ မရနိုင်ဘူးဆိုတာ လောက်ကို လောလောဆယ်သဘောပေါက်ရင် လုံလောက်တယ်၊ ဒါလည်းပဲ ရုတ်တရက်ဆိုရင်တော့ ဟာ ဒါလောက်တော့ သိတာပေါ့၊ အရှင်းကြီးပဲလို့ ထင်စရာရှိတယ်၊ ဒါပေမယ့် တကယ့်လက်တွေ့ကျတော့ အဲဒါကို ကိုယ်သတိ မမူမိကြတာ။ လူအတော် များများကို တစေ့တစောင်း အကဲခတ်ကြည့်၊ လက်ရှိအနေအထားထက်တော့ တိုးတက်ချင်တယ်၊ ချမ်းသာပြည့်စုံချင်တယ်၊ ဒါပေမယ့် ဒီအတွက် ဘာလုပ်ရမလဲ စဉ်းစားတဲ့လူ သိပ်မရှိဘူး၊ ဒါဘာဖြစ်လို့လဲ၊ လက်ရှိအနေအထားကို မကျေနပ်ဘူးလို့တော့ဆိုတယ်၊ ဒါပေမယ့် တကယ်တန်းကျတော့ အဲဒီအခြေအနေက ကျွတ်လွတ်ချင်စိတ် သိပ်ထက်ထက်သန်သန်မရှိတဲ့ အတွက်ကြောင့်လို့ ဆိုရမလိုပဲ၊ ကျွတ်လွတ်ချင်စိတ် ထက်သန်ရင် ကျွတ်လွတ်ဘို့ လမ်းစမုချပေါ်လာရမှာပဲ၊ ဆိုပါတော့ကွာ၊ မင်းဒီနှစ်မှာ အရင်နှစ်တွေကထက် ဒေါ်လာ ၅၀၀၀ ပိုလိုချင်တယ်၊ ဒါမှမဟုတ် တစ်သောင်းပိုလိုချင်တယ်၊ ဒါပေမယ့် ဘယ်လို ပိုရလာနိုင်မလဲ လမ်းစမမြင်ဘူးဆို ပါတော့၊ ဒါပူစရာမလိုဘူး၊ ဒါ မဖြေရှင်းနိုင်တဲ့ အခက်အခဲကြီး မဟုတ်ဘူး၊ အရေးကြီးတာက မင်း မသိစိတ်ထဲမှာ မင်းရဲ့ အဲဒီအလိုဆန္ဒ အဲဒီရည်မှန်းချက်ပန်းတိုင်စွဲမြဲသွားအောင် ထပ်တလဲလဲရိုက်ထည့် ပေးနိုင်ဖို့ပဲလိုတယ်၊ ငွေကြေး ဘယ်ရွေ့ဘယ်မျှကို ဘယ်နေ့ဘယ်ရက်နောက်ဆုံး ထားပြီး ရရမယ်ဆိုတာ ကြေးဆိုင်းဘုတ်မှာ ထွင်းသလို ထင်းနေအောင် ရေးထွင်းပေးရမယ်၊ ပြီးရင် အသာထားလိုက်တော့ ကျန်တဲ့အပိုင်းကို မသိစိတ်က ဆက်လုပ်သွားလိမ့်မယ်၊ မသိစိတ်က မင်းကိုအခွင့်အရေးအတွက် အမြဲအဆင်သင့်ရှိအောင် ပြင်ထားပေးလိမ့်မယ်၊ တမင်တကာအားစိုက်ထုတ်မနေရဘဲ မင်းဟာ အခွင့် အရေးမြင်ရင် လှမ်းစွဲဖို့ ခြေဖျားထောက်နေမိလိမ့်မယ်၊ သေသေချာချာ အံ့အားသင့်စရာ ကိစ္စကြီးတွေတောင် စွမ်းဆောင်ပေးသွားလိမ့်ဦးမယ်၊ တစ်နှစ်အတွက် ဝင်ငွေဒေါ်လာ တစ်သောင်းတိုးဖို့ကိစ္စလောက်တော့ သူ့အသာလေး လုပ်သွားမှာပဲ၊ ကိုယ်လုပ်ရမှာက မသိစိတ်ထဲက ရည်မှန်းချက်ပန်းတိုင်အစွဲပိုပြီး ကြီးထွား နိုင်မြဲအောင် နေ့စဉ် ထပ်လောင်းနှိုးဆော် ဖြည့်ဆည်းပေးဖို့ ပြီးတော့ မသိစိတ်ရဲ့စွမ်းအားတွေနဲ့ ထကြွ လုပ်ကိုင်ဖြစ်လာတဲ့ အစိတ်အပိုင်းတွေကို ထိန်းသိမ်းကွပ်ကဲပေးဖို့၊ ဒါပဲ၊ အဲဒီလိုသာ လုပ်ပေးနိုင်ရင် မသိစိတ်ဟာ အဝေးထိန်းခလုပ်နဲ့ ပစ်ခတ်လိုက်တဲ့ ဒုံးကျည်တစ်ခုလို ခရီး မိုင်ပေါင်းများစွာ အတားအဆီး ပေါင်းများစွာကို ကျော်လွှားပြီး ပစ်မှတ်ပန်းတိုင်ကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားမှာပဲ။ ဒီမှာ တစ်ခုသတိပေးချင်တာက ပစ်မှတ်ပန်းတိုင်ချတဲ့အခါ သိပ်နိမ့်နိမ့်ကျကျ မချမိစေဖို့ပဲ၊ အောင်မြင်ကြီးပွားချင်တဲ့ ဆန္ဒ ရှိလာပြီဆိုပေမယ့်လဲ လူတွေမှာ ကိုယ့်ကိုကိုယ် နဲ့ပတ်သက်တဲ့ အထင်အမြင်၊ တစ်နည်းအားဖြင့် ကိုယ့်ခေါင်းထဲမှာရှိတဲ့ အတ္တပုံရိပ်က သေးမွှားနေတတ်တယ်၊ အဲဒီတော့ ပန်းတိုင်နိမ့်နိမ့် ချမိတတ်တယ်၊ ကိုယ့်ကိုကိုယ်နိမ့်လွန်းရင် တစ်ခါတစ်ရံ အဲဒီနိမ့်ထားသလောက်တောင် မရတာမျိုး ကြုံတတ်တယ်။"

" ငါ့ ကုမ္ပဏီတစ်ခုအတွက် မန်နေဂျင်းဒါရိုက်တာ တစ်ယောက်ခန့်တုန်းက အတွေ့အကြုံ ပြောရအုံးမယ်၊ အရင်လေးငါးနှစ်လောက်ကပါ၊ ငါတွက်ထားတာက ဒီလုပ်ငန်းကို တကယ့်ကြီးကြပ်နိုင်မယ့် ပုဂ္ဂိုလ်ဆိုရင် တစ်နှစ်မှာ ဒေါ်လာ ၄ သောင်းခွဲ လောက်အထိ ပေးနိုင်တယ်၊ အဲသလောက်ထိုက်တန်တယ်လို့ စိတ်ထဲမှာ မှတ်ထားတယ်၊ ဒါနဲ့ သင့်တော်တယ် ထင်ရတဲ့ သူတစ်ယောက်ကို ခေါ်တွေ့မေးမြန်းတော့ အရည်အချင်းက မဆိုးဘူး၊ ငါသဘောကျတယ်၊ ဒါပေမယ့် လုပ်ခအကြောင်း စကားစတော့ သူက စိတ်လှုပ်လှုပ် ရှားရှားပုံစံမျိုးနဲ့ပြောတယ်၊ " သုံးသောင်းထက်နည်းရင်တော့ ကျွန်တော်လက်မခံနိုင်ဘူး " တဲ့ လေသံကခပ်တင်းတင်း ခပ်ပြတ်ပြတ်၊ ဒါနဲ့ငါလည်း အတော်ကြာကြာ စဉ်းစားနေတဲ့ဟန်မျိုးနဲ့ ငြိမ်နေပြီးမှ

" အင်းလေ ခင်ဗျားက လုပ်ငန်းအတွေ့အကြုံများပြီးသား ပုဂ္ဂိုလ်ဖြစ်နေတော့ သုံးသောင်းဆိုလည်း ကျွန်တော်ပေးရမှာပေါ့ " လို့ ကိုယ့်ဘက်က အတော်ကြီး လျှော့လိုက်ရတဲ့ ပုံစံမျိုးနဲ့ ပြန်ပြောင်းပြောလိုက်တယ်၊ တကယ့်တော့ သူသုံးသောင်းခွဲတောင်းရင်လည်း ငါပေးမှာပဲ၊ လေးသောင်းလဲ ပေးမှာပဲ၊ အင်းတာဗျူး မလုပ်ခင်ကကို ခန့်ဖို့ဆုံးဖြတ်ရင် လေးသောင်းထိ ပေးနိုင်တယ်ဆိုတာ စဉ်းစားထားပြီးသားပဲ၊ ပြီးတော့ အင်တာဗျူးမှာ အစပိုင်းပြောလာတာတွေ အားလုံးကောင်းတယ်၊ ကိုယ်က သူ့ကို အတော်သဘောကျနေပြီ၊ သူက ငါးသောင်းတောင်းရင်တောင် ပေးလိုက်မှာ၊ အခုတော့ ဒီလူက မတောင်းတတ်တဲ့အတွက် အဲဒီမိနစ်ပိုင်း အတွင်းမှာ ဒေါ်လာနှစ်သောင်း နစ်နာသွားတယ်၊ ဒါတစ်နှစ်အတွက် ဆယ်နှစ်ဆိုရင် နှစ်သိန်းရှိတယ်၊ အဲဒါဘာကြောင့် ဒီလူရမသွားလဲ၊ စဉ်းစားကြည့်၊ သူ့ကိုယ်သူ တစ်နှစ်ငါးသောင်း ရသင့်သူလို့မှ မယူဆတာ၊ ငါ သူတောင်းတဲ့လစာကြားတော့ စိတ်တောင်ပျက်သွားတယ်၊ ဒီလူကို ခန့်မလို့စဉ်းစားထားတာ ပြန်ပယ်ဖျက်လိုက်ရင် ကောင်းမလားတောင်တွေးလိုက်မိတယ်၊ ဘာကြောင့်လဲဆိုတော့ လူတစ်ယောက်ရဲ့တန်ဖိုးကို အကောင်းဆုံး ဆုံးဖြတ်နိုင်မှာ အဲဒီလူကိုယ်တိုင်ပဲလို့ တို့ယူဆရမှာ မဟုတ်လား၊ သူ့အရည်အချင်း သူအသိဆုံးလေ၊ အခုသူကသူ့ရဲ့စီမံခန့်ခွဲ ရေးဆိုင်ရာ အရည်အသွေးတွေဟာ တစ်နှစ်ကို ဒေါ်လာ ၃သောင်းတန်ပါတယ်လို့ တန်ဖိုးဖြတ်လိုက်ပြီ၊ ငါလိုချင်လို့ လိုက်ရှာနေတဲ့လူက လေးသောင်းခွဲတန်တဲ့လူ ဟုတ်တယ်မလား၊ အဲဒီတော့ ငါလူရွေးတာများ မှားသွားပလား၊ စဉ်းစားရတော့မယ်၊ တကယ်က လူအနေနဲ့တော့ ငါရွေးတာမှန်ခဲ့ပါတယ်၊ သူဈေးတောင်းမကောင်းလို့ ငါနှစ်သောင်းသက်သာခဲ့တာပဲ လူအတော်များများနည်းတူပဲ၊ ဒီလူ့မှာ တကယ်တမ်းက အရည်အချင်ရှိပါတယ်၊ ဒါပေမယ့် ကိုယ့်ကို ကိုယ်အထင်သေးတယ်၊ ယုံကြည်မှုနည်းတယ်၊ အဲဒီတော့ ရှိတဲ့တန်ဖိုးထက်လျှော့တွက်တယ်၊ နောက်ကျတော့ မှာ သူ့တန်ဖိုးသူ တဖြည်းဖြည်းသိလာပြီး တိုးတိုးတောင်းတယ်၊ အဲဒီတော့မှ ငါကလည်း တစ်ဆင့်ပြီးတစ်ဆင့် တိုးတိုးပြီး ပေးရတာ၊ ဒီမန်နေဂျင်းဒါရိုက်တာ ဥပမာကို မင်းဘယ်တော့မှ မမေ့နဲ့၊ လောကကြီးနဲ့ ငါတို့ဆက်ဆံပုံဟာ ငါနဲ့ အဲဒီမန်နေဂျာဆက်ဆံခဲတဲ့ ပုံစံအတိုင်ပဲဆိုတာ မင်းမှတ်ထား၊ လောကဟာ သူ့ဆီက မင်းဘယ်လောက် တောင်းဆိုသလဲ၊ အဲဒီတောင်းဆိုသလောက်ပဲပေးတယ်၊ ဘယ်တော့မှ ပိုမပေးဘူး၊ လျော့လည်းမပေးဘူး၊ တို့က ဒါကိုသိဘူး၊ သူ့ဘာသာအလိုလိုများ တိုးတောင်းနေတာ တို့ရဖိုကြိုးစား နေတာထက် ပိုပေးလေမလား မျှော်နေမိတတ်ကြတယ်၊ ကဲငါပြောတာတွေလည်း အတော်များသွားပြီ၊ မင်းဘာတွေ ဘယ်လောက်သဘောပေါက်သလဲ မသိဘူး" ပါမောက္ခကြီးကမေးလိုက်သည်။

" ကြားရသမျှတော့ ကျွန်တော် သိပ်သဘောကျပါတယ်၊ ဒါပေမယ့် သိပ်ကောင်းလွန်းနေလို့ တကယ်မှ ဟုတ်နိုင်ပါမလား တွေးပူနေတယ်၊ "

" အေး ယုံရတာခက်ချင်ခက်မယ်၊ ဒါပေမယ့် အဲဒီအင်မတန်ရိုးစင်း လွယ်ကူတဲ့နည်းကလေးကပဲ ငါ့ကို သန်းကြွယ်သူဌေးဖြစ်အောင် လုပ်ပေးခဲ့တာပဲကွ၊ ငါ့ဆီက နည်းလမ်းကို ဆင့်ပွားရရှိကြတဲ့ တစ်ခြား ပုဂ္ဂိုလ်တွေလဲ ဒီနည်းနဲ့ပဲ ကြွယ်ဝခဲ့ကြတယ်၊ အရေးကြီးတာ စကားလုံးတွေပဲ၊ စကားလုံးတွေဟာသိပ်ကို တန်ခိုးစွမ်းအားကြီးမားတဲ့အရာတွေ၊ မင်းရဲ့စိတ်ဓာတ်ပိုပြီးကြံ့ခိုင်တည်ကြည်လာလေ မင်းနှုတ်က ထွက်တဲ့ စကားလုံး တွေဟာ တကယ့် အမိန့်ဒီကရီများလို့ တန်ခိုးအာနိသင်ထက်မြက်လာလေပဲ၊ မင်းတစ်ကိုယ်တည်း အခိုင်အမာပြောဆိုကြော်ငြာတဲ့ စကားတိုင်းဟာ အတွင်စိတ်စွမ်းအားတွေ ကိုယ့်ကိုကိုယ် ထပ်တလဲလဲ တိုက်တွန်းညွှန်းဆိုမှုတွေနဲ့ လောင်စာမပြတ်ထိုးပေးရင် အပြင်လက်တွေ့ဘဝမှာ အဲဒီကြော်ငြာစကားနဲ့ ထပ်တူပုံပေါ်လာရလိမ့်မယ်"

" နားထောင်ရတာတော့ သိပ်ကောင်းတယ်၊ ဒါပေမယ့် တကယ့်လက်တွေ့လုပ်ရမှာ တမျိုးကြီးပဲ" လူငယ်ကဆိုသည်။

" လုပ်ရမှာပဲ၊ ကိုယ်တိုင်လုပ်မှ ကိုယ်တိုင်ဖြစ်မှာ၊ ဒါရှက်စရာမဟုတ်ဘူး၊ မင်းကြီးပွားမယ့် အစီအစဉ်ပဲ၊ စာရွက်မှာ ချရေးထားတာကို နေ့စဉ်အခေါက်ခေါက်ရွတ်ရမယ်၊ ဘယ်နှစ်ခုနှစ် ဘယ်လမှာ တစ်သန်း ချမ်းသာရမယ်၊ ဒီနှစ်အကုန်မှာ ဘယ်လောက်၊ နောက်နှစ်မှာ ဘယ်လောက် အသံထွက်ပြီးတော့ကိုဆိုရမယ်၊ ဖြစ်နိုင်ရင် တစ်နေ့ အကြိမ်လေးငါးဆယ်ဆို၊ အကြိမ်တစ်ရာဆို၊ ငါဆိုရင် လက်ချိုးရေပြီး တော့ကိုဆိုတယ်"

" အတော်ကျင့်ယူရမှာပဲ"

" မှန်တယ်၊ အစပိုင်းမှာ သိပ်မလွယ်ဘူး၊ လူ့စိတ်က ငြိမ်တာမှမဟုတ်ပဲ၊ ဆယ်ကြိမ် လောက်ဆိုပြီးရင်စိတ်က ဟိုရောက်ဒီရောက်ရောက်ချင်တယ်၊ မလွင့်စေနဲ့၊ ပြန်ခေါ်၊ ပြန်ဆို၊ အကြိမ် ငါးဆယ်တော့ ဆိုဖြစ်အောင်ဆို၊ ကိုယ့်ကိုကိုယ်ပုံစံချ စည်းကမ်းချတဲ့နေရာမှာ ဒါအခြေခံလေးပဲရှိသေးတယ်၊

အဲဒီလောက်မှ ကိုယ့်ကိုကိုယ် မနိုင်ဘူး၊ မခိုင်းစေနိုင်ဘူးဆိုရင် ချမ်းသာဖို့ကိစ္စကို မတွေးနဲ့တော့၊ လက်လျှော့လိုက်တော့၊ မင်းမဖြစ်နိုင်ဘူးလို့သာ မှတ်လိုက်တော့၊ ကြီးပွားချင်တဲ့လူဟာ ဖွဲရှိရတယ်ကွ´

" ကြီးပွားရေးနည်းစဉ်ကို ဘာကြောင့် ရွတ်ဖို့လိုအပ်ရသလဲခင်ဗျ "

" မင်းမှာ ရှိပြီးသား ကြီးပွားချမ်းသားရေး စိတ်ဓာတ်ကို ပိုပြီး ကြီးထွားရှင်သန်အောင် အမြဲသွက်လက်နိုးကြားနေအောင် လုပ်ပေးဘို့အတွက်ပဲ၊ အသံထွက်ပြီး ရွတ်တဲ့ အခါကျတော့ အမိန့်က ကိုယ်ဘာသာပေးတာနဲ့ မတူဘူး၊ ပိုစွမ်းအားရှိတဲ့ပြင်ပတစ်နေရာကလာတဲ့ အမိန့်လိုသဘောမျိုးဖြစ်ပြီး သိစိတ်အပေါ် ဩဇာပိုကြီးကြီးမားမား သက်ရောက်တယ်၊ ရွတ်တဲ့အခါမှာ ဂါထာမန္တာန်တွေ ရွတ်သလို သေသေ ချာချာ ပီပီသသ ဒှာန်ကရိုဏ်ကျကျ ရွတ်ဖို့လိုတယ်၊ အဲဒီလိုရွတ်တော့မှ သူက တကယ်အသက်ဝင်လာမှာ"

ပါမောက္ခကြီးစကားကို လူငယ်အာရုံစူးစိုက် နားထောင်နေသည်။ လေးနက်တည်ကြည်စွားပင် ပါမောက္ခကြီးက ဆက်၍ ရှင်းလင်းပြောဆိုသည်။

" အစပိုင်းမှာ ကိုယ့်အသံကိုယ် ရှက်သလို ရွံ့သလိုဖြစ်နေလိမ့်မယ်၊ ဒါပေမယ့် ထပ်တလဲလဲရွတ်ရင်ဆိုရင်းကျင့်သားရလာမယ်၊ နားယဉ်လာမယ်၊ အစပထမ စက္ကူပေါ်ချရေးစဉ်က သိပ်ကြီးကျယ်လွန်းတယ် ထင်ရတဲ့ ရည်မှန်းချက်ပန်းတိုင်ဟာ ရွတ်ဖန်ဆိုဖန်များတဲ့အခါ တဖြည်းဖြည်း အလှမ်းမဝေးတဲ့ အရာတစ်ခုဖြစ်လာတယ်၊ ဖြစ်နိုင်တဲ့ဟာ ရနိုင်တဲ့ဟာဖြစ်လာတယ်၊ ဟာ လွယ်လွယ်လေးပါလို့ မြင်လာမယ်၊ ကြာလေ ကိုယ့်ကိုကိုယ့် ယုံကြည်စိတ် တိုးတက်လာလေပဲ"

" လုပ်တော့ လုပ်ပ့ါမယ်၊ ဒါပေမယ့် ရွတ်နေဆိုနေရင်က တစ်ခါတစ်လေ ကိုယ့်ကိုကိုယ် ရယ်ချင်သလိုများ ဖြစ်မလားမသိဘူး"

" အဲဒီလိုအခါမျိုးကျတော့ ပိုပြီးတောင် အကြိမ်များများထပ်ရွတ်ပစ်ရမယ်၊ ကိုယ့်ကိုကိုယ် မလျောင်နဲ့ သံသယစိတ်လုံးဝအဝင်မခံနဲ့၊ မင်းစိတ်ထဲမှာ ငါအမြဲတမ်းမင်းနဲ့ အတူရှိနေတယ်လို့မှတ်ထား၊ ငါ့ဆီက စိတ်ဓာတ်စွမ်းအားတွေမင်းဆီမှာ တဖြည်းဖြည်း ပြည့်တင်းလာလိမ့်မယ်လို့ ယုံကြည်ထား၊ ငါလုပ်နေတာတွေ ဟုတ်မှ ဟုတ်ရဲ့လား၊ ငါ့တကယ်ချမ်းသာနိုင်ပ့ါမလားလို့ ကိုယ့်ကိုကိုယ် သံသယ ဝင်လာတဲ့အခါတိုင်းမှာ ငါ့စကားကို သတိရ၊ မင်းမှုချအောင်မြင်ရမယ်လို့ ငါကတိပေးလိုက်တယ်။"

" ဆရာကြီးက ဘာကြောင့် ဒါလောက်အာမခံနိုင်ရတာလဲ။"

"ဘာကြောင့် အာမမခံနိုင်ရမှာလဲကွ၊ မင်းကသေချာနေပြီပဲဟာ၊ မင်းဟာ ငါ့လိုပဲ သန်းကြွယ်သူဌေးတစ်ယောက်မကြာခင်ဖြစ်လာတော့မယ်၊ အခုတောင်မှပဲ ဖြစ်စပြုနေပြီ၊ သန်းကြွယ်သူဌေးဖြစ်မယ့်နည်းလမ်းကို သိနေပြီ တကယ်လက်ခံယုံကြည်ပြီဆိုရင် တကယ်ဖြစ်မယ့် လမ်းကြောင်းပေါ်စပြီး ခြေချမိပြီပဲ၊ အချိန်လေးပဲ နည်းနည်းစောင့်ရတော့မယ်၊ အရေးကြီးတာ မင်းစိတ်ထဲမှာ တကယ်ပီပီပြင်ပြင်မြင်နေဖို့..."

" ဒါပေမယ့် လောလောဆယ်ကျွန်တော့်လက်ထဲ တစ်ပြားတစ်ချပ်မှ မရှိတာခက်တယ်"

" မပူနဲ့လေ၊ ကြီးပွားရေးဂါထာကိုသာရွတ်ပါ၊ တဖြည်းဖြည်း မင်းကိုယ်တွင်းမှာ အပြောင်းအလဲတွေ ဖြစ်လာလိမ့်မယ်၊ မင်းရဲ့ ရည်မှန်းချက်ပန်းတိုင်ဟာ တဖြည်းဖြည်းပိုပြီး သဘာဝကျတဲ့ ပန်းတိုင်ဖြစ်လာမယ် ၊ ဖြစ်နိုင်တဲ့ပန်းတိုင် ဖြစ်ရမယ့် ပန်တိုင်ဖြစ်လာမယ်၊ ကြီးပွားရေးရည်မှန်းချက်နဲ့ ကြီးပွားရေး နည်းစဉ်ဟာ မင်းဘဝရဲ့ အစိတ်အပိုင်းတစ်ခုလိုဖြစ်လာမယ်၊ အရင်တုန်းက ကိုယ့်ကိုကိုယ် မကြီးပွားမချမ်းသာနိုင်ဘူးလို့ စွဲမြဲယုံကြည်ထားတဲ့နေရာမှာ ကြီးပွားချမ်းသာမယ်ဆိုတဲ့ စွဲမြဲယုံကြည်စိတ် အစားထိုးဝင်ရောက်လာမယ်၊ မကြီးပွားနိုင်ဘူးလို့ ယုံကြည်တုန်းက တကယ်လည်းမကြီးပွားခဲ့တဲ မင်းဟာကြီးပွားရမယ်လို့ ထက်သန်ယုံကြည်လာပြီးတဲ့နောက်မှာ ကြီးပွားရေးလမ်းပေါ် တကယ်ရောက်လာမယ်၊ လူဟာ ကိုယ့်ဘဝကံကြမ္မာကို ကိုယ့်အတွေးအမြင်တွေ ကိုယ့်ယုံကြည်ချက်တွေနဲ့ ဆုံးဖြတ်ပြဌာန်းစမြဲပဲ၊ အခုမင်းဟာ မင်းရဲ့အနာဂတ်ထွန်းကားတောက်ပြောင်စေဘို့ မင်းဘာသာ ဆုံးဖြတ်ပြဌာန်းလိုက်ပြီလို့သာ အခိုင်အမာမှတ်ယူပေတော့ "

လူငယ်အားတက်သွားသည်။ ပါမောက္ခကြီး၏ စကားကို အတော်ပြည့်ပြည့်ဝဝကြီး သဘောပေါက်သွားပြီဟု သူ့ဘာသာ သိမှတ်လိုက်မိသည်။ သူ့အတွက် အဖိုးမဖြတ်နိုင်သော အတွေးအခေါ်တွေ အကြံပေးချက်တွေ ဆိုတာ သူလက်ခံယုံကြည်သွားပြီ။ မှန်သည်။ အဘိုးကြီး၏ နည်းတွေက တစ်ခါတစ်ရံ နည်းနည်းတော့ ကြောင်သလိုရှိသည်။ သို့သော် တကယ်တမ်း အလုပ်ဖြစ်မည်ဆိုက ဘာကို ဂရုစိုက်စရာလိုမည်လဲ။

"........ ဒီလူတွေက ဘာနဲ့ တူသလဲဆိုတော့.... ချမ်းသာချင်ပါတယ်ဆိုတဲ့ လူမျိုးတွေ၊ ချမ်းသာချင်တာ တော့အမှန်ပဲ၊ ဒါပေမယ့် ခင်ဗျားတစ်နစ်မှာ ပိုက်ဆံ ဘယ်လောက် လိုချင်တာလဲ ရုတ်တရက် ကောက်မေးကြည့် မယ်ဆိုရင် ကြောင်နေမယ်၊ ဘာဖြေရမှန်းမသိဘူး၊ ဘယ် သိမလဲစဉ်းစားမှ မထားတာ၊ သူ့ခေါင်းထဲမှမရှိတာ၊ အဲဒီတော့ ဘယ်သွားရမှန်းမသိတဲ့ လူတစ်ယောက် ဘယ်မှမရောက် နိုင်သလို ဘယ်လောက်ချမ်းသာချင်ရမှန်း မသိတဲ့လူလည်း ဘာမှမချမ်းသာနိုင်ဘူးပေါ့။........."

## အခန်း (၁၂)
## ဘဝနှင့် ချမ်းသာသုခအကြောင်း သိနားလည်ရခြင်း

"မင်းကို အထောက်အကူပြုဖို့အတွက် ပိုပြီးယေဘုယျကျတဲ့ ဖော်မြူလာတစ်ခု ငါပေးဦးမယ်၊ မင်းဘဝတစ်လျှောက်လုံး အလွန်ကြီးမားတဲ့ အကျိုးကျေးဇူးတွေပေးမယ့် ဖော်မြူလာပါ၊ မင်းကို အတွင်းရောအပြင်ပါ ပြောင်းလဲပစ်လိမ့်မယ်၊ မင်းအတွက် ရုပ်ဝတ္ထုပိုင်ဆိုင်မှုတွေသာမက တကယ့်စစ်မှန်တဲ့ ချမ်းသာသုခကိုပါ ဖန်တီးပေးလိမ့်မယ်၊ သူက ဓနငွေကြေးဆိုင်ရာ နည်းစဉ်တွေလောက်တော့ တိတိကျကျကြီး မဟုတ်ဘူး၊ ဘဝနဲ့ပတ်သက်တဲ့ သဘောထားအမြင်တစ်ခုလို့ပဲ ဆိုရလိမ့်မယ်" ပါမောက္ခကြီးက စကားပလ္လင်ခံသည်။

"ဒီလိုကွယ့်၊ ဓနဖော်မြူလာက မင်းကိုငွေကြေးဆိုင်ရာရည်မှန်းချက်တွေ ပြီးမြောက်ပြည့်စုံအောင် ဖန်တီးစီရင်ပေးလိမ့်မယ်၊ ဒါပေမယ့် ဓနကြေးငွေနောက်ကို လိုက်နေတဲ့ ကာလတစ်လျှောက်လုံးမှာ မင်းမမေ့လျော့ဖို့က စိတ်ချမ်းသာပျော်ရွှင်မှုဆုံးရှုံးရင် အရာရာကို ဆုံးရှုံးလိမ့်မယ်ဆိုတဲ့ အချက်ပဲ၊ ငွေနောက်ကိုလိုက်ပြီး ငွေကိုပဲ တစ်စွဲတည်းစွဲတဲ့အခါ ဘဝရဲ့ ချမ်းသာသုခတွေကို မခံစားနိုင်ဖြစ်သွားတတ်တယ်၊ တစ်လောကလုံးကို ပိုင်ဆိုင်ခွင့်ရပေမယ့် ကိုယ့်နှလုံးသားကိုတော့ ဆုံးရှုံးရမယ်ဆိုရင် ဘယ်မှာအကျိုးအမြတ်ရှိပါတော့မလဲ ဆိုတဲ့ စကားတစ်ခုရှိတယ်၊ ဒီစကားမျိုးငါသုံးတော့ စိတ်ကူးယဉ်ဆန်တယ် လက်တွေ့မကျဘူးလို့ မင်းထင်ချင်ထင်မယ်၊ ဒါပေမယ့် မဟုတ်ဘူးကွ၊ ငွေဆိုတာ ကျေးကျွန်အဖြစ် သိပ်ကောင်းပြီး သခင်အဖြစ်တော့ သိပ်ဆိုးတယ်ဆိုတာအမှန်ပါ"

"ငွေနဲ့ ချမ်းသာသုခ အတူတွဲမရှိနိုင်ဘူးလို့ ဆိုချင်တာလား ဆရာကြီး"

"မဟုတ်ပါဘူး၊ လုံးဝမဆိုလိုပါဘူး၊ ဒါပေမယ့် ငွေက မင်းကို အစိုးရမသွားဖို့တော့ မင်းသိပ်သတိထားရလိမ့်မယ်၊ သူဌေးကြီး ဂျွန်ဒီရော့ကဖဲလားအကြောင်း မင်းကြားဖူးမှာပေါ့၊ တစ်ခါတုန်းက ကမ္ဘာပေါ်မှာ အချမ်းသာဆုံး ပုဂ္ဂိုလ်ကြီး၊ ဒါပေမယ့် သူ့ခေါင်းထဲမှာ ငွေအကြောင်းပဲ တွေးနေ ငွေအတွက်ပဲ စိုးရိပ်ပူပန်နေတယ်။ ငါ့ကို ဘယ်သူတွေကလိမ်မလဲ၊ ငါခိုင်းထားတဲ့ ဘယ်သူတွေက သစ္စာဖောက်သွားမလဲ၊ အမြဲတကြောင့်ကြကြဖြစ်နေတော့ သူကပိုက်ဆံရှိပေမယ့် စည်းစိမ်မခံနိုင်ဘူး၊ သူကငွေကိုမပိုင် ငွေကသာ သူ့ကိုပိုင်ပြီး သူ့အရှင်သခင် ဖြစ်သွားတယ်၊ သူ့မှာငွေတွေကုန်သွားမှာ စီးပွားပျက်သွားမှာ ကြောက်တဲ့စိတ်တွေ နှိပ်စက်တဲ့အတွက် စိတ်ထောင်းကိုယ်ကြေ ဆိုတာလိုဖြစ်ပြီး ခန္ဓာကိုယ်မှာ ရောဂါဘယတွေ ဝင်လာတယ်၊ အစာအိမ်က ခံနိုင်ရည်မရှိဖြစ်လာတယ်၊ နို့နဲ့ပေါင်မုန့်ကလွဲလို့ ဘာမှမစားနိုင်ဘူး၊ သူခိုင်းထားတဲ့ အနိမ့်ဆုံးအဆင့် စာရေးကမှ သူ့ထက်စားနိုင်သောက်နိုင် ကောင်းကောင်းမွန်မွန်နေနိုင်သေးတယ်၊ သူနဲ့ဒီစာရေးကလေး ဘယ်သူကပိုချမ်းသာသလဲ စဉ်းစားစရာဖြစ်လာတယ်၊"

"ဆရာကြီးက ကျွန်တော့်မျက်စိရှေ့ရွှေတွေငွေတွေလဲ စုပုံပြတယ်၊ တစ်ဖက်ကလည်း ချောက်လှန့်နေပြန်တယ်၊"

"ဟာ ဒီလိုမဟုတ်ဘူးလေကွာ၊ ငါက ပိုက်ဆံတော့ ချမ်းသာပြီး လူစိတ်မချမ်းသာဘူးဆိုတဲ့ အဖြစ်မျိုးမရောက်ရအောင် မင်းကိုနည်းလမ်းပေးဖို့ ကြိုးစားနေတာ၊ တခြားသူဌေးသူကြွယ်တွေ ငွေရှာသမားတွေကျသွားတဲ့ ချောက်ထဲမင်းရောက်မသွားအောင် ကြိုကြိုတင်တင် တားဆီးပေးနေတာ၊ လူတွေက အစတုန်းက ငွေမရှိဘူးကွ၊ မရှိတဲ့အခါ လောဘလည်းနည်းတယ်၊ ဆုံးရှုံးမှာကြောက်တဲ့ စိတ်လဲမရှိဘူး၊ ချမ်းသာအောင် ကြိုးစားတဲ့အခါ ငွေတွေစရလာတယ်၊ ဒီငွေရတော့ ပိုပိုပြီးလိုချင်တယ်၊ ပိုပိုရှာတော့ ပိုပိုရလာတယ်၊ ကိုယ့်လက်ထဲများလာပြီဆိုတဲ့အခါကျတော့ ဒီဟာတွေဆုံးရှုံးမှာ ကြောက်တဲ့ စိတ်က စဝင်လာရော၊ ငွေရဲ့ကျေးကျွန်ဖြစ်တော့တာပဲ။

" ဒီဟာကို ကာကွယ်ဖို့ ငါကိုင်ဆောင်ထားတဲ့ နည်းက သိပ်လွယ်တယ်၊ သိပ်ရှင်းတယ်၊ ဆေးပညာကြီး အေမိးလ်ကူအေးရဲ့ ကျန်မာရေး နည်းစဉ်ကို ယူထားတာ၊ သမားတော်ကြီး ကူအေးက သူ့လူနာတွေကို ရွတ်ခိုင်းတဲ့စကားရှိတယ်၊ "တစ်နေ့တစ်ခြား ငါဟာအဘက်ဘက်က ပိုပြီးကောင်းသထက်ကောင်းလာတယ်" ဆိုတဲ့စကား၊ ဒီစကားကို ဂါထာရွတ်သလို အကြိမ်ကြိမ်ရွတ်ကြည့်၊ မနက်အကြိမ်ငါးဆယ်၊ ညအကြိမ်ငါးဆယ်၊

နေ့မှာလည်း အကြိမ်ပေါင်းများစွာ အဲ ဒီလိုရွှတ်မယ်ဆိုရင် ရွှတ်နိုင်တာနဲ့ အမျှ အကျိုးများမယ်၊ များများရွှတ်နိုင်ရင် များများအကျိုး သက်ရောက်မှုရှိတာ မင်းတွေ့လာရမယ်၊"

ပါမောက္ခကြီး၏ ထက်သန်ယုံကြည်စွာပြောဆိုလျှက်ရှိသော စကားများကို လူငယ်စူးစိုက်နားထောင်နေမိသည်။ ပါမောက္ခကြီး၏ ဘဝဒဿနကို သူသဘောပေါက်လာသည်။ ပါမောက္ခကြီးသည် လူ့ဘဝအတွက် အကောင်းဆုံး နေထိုင်နည်းတစ်ရပ်ကို တွေ့ရှိထားသူတစ်ဦးပါတကားဟု သူမြင်လာသည်။ သည်ပုဂ္ဂိုလ်ကြီးသည် သူ့တွေ့ဖူးသမျှထဲတွင် မိမိကိုယ်တိုင်၏ ဘဝအတွက် ကျေနပ်နှစ်သက်မှုအရှိဆုံး ပုဂ္ဂိုလ်တစ်ဦး၊ ချမ်းသာသုခအပြည့်အဆုံး ပုဂ္ဂိုလ်တစ်ဦးပါတကားဟု သူလေးစားကြည်ညိုလာမိသည်။

" လူတွေက များသောအားဖြင့် စိတ်ချမ်းသာချင်ကြသူတွေချည်းပါပဲ " ပါမောက္ခကြီးက စကားဆက်သည်။

" ဒါပေမယ့်ကိုယ်လိုချင်တာဘာလဲ၊ ကိုယ့်ဘာသာမသဲကွဲတော့ ဘာကိုရှာရမလဲ တိတိကျကျ မသိကြဘူး၊ အဲဒီတော့ သေသာသွားတယ်၊ ဘာမှ တွေ့မသွားကြဘူး၊ အကယ်၍ သူတို့မျက်စိရှေ့တည့်တည့်မှာရောက်နေရင်တောင် ဒါတော့ငါရှာနေတဲ့ဟာပဲလို့ မသိမှတ်မိတော့ မယူဖြစ်မရဖြစ်ဘူးပေါ့၊ ဒီလူတွေက ဘာနဲ့တူသလဲဆိုတော့ တို့မနေ့ကပြောတဲ့ ချမ်းသာချင်ပါတယ်ဆိုတဲ့ လူမျိုးတွေ၊ ချမ်းသာချင်တာတော့အမှန်ပဲ။ ဒါပေမယ့် " ခင်ဗျားတစ်နစ်မှာ ပိုက်ဆံဘယ်လောက်လိုချင်တာလဲ " ရုတ်တရက်ကောက် မေးကြည့်မယ်ဆိုရင် ကြောင်နေမယ်၊ ဘာဖြေရမှန်းမသိဘူး၊ ဘယ်သိမလဲ ဘယ်သွားရမှန်မသိတဲ့ လူတစ်ယောက်ဘယ်မှ မရောက်နိုင်သလို ဘယ်လောက်ချမ်းသာချင်ရမှန်မသိတဲ့လူလည်း ဘာမှ ချမ်းသာနိုင်ဘူးပေါ့။ ငွေကြေးချမ်းသာမှုကိစ္စနည်းတူ စိတ်ချမ်းသာမှုကိစ္စမှာလည်း ဒီနည်းအတိုင်းဖြစ်တာပဲ။ "

ဒီတစ်ခါတော့ လူငယ်ခေါင်းထဲ အတော်ကြီးရှင်သွားသည်။ သူပြောတော့လည်း သိပ်ကိုလွယ်သိပ်ကိုရှင်နေတာပဲဟု သူသဘောပေါက်လိုက်သည်။ ငါဘာကြောင့်အရင်က ဒီလိုမျိုးမတွေးမိခဲ့ဖူး ရတာလဲ ဟူ၍ ကိုယ့်ကိုကိုယ်အပြစ်တင်လိုက်မိသည်။ အင်းငါကိုယ်က အချိန်လေးနည်းနည်းပါးပါးယူပြီး စဉ်းစားတွေးခေါ်မှု နည်းပါးတာ၊ ငါနောင်ကိုအခုထက်အများကြီး ပိုစဉ်းစားမယ်၊ စဉ်းစားဆင်ခြင်တဲ့ အလုပ်ကို များများလုပ်လာတာနဲ့အမျှ အမှားအယွင်းတွေ ကင်းစင်လာမယ်စသဖြင့် သူတွေးတောနေမိသည်။

"ချမ်းသာသုခဆိုတာကို လူအမျိုးမျိုးက ရှုထောင့်အမျိုးမျိုးကနေ အမျိုးမျိုးအဖုံဖုံ အဓိပ္ပာယ်ဖွင့်ခဲ့ကြတယ်၊ ငါကတော့ အဓိပ္ပာယ်ဖွင့်မနေချင်ဘူး၊ ချမ်းသာသုခရရှိရေးအတွက် သော့ချက်ကိုပဲပေးချင်တယ်၊ လူတိုင်းလူတိုင်းသုံးစွဲလို့ရတဲ့နည်းပါ၊ အဲဒါက ဘာလဲဆိုတော့ လောလောဆယ် ကိုယ်အမှန်တကယ် စိတ်ချမ်းသာမှုရှိသလား မရှိဘူးလား အကဲဖြတ်တဲ့နည်း၊ လောလောဆယ်ကိုယ်လုပ်နေတဲ့ အလုပ်ဟာ ကိုယ့်အတွက် ချမ်းသာသုခကို ဖြစ်စေသလား မဖြစ်စေဘူးလား ဆုံးဖြတ်ပိုင်းခြားနိုင်တဲ့နည်း၊ ဒီနည်းကို ပြောလိုက်ရင် ရုတ်တရက်မင်း အံ့အားသင့်သွားမယ်၊ စိတ်ထဲအနှောက်အယှက်ဖြစ်ချင် ဖြစ်သွားမယ်၊ ဘာကြောင့်လဲဆိုတော့ ဒီနည်းအရဆိုရင် မင်းကိုယ်မင်း မေးခွန်းတစ်ခုမေးရမယ်၊ အကယ်၍ ငါဒီညသေရမယ်ဆိုရင် သေကာနီးအချိန်မှာ ကိုယ့်ကိုကိုယ် ငါဒီကနေ့လုပ်ဖို့ စီစဉ်ထားတဲ့ ကိစ္စတွေ အားလုံးဆောင်ရွက်ပြီးစီးခဲ့ပြီလို့ပြောနိုင်မလား ဆိုတဲ့ မေးခွန်း၊"

လူငယ်နည်းနည်းမျက်လုံးပြူးသွားသည်။ "ရှင်းပါအုံးခင်ဗျ၊ ကျွန်တော်သဘောမပေါက်ဘူး" သူကမေးသည်။

"မင်းရဲ့အတွင်းစိတ်က ဒီတစ်နေ့တာအဖို့ ဒီဟာတွေလုပ်သင့်တယ်လို့ မှတ်ယူထားတဲ့ဟာတွေအားလုံးကို မင်းလုပ်ကိုင်နိုင်ခဲ့ပြီးပြီ ဆိုလို့ရှိရင် အဲဒီနေ့အဖို့ လောကကြီးထဲက မင်းလွတ်လွတ်ကျွတ်ကျွတ် ထွက်သွားနိုင်တာပဲကွ၊ ဒါပေမယ့် တစ်ခုတော့ရှိသေးတယ်၊ မင်းလုပ်တဲ့အလုပ်ဟာ လုပ်သင့်တဲ့ အလုပ်ဟုတ်မဟုတ် သေချာအောင် ချိန်းထိုးကြည့်ဖို့လိုသေးတယ်။ အဲဒီအတွက်အကောင်းဆုံးကတော့ ကိုယ်လုပ်နေတဲ့ အလုပ်ကို နှစ်သက်ခြင်းရှိမရှိစီစစ်တဲ့နည်းပဲ၊ ကိုယ်နှစ်ခြိုက်ခြင်း မရှိတဲ့ အလုပ်ကို လုပ်နေကြသတွေဟာ မပျော်ရွှင်နိုင်ကြဘူး၊ သူတို့ဟာ ငါဘာလုပ်ရရင် သိပ်ကောင်းမှာပဲဆိုတဲ့ အတွေးမျိုးနဲ့ပဲ အချိန်ကုန်ကြရတယ်၊ ဒါပေမယ့် တကယ်တမ်းကျတော့ အဲဒီသိပ်လုပ်ချင်ပါတယ်ဆိုတဲ့ အလုပ်တွေ ဘယ်တော့မှ သူတို့မလုပ်ကြရဘူး၊ အဲဒီတော့ ချမ်းသာသုခနဲ့လည်း မုချကင်းဝေးကြရတယ်၊ စိတ်ချမ်းသာမှု မရှိတဲ့ လူတွေဟာသေဖို့လည်း အဆင့်သင့်မရှိတတ်ကြဘူးကွ၊"

"ကျွန်တော်က အခုမှ လူ့ဘဝမှာ အစပြုရုံပဲရှိပါသေးတယ်၊ ဆရာကြီးက ကျွန်တော့်ကို သေဖို့ အကြောင်းတွေ ပြောနေလိုက်တာ သေခြင်းတရားက ကျွန်တော်နဲ့ လက်တစ်ကမ်းလောက်ရောက်နေတဲ့ အတိုင်းပဲဗျာ" လူငယ်က စိတ်မသက်သာဟန်ဖြင့်မေးသည်။

"ငါပြောလိုက်တဲ့ အတွေးအခေါ်က ရုတ်တရက် ကြည့်လိုက်ရင် မရဏအတွေးအခေါ်လို့ ထင်စရာအကြောင်းရှိတာမှန်ပါတယ်၊ ဒါပေမယ့် တကယ်တမ်းကတော့ ရှင်သန်မှုအတွေးအခေါ်ပါ။ ရှင်သန်မှုဘက်က ရာနှုန်းပြည့်ရပ်တဲ့ အတွေးအခေါ်ပါ။ ဘာကြောင့်လဲဆိုတော့ ကိုယ်တကယ်နှစ်သက်တဲ့ အလုပ်တွေကို လုံးဝလုပ်ခွင့်မရကြတဲ့ ပုဂ္ဂိုလ်တွေဟာ အသက်ရှင်လျက် သေနေသူတွေပဲကွ၊ ဒီကစ္စကို သဘောပေါက်အောင် ငါမေးခွန်းတစ်ခုထုတ်မယ်၊ အဲဒါမင်းကိုယ်မင်း သေသေချာချာမေးကြည့်၊ ကိုယ့်ကိုကိုယ်မလိမ်မညာ အမှန်အတိုင်းဖြေ၊ မင်းမနက်ဖြန်မှာသေရမယ်လို့ ကိုယ့်ဘာသာသိနေမယ်ဆိုပါတော့ ဒီနေ့လုပ်မယ့် လုပ်ငန်းအစီအစဉ်တွေကို မင်ပြောင်းလဲ ပစ်မလား မပြောင်းလဲဘူးလား၊"

"ကျွန်တော်သေသေချာချာတော့ မပြောနိုင်ဘူးထင်တာပဲ၊"

"သေမယ်ဆိုတာ သိတာနဲ့တစ်ပြိုင်နက် လိုအပ်တဲ့ကိစ္စဝိစ္စတွေ အရေးတကြီး ထစီစဉ်ချင်စီစဉ်မှာပေါ့၊ ဥပမာသေတမ်းစာရေးချင်ရေးမယ်ကွာ၊ မိသားစုကိုနှုတ်ဆက်မယ်၊ ဆွေမျိုးတွေနှုတ်ဆက်မယ်၊ ဒါပေမယ့် ဒီကစ္စတွေအားလုံး အချိန်ဆွဲမနေပဲ ခပ်မြန်မြန်လုပ်တော့ တစ်နာရီနဲ့ပြီးသွားတယ်ဆိုပါတော့၊ ကျန်တဲ့ ၂၃နာရီမှာ ဘာလုပ်မလဲ၊ ဒီမေးခွန်းကို မင်းနဲ့သိတဲ့လူတိုင်းကို စမ်းပြီးမေးကြည့်၊ အဖြေနှစ်မျိုးထွက်တာတွေရလိမ့်မယ်၊ စိတ်ချမ်းသာပျော်ရွှင်မှုမရှိတဲ့ သူတို့ဘဝကို သူတို့မကျေနပ်နိုင်ကြတဲ့ လူတွေက သူတို့လက်ရှိအလုပ်နဲ့ လုံးဝခြားနားတဲ့ အလုပ်တစ်ခုခုကို လုပ်ကိုင်ချင်ကြောင်း ဖြေလိမ့်မယ်၊ ဒါအမှန်ပဲ၊ လူ့ဘဝမှာ နောက်ထပ်နှစ်ဆယ့်လေးနာရီ (သို့မဟုတ်) နှစ်ဆယ့်သုံးနာရီသာ နေရတော့မယ့် လူတစ်ယောက်ဟာ တစ်သက်လုံး စိတ်မပါတာဘဲ လုပ်နေခဲ့ရတဲ့ အလုပ်တွေကို ဘယ်ဆက်လုပ်တော့မှာလဲ၊ ...နောက်ထပ် အဖြေတစ်မျိုးပေးမယ့် လူတစ်စုရှိတယ်၊ အဲဒါကလူနည်းစု၊ ဒီလူတွေက နောက်ထပ် ၂၄နာရီကျန်ကျန်၊ နာရီ ၂၀ပဲ ကျန်ကျန် အဲဒီကျန်တဲ့ အချိန်ကလေးကျမှ ကမန်တမ်း အဲဒါလေးကျွန်တော်မလုပ်ရသေးလို့ပါဗျာဆိုပြီး ပြေးလုပ်စရာမလိုဘူး၊ ကိုယ်လုပ်ချင်တဲ့အလုပ်၊ စွဲလန်းနှစ်သက်တဲ့အလုပ်လုပ်ရတာပျော်တဲ့ အလုပ်ကိုပဲ တစ်သက်လုံးလုပ်လာတာ၊ အဲဒီတော့ အချိန်နည်းနည်းလေးပဲ ကျန်တယ်ဆိုရင်လည်း ကျန်သလောက် အချိန်လေးမှာ ဒါကိုပဲလုပ်မှာပေါ့၊ ဥပမာ ဂီတဆရာကြီး ဘတ်(ခ)ဆိုရင် ဒီဒုတိယ အမျိုးအစားထဲမှာပါတယ်၊ သေခါနီးအချိန်မှာတောင် သူနောက်ဆုံးရေးဖွဲ့ထားတဲ့ ဂီတသံစဉ်တစ်ခုကို မွမ်းမံပြင်ဆင်သွားသေးတာပဲ၊ ဒါပေမယ့် အဲဒီဒုတိယအမျိုးအစားထဲမှာပါဘို့ ကိုယ့်လုပ်လက်စအလုပ်ကို သေကာနီးအထိ ကျေကျေနပ်နပ်ကြီး လုပ်ဖြစ်သွားဖို့ဆိုတာ ဘတ်(ခ)တို့လို ပါရမီရှင် အနုပညာရှင်ကြီးမျိုးဖြစ်မှ မဟုတ်ဘူး ဘယ်သူမဆို လုပ်နိုင်တယ်၊ ပတ်ဝန်းကျင်လောကရဲ့ ကြီးကြီးကျယ်ကျယ် အသိအမှတ်ပြုမှုခံရပေမယ့်လည်း ကိုယ့်အလုပ်ကိုကိုယ် ပါရမီရှင်တစ်ယောက်လို ထက်ထက်သန်သန်စွဲစွဲမြဲမြဲလုပ်နေလို့ရပါတယ်၊ တကယ်တော့ ပါရမီရှင်ဆိုတာ တခြားအကြောင်းတွေအားလုံး ဘေးချိတ်ထားပြီး ကိုယ်လုပ်ချင်တဲ့ အလုပ်ကိုပဲ သဲသဲမဲမဲဖွဲ့နဲ့ လုပ်သွားသူမျိုးကိုခေါ်တာ၊ သူလိုငါလို သူတွေဟာ ကိုယ်လုပ်ချင်တာကို မလုပ်ရဲကြဘူးကွ၊ သူများဝေဖန်မှာကို ကြောက်တယ်၊ မင်းက လုပ်တတ်လို့လား၊ အဲဒီအလုပ်မျိုးနဲ့ ထမင်းစားရမှာ မဟုတ်ဘူး၊ ဒီကောင် သူ့ကိုယ်သူ အထင်ကြီးပြီး မဖြစ်နိုင်တာတွေ လျှောက်လုပ်နေပြီ စသည်ဖြင့် ပြောကြတာတွေပေါ့၊ နောက်တစ်ခု ကြောက်တာက စောစောကသူများတွေ ဝေဖန်တဲ့အတိုင်း ဒီအလုပ်နဲ့ ထမင်းစားရမှာလားဆိုတဲ့ကိစ္စ၊ အဲဒါလည်း ကြောက်တယ်၊ တစ်နည်းအားဖြင့် ပြောရရင် လုံခြုံမှုပေါ့၊ ဘဝအာမခံချက်ဆိုတာပေါ့။"

"ဘဝအာမခံချက်ဆိုတာကိုရှာရင်းနဲ့ ရေလိုက်လွဲကြတယ်လို့ ဆိုချင်တာလားဆရာကြီး" လူငယ်က မဝံ့မရဲမေးသည်။

"မှန်တာပေါ့၊ ဒီအတိုင်းဖြစ်ကြတာပဲ၊ အဲဒီတော့ မင်းကိုယ်မင်း မေးကြည့်၊ အကယ်၍ ငါမနက်ဖြန်သေမယ်ဆိုရင် အခုကျန်ရှိတဲ့ အချိန်ပိုင်းကလေးမှာ ဘာလုပ်မလဲ၊ ငါစိတ်မပါတဲ့ ငါ့ကိုနေ့စဉ်နှိပ်စက်နေတဲ့ လက်ရှိအလုပ်ကိုပဲ ဆက်လုပ်သွားမှာလား၊ ငါ့စိတ်နဲ့ငါကိုယ် မဟုတ်တဲ့ဘဝ၊ ကိုယ့်ကိုကိုယ် လေးစားနိုင်ခြင်းမရှိတဲ့ဘဝမှာပဲ ဆက်နေသွားမှာလား၊ စဉ်းစားကြည့် အဖြေရှာကြည့်၊ ဥပမာစဆိုကြပါစို့၊ မင်းအိမ်မှာ ညှော်ခံပွားတစ်ခုလုပ်ဖို့အတွက် အိမ်ကို သန့်ရှင်းပြင်ဆင်နေတယ်၊ အဲဒီမှာ မင်းသိပ်ခင်မင်တဲ့ သူငယ်ချင်းတစ်ယောက်က ကူညီလုပ်ကိုင်ပေးမယ်ဆိုပါတော့၊ မင်းအဲဒီသူငယ်ချင်းကို အိမ်သာတို့ မီးဖိုချောင်တို့ သန့်ရှင်းရေးလုပ်ခိုင်းမလား၊ ခြံထဲကောမြက်ရှင်းခိုင်းမလား။ ဘယ်ခိုင်းမလဲ၊ ဒါနိမ့်ကျတဲ့အလုပ်ပဲ၊ ဒါမျိုးလုပ်တဲ့ တခြားအလုပ်သမားပဲခေါ်ခိုင်းမှာပေါ့။ မိတ်ဆွေကို ဘယ်ခိုင်းမလဲ၊

အဲဒီတော့ ကိုယ့်မိတ်ဆွေကိုတောင် နှိမ့်ကျတဲ့အလုပ်၊ စိတ်ညှိုးငယ်စေမယ့်အလုပ် မကျေမနပ်ဖြစ်ရာအလုပ်မျိုး မလုပ်စေချင်ရင် ကိုယ့်ကိုရော ဘာကြောင့် ကိုယ်မလုပ်ချင်တဲ့ အလုပ်တွေခိုင်းရမှာလဲ။ လုံးဝစိတ်မချမ်းသာနိုင်တဲ့ အလုပ်တစ်ခုထဲမှာ နှစ်မြုပ်ခိုင်းစေထားတာဟာ ကိုယ့်ကိုကိုယ် ရန်သူလိုသဘောထား နှိပ်စက်ရာရောက်မနေဘူးလား၊ ဘာကြောင့် ကိုယ်ကိုယ်တိုင်ရဲ့ အကောင်းဆုံးမိတ်ဆွေဖြစ်အောင် မပြုပြင်မပြောင်းလဲနိုင်ရသလဲ။"

ထို့နောက် အတန်ကြာမျှ တိတ်ဆိတ်နေပြီးမှ ပါမောက္ခကြီးက ဆက်၍ပြောသည်။

"ကဲ မနက်ဖြန် သေမယ်ဆိုရင် မင်းဘာလုပ်မလဲ၊ လက်ရှိအလုပ်ကို ဆက်လုပ်နေမှာလား၊"

"ဟင့်အင်း မလုပ်ဘူး"

"အဲဒီတော့ လောလောဆယ် မင်းစိတ်မချမ်းသာဘူးဆိုတဲ့ အဓိပ္ပာယ်ပေါ့၊ ကဲ ငါတစ်ခုမေးဦးမယ်၊ နက်ဖြန်မင်းမသေသေးဘူးလို့ မင်းကိုယ်မင်း ယုံကြည်နေတာဟာ ကိုယ်ဘာသာ သိပ်သေချာလွန်းရာရောက်မနေဘူးလားကွာ။"

သည်စကားကြားတော့ လူငယ်နည်းနည်းတုန်လှုပ်သွားသည်။ ယခုရက်ပိုင်းအတွေးအကြံတွေအရ သည်အဘိုးကြီးမှာသူ့အနာဂတ်ကို ထိုးဖောက်မြင်နိုင်သည့် စွမ်းအင်တချို့ရှိတာ သူသိထားရသည်။ ယခုလည်း မိမိမကြာခင် ကွယ်လွန်တော့မယ်ဟု ကြေငြာနေခြင်းလော။ စကားကတော့ သွယ်ဝိုက်ပြောသောစကား၊ သို့သော် အနက်အဓိပ္ပာယ်ကရှင်းသည်။

လူငယ်နေမထိထိုင်မသာတာ ပါမောက္ခကြီးသတိပြုမိသည်။ သူက လူငယ်၏ အတွေးများအားလုံးကို သိရှိနေသလိုလို။

"မစိုးရိမ်ပါနဲ့ကွ" ပါမောက္ခကြီးက ပြုံး၍ဆိုသည်။ "မနက်ဖြန်တော့ မင်းမသေသေးပါဘူး၊ အဘိုးကြီးဖြစ်တဲ့အထိနေရမှာပါ၊ ငါက ဘဝနဲ့ပတ်သက်ပြီး ငါစဉ်းစားဆင်ခြင်ပုံတွေကို ပြောပြနေတာပါ၊ ယေဘုယျလို့ သဘောထား၊ မင်းတစ်ယောက်တည်း ကိစ္စလို့မယူဆနဲ့၊ မင်းစိတ်ထဲ သိပ်အနှောင့်အယှက်ဖြစ်နေမယ်၊ ကဲပြန်စဉ်းစားကြည့်ရအောင်၊ လူဆိုတာ မွေးလာတယ်ကွာ၊ ပြီးတော့ သေရတယ်၊ ဒါသဘာဝပဲ၊ တစ်နေ့မှချသေရမှာပဲ၊ ဘယ်နေ့လဲကိုယ်မသိဘူး သေချင်တဲ့အချိန်ကောက်သေမှာ ဒါပေမယ့် လူအတော်များများ နေကြထိုင်ကြပုံက တစ်နေ့ မသေတော့မယ့်ပုံစံမျိုးဖြစ်နေတယ်၊ ငါဘယ်တော့မှ မသေဘူးဆိုတာမျိုး မဟုတ်တောင် ရှေ့ကိုတော့ နှစ်ပေါင်းများစွာနေရဦးမယ်၊ ဘယ်လောက်အထိကြာမယ်မှန်မသိဘူးဆိုတဲ့ ပုံစံမျိုးပဲ၊ အဲဒီတော့ ကိုယ်လုပ်ချင်တယ်ဆိုတဲ့ အလုပ်တွေကို နေ့ရွှေ့ညရွှေ့ တစ်ရွှေ့တည်းရွှေ့တယ်၊ အချိန်တွေရှိပါတယ်၊ နောက်လုပ်တာပေါ့ဆိုပြီးတော့၊"

"ဒီလိုနဲ့ အိုသွားတဲ့အခါကျတော့ ဘာမှ မလုပ်နိုင်တော့ဘူး" လူငယ်က ဝင်ထောက်သည်။

"မှန်တယ်၊ သိပ်မှန်တာပေါ့၊ ဒါကြောင့်မို့ ဘဝမှာ ချမ်းသာသုခ ခံစားရဘို့ ကိုယ့်ဘဝကိုယ် ကျေကျေနပ်နပ်ကြီးရှိဘို့အတွက် အရေးကြီးဆုံးအချက်က နေ့တိုင်းနေ့တိုင်းကို ဒီနေ့ဟာငါ့ဘဝရဲ့ နောက်ဆုံးနေ့လို့ သဘောထားပြီး နေထိုင်သွားဘို့ပဲ၊ ငါကဒီအလုပ်ကိုသိပ်လုပ်ချင်တယ်၊ ရှိတဲ့အချိန်လေးမှာ ဒါလေးငါလုပ်သွားချင်တယ်ဆိုတဲ့ အလုပ်မျိုးတွေကိုပဲ နေ့စဉ်နေ့တိုင်းမှာ ပြည့်ပြည့်ဝဝလုပ်သွားဖို့ပဲ၊ ဘာကြောင့်လဲဆိုတော့ "ရှိတဲ့အချိန်လေး" ဆိုတာ သိပ်မှန်တာ၊ ဒီအချိန်မှာ ကိုယ်လုပ်သင့် လုပ်ထိုက်တယ်လို့ ယုံကြည်တာကို ရဲရဲဝံ့ဝံ့လုပ်ဖို့လိုတယ်၊ ဒါသတ္တိလိုတယ်ကွ၊ ကိုယ့်စိတ်ထဲမှာ ပြတ်သားထားရမယ်၊ "ငါလုပ်ချင်တာတွေလုပ်မှာပဲ။ ငါမသေနိုင်ဘူး၊ ပတ်ဝန်းကျင်က ဟိုဟာအရေးကြီးတယ်၊ ဒီဟာအရေးကြီးတယ် ဟိုဟာလေးလုပ်လိုက်ဦး၊ ဒီနားကမထနဲ့ဦးလို့ ခိုင်းတိုင်းစေတိုင်း လိုက်လုပ်ရင်၊ ငါ့စိတ်ကူ အကြံအစည်တွေ တစ်ခုမှ အကောင်အထည် မဖော်လိုက်နိုင်ဘဲ အိုသေသွားရတာမျိုး ငါအဖြစ်မခံနိုင်ဘူး" ဆိုတာမျိုး ကိုယ့်ကိုကိုယ် ကြေညာထားရမယ်။ ဘဝအာမခံချက်မရှိမှာတို့ စီးပွားရေးလုံခြုံမှုမရှိမှာတို့ ဆိုတာတွေကြောက်ပြီး တကယ်အောင်မြင်ကြီးပွားမယ့် အလုပ်တွေ မလုပ်နိုင်ခဲ့ဘူးဆိုရင် မင်းဘဝ အလဟာသပေါ့၊ ဒါပေမယ့် ကိုယ်ယုံကြည်တာ ငါလုပ်ရင်အောင်မြင်ရမယ်ကွလို့ ယုံကြည်ပြီး လုပ်ချင်နေတာတွေကို တကယ်လုပ်ဖြစ်ဖို့ သတ္တိလိုတယ်ကွ၊ လုပ်ရဲရတယ်၊"

"ဆရာကြီးပြောတဲ့ သဘောတရားကို ကျွန်တော်လက်ခံပါတယ်၊ သိပ်ပြီးကျိုးကြောင်းဆီလျော်တယ်ဆိုတာ ကျွန်တော်သဘောပေါက်ပါတယ်၊ ဒါပေမယ့် အကယ်၍ ကျွန်တော်လက်ရှိလုပ်နေတဲ့ အလုပ်ကို ရာနှုန်းပြည့်ကြိုက်တယ်လဲမဟုတ်ဘူး၊ လုံးဝမကြိုက်ဘူးလဲမဟုတ်ဘူး ဖြစ်နေမယ်ဆိုရင် ကျွန်တော်ဘယ်လို

ဆုံးဖြတ်ရမလဲ၊ ဘယ်အလုပ်အကိုင်မဆိုပြဿနာတွေ စိတ်ညစ်စရာတွေတော့ အနည်းနဲ့ အများ ရှိတတ်စမြဲ မဟုတ်လား။ ”

“မင်းပြောတာမှန်တယ်၊ တို့အရမ်းစိတ်ပါဝင်စားပြီး လုပ်တယ်ဆိုတဲ့ အလုပ်မျိုးမှာတောင် မကြိုက်ချင်စရာ အစိတ်အပိုင်းတွေတော့ရှိတာပဲကိုး၊ အဲဒီတော့ အလုပ်တစ်ခုအပေါ် မင်းတကယ် ကျေနပ်မှုရှိမရှိ အကဲဖြတ်နိုင်မယ့် နောက်ထပ်နည်းလမ်း တစ်ခုထပ်ပေးမယ်၊ ဒါလည်း ကိုယ့်ကိုကိုယ် မေးတဲ့နည်းပဲ၊ မနက်ဖြန်မှာငွေတစ်သန်း ရုတ်တရက်ရလာမယ် ဆိုရင် ဒီအလုပ်ကို မင်းဆက်လုပ် နေဦးမလား” ဆိုတဲ့မေးခွန်း။ ဟာ မလုပ်တော့ဘူးဆိုရင် ဒီအလုပ်မင်းတကယ် မကြိုက်လို့ပေါ့ကွ၊ ဒီမေးခွန်းကို မင်းလူတွေ အများကြီး လျှောက်မေးကြည့်၊ ရုတ်တရက် ငွေတစ်သန်းရရင်လက်ရှိအလုပ်ကို ဆက်လုပ်မှာလားလို့၊ လုပ်အုံးမှာပဲလို့ ဖြေတဲ့လူသိပ်နည်းလိမ့်မယ်။ အဲဒီနည်းတဲ့လူတွေက ဘယ်လိုလူမျိုးတွေဖြစ်မယ် ထင်သလဲ၊ နဂိုကတည်းက တစ်သန်းမက ချမ်းသာပြီးသား လူတွေဖြစ်လိမ့်မယ်၊ သူတို့က လက်ရှိအလုပ်ကို လုပ်ချင်လို့ လုပ်နေကြတာ၊ မလုပ်ချင်ရင်အနားယူသွားမှာပေါ့၊ ဒါမှမဟုတ်တခြားလုပ်ငန်း တစ်ခုခုပြောင်းသွားမှာပေါ့၊ ဒါပေမယ့် ငါသိသမျှ သန်းကြွယ်သူဌေးတွေကတော့ အနားယူလေ့မရှိကြဘူးကွ၊ သေတဲ့အထိ ဒါမှမဟုတ် အတော်ကြီး အိုမင်းတဲ့အထိ အလုပ်လုပ်သွားကြတာပဲ၊ မိဘအမွေရပြီး ချမ်းသာတဲ့လူတို့၊ သူဌေးမနဲ့ညားပြီး ချမ်းသာတဲ့ကလွဲရင် သန်းကြွယ် သူဌေးတိုင်းဟာ သူတို့အလုပ်ကိုသူတို့ သိပ်နှစ်သက်ပျော်ပိုက်ကြတယ်လို့ ငါပြောချင်တယ်၊”

“အဲဒီတော့ ငါပြောတဲ့စကားကိုချုပ်ရရင် သန်းကြွယ်သူဌေးဖြစ်ဖို့ ဒါမှမဟုတ် အဲသလောက် မဟုတ်တောင် အတော်အသင့် ချမ်းသာကြွယ်ဝဖို့ဆိုရင် မင်းဟာ မင်းအလုပ်ကို ကျေနပ်နှစ်ခြိုက်မှုရှိရလိမ့်မယ်၊ ကိုယ်မပျော်ပိုက်တဲ့ အလုပ်ထဲက ရုန်းမထွက်နိုင်သူတွေကတော့ နှစ်ထပ်ကွမ်းအပြစ် ဒဏ်ခံနေရတဲ့လူတွေပဲ၊ ဒီလူတွေဟာ ဒီတစ်သက် စိတ်မချမ်းသာနိုင်ဘူး၊ ငွေဥစ္စာလည်း ဘယ်သောအခါမှ ကြွယ်ဝမလာနိုင်ကြဘူး၊ ဒါပေမယ့် ဒီလိုလုံးဝအဓိပ္ပါယ်မရှိတဲ့ အနေအထားမျိုးထဲမှာပဲ လူပေါင်းများစွာဟာ သူတို့ဘဝတွေကို ဖြုန်းတီးနေခဲ့ကြတယ်၊ ဘာကြောင့်လဲဆိုတော့ တစ်အချက် အောင်မြင်မှုဥပဒေသတွေကို မသိကြလို့ပဲ၊ နှစ်အချက် အကြောက်ကြီးကြလို့၊ သူတို့ဟာ ထမင်းနပ်မှန်ရုံ အလွန်ဆုံး သူလိုငါလိုနေနိုင်ရုံအနေအထားမျိုးကို ဆုံးရှုံးမှာကြောက်တဲ့အတွက် ကိုယ်တကယ်တမ်း မနှစ်ခြိုက်တဲ့ အလုပ်တွေကို ဖက်တွယ်ထားရင်းကြီးပွား ချမ်းသာနိုင်တဲ့ အခွင့်အလမ်းတွေကို လက်လွှတ်ဆုံးရှုံးခံခဲ့ကြတယ်၊ အောင်မြင်ပေါက်မြောက်နိုင်တဲ့ သူတို့ဘဝတွေကို အလဟဿကုန်ဆုံးခံသွားကြတယ်၊ တစ်ချိန်တည်းမှာ “ငနဆိုတာ အထူးပုဂ္ဂိုလ်တချို့ အတွက် သီးသန့်ရှိတဲ့အရာ၊ ပါရမီရှိသူ လုပ်တတ်သူတွေသာရနိုင်တဲ့ပစ္စည်း၊ ငါတို့နဲ့မဆိုင်ဘူး” ဆိုတဲ့ အယူအဆမျိုးတွေနဲ့ ကိုယ့်ကိုကိုယ်ချွေးသိပ်ကြတယ်၊ ဘာကြောင့်ဒီလို ကိုယ့်ကိုကိုယ် နှိမ့်ပါးစေမယ့် အယူအဆမျိုးတွေကို သူတို့လက်ခံကြသလဲဆိုတာ စီစစ်လိုက်တော့ အဓိကသတ္တိနည်းလို့၊ စိတ်ဓာတ်ကြံ့ခိုင်မှု နည်းပါးလို့ပဲ၊ သူတို့ဟာ အမှန်ကို မမြင်နိုင်ကြဘူး၊ အမှန်ကိုကြည့်လဲမကြည့်ရဲဘူး၊ စိတ်ဓာတ်သတ္တိရှိဖို့ရာ သိပ်အရေးကြီးတယ်၊ စိတ်ဓာတ် ဘဝကိုဆုံးဖြတ်တယ် ဆိုတဲ့စကားရှိတယ်၊ စိတ်ဓာတ်ကြံ့ခိုင်တဲ့ လူဟာပတ်ဝန်းကျင် အနေအထားအောက်မှာ ပြောင်းလဲမသွားဘူး၊ ပတ်ဝန်းကျင် အနေအထားဆိုတာတွေ ကိုသာ သူ့အလိုဆန္ဒနဲ့ လိုက်လျောညီညွတ်လာအောင် ပြောင်းလဲယူတယ်၊ သူ့ဘဝကံကြမ္မာကို သူဖန် တီးတယ်၊”

“ ဆရာကြီး ကိုယ်တိုင်အနေနဲ့ကော ဘဝတစ်လျှောက်အမြဲစိတ်သတ္တိပြည့်ဝစွာနဲ့ ရပ်တည်နိုင်ခဲ့ သလား၊ ဆရာကြီးဘဝမှာ အမြဲတမ်းချမ်းသာသုခနဲ့ ပြည့်ဝနေခဲ့သလားခင်ဗျား၊” လူငယ်ကမေးသည်။

“ဘယ်ဟုတ်မလဲကွယ့်၊ ငါလည်း အကြီးအကျယ်စိတ်ဓာတ်ပျက်ပြားတဲ့ အချိန်တွေရှိခဲ့ဖူးတာပေါ့၊ ကိုယ့်ကိုကိုယ် သတ်သေဖို့တောင် ကြံစည်ခဲ့သေးတယ်၊ တစ်နေ့မှာတော့ အနေအထိုင်သိပ်ထူးခြားလို့ ခပ်ကြောင်ကြောင်ထင်ရတဲ့ သန်းကြွယ်သူဌေးတစ်ယောက်နဲ့ သွားတွေ့တယ်၊ သူကငါ့အခု မင်းကိုပြောပြနေတဲ့ ဟာတွေအားလုံး ငါ့ကို ပြောပြခဲ့တာပေါ့၊ အစကတော့ ငါမယုံဘူးကွ၊ လက်ခံလို့မရဘူး ၊သူ့သဘောထားတွေ မှန်တယ်ဆိုရင်တောင် သူ့အတွက်မှန်ချင်မှန်မယ်၊ တစ်ခြားလူအတွက်သာ မှန်ချင်မှန်မယ်၊ ငါ့အတွက် မမှန်နိုင်ဘူးလို့ ယူဆခဲ့တယ်၊ ဒါပေမယ့်နောက်ပိုင်းကျတော့ ငါစဉ်းစားတယ်၊ ငါအသက် ၃၀ရှိနေပြီ၊ လုပ်ခဲ့သမျှ ဘာတစ်ခုမှ အောင်မြင်ခဲ့တာ မရှိဘူး၊ ဘဝက ရေစုန်မျောတော့မလိုဖြစ်နေပြီ၊ ဒီအချိန်မှာ သူပြောတဲ့ အယူအဆတွေ လက်ခံပြီး လုပ်ကြည့်လို့ အကျိုးမယုတ်နိုင်ဘူး ငါ့မှာဆုံးရှုံးစရာဆိုလို့ဘာတစ်ခုမှ မရှိတာလို့ တွေးပြီး သူ့အကြံဉာဏ်တွေကို နာခံခဲ့တယ်၊”

" အဲ့ဒီခပ်ကြောင်ကြောင် သူဌေးကြီးရဲ့ အကြံအတိုင်းလိုက်နာခဲ့လို့ ဒီကနေ့ ဒီဘဝကို ဆရာကြီး ရောက်ခဲ့တယ်ဆိုပါတော့၊ "

" မှန်ပါတယ်၊ သူကငါ့ကိုပြောတယ်၊ မင်းဟာ မင်းဘဝရဲ့ အရှင်သခင်ဖြစ်ရမယ်၊ မင်းဘဝရဲ့ ကံကြမ္မာအားလုံး မင်းဘဝမှာ တွေ့ကြုံဖြစ်ပျက်ရမယ့်အရာအားလုံးကို မင်းထိန်းချုပ်လို့ ရနိုင်တယ်ဆိုတာတွေ ထပ်တလဲလဲပြောတယ်၊ ဒါပေမယ့် ငါမယုံဘူး၊ ယုံလို့မရဘူး၊ စိတ်ကူးယဉ် ဆန်လွန်းနေတယ်၊ ဒါပေမယ့် တစ်နေ့တစ်နေ့ သူကဒီသဘောပဲ ထပ်တလဲလဲပြောနေတော့ တဖြည်းဖြည်း ငါ့ခေါင်းထဲမှာ အင်းလေ သူပြောတာမှန်ချင်မှန်နိုင်တယ်ဆိုတဲ့ အတွေးမျိုးဝင်လာတယ်၊ ဘဝဆိုတာ ငါထင်သလို ကံကြမ္မာသက်သက်ရဲ့ အဆုံးအဖြတ်ပေါ်မှာချည်း မူမတည်ဘူး၊ ကံကြမ္မာအကောင်းအဆိုးဆိုတာလည်း ကြိုတင်ခန့်မှန်းလို့မရ သူ့အလို အလျောက်ဖြစ်တာလို့ချည်း ယုံကြည်ထားလို့မဖြစ်ဘူး၊ ငါ့ရဲ့အနာဂတ်ဟာ ငါလုပ်ကိုင်ဆောင်ရွက်တဲ့ အပေါ်မှာ အများကြီးမူတည်နိုင်တယ်။ ငါ့စိတ်နဲ့ငါကိုယ်ဖြစ်လာရင် ငါ့ဘဝကံကြမ္မာ ငါဖန်တီးလာနိုင်မယ် စသဖြင့် စဉ်းစားနားလည်လာတယ်၊ ပုဂ္ဂိုလ်ကြီးပြောတဲ့ အယူအဆတွေကို ငါတဖြည်းဖြည်း သဘောပေါက် လက်ခံလာမိတယ်၊ သူတိုက်တွန်းတဲ့အတိုင်း " တစ်နေ့တစ်ခြား ငါဟာ အဘက်ဘက်က ပိုပြီးကောင်းသထက် ကောင်းလာတယ် " ဆိုတဲ့ဂါထာကို မှန်မှန်ရွတ်ဖတ်မိပြီးတဲ့နောက်မှာတော့ ငါဟာ စိတ်ပိုင်းဆိုင်ရာအရ လုံးဝတော်လှန် ပြောင်းလဲပစ်လိုက်သလို ဖြစ်သွားတယ်။

" ငါ့ကိုလမ်းပြသွန်သင်ခဲ့တဲ့ ပုဂ္ဂိုလ်ကြီးပေးခဲ့တဲ့ နောက်ထပ်လက်ဆောင်မွန် တစ်ခုရှိသေးတယ်၊ ငါကိုယ်တိုင်ရဲ့ အတွေ့အကြုံအရတော့ ပထမဟာထက်ကို ပိုတန်ခိုးကြီးတဲ့ ဂါထာတစ်ခုလို့ ဆိုရလိမ့်မယ်၊ ဒါကိုမင်းလည်း သုံးစွဲကြည့်ဖို့ ငါအလေးအနက်တိုက်တွန်းချင်တယ်၊ နည်းနည်းတော့ ဘာသာရေးဆန်သလို ဖြစ်နေမှာပေါ့ကွာ၊ တစ်ချို့လူတွေက ကြိုက်မှာမဟုတ်ဘူး၊ ဒါပေမယ့် စိတ်ဓာတ်စွမ်းအား ထက်မြက်စေဖို့တော့ အကြီးအကျယ် အထောက်အကူပြုတာ အမှန်ပဲကွ၊ ဒီဂါထာကို အကြိမ်ကြိမ်ရွတ်ခြင်းအားဖြင့် ငါတော့ စိတ်တည်ငြိမ်ခြင်း၊ စိုးရိမ်ကြောင့်ကြ လျော့ပါးခြင်းစတဲ့ အကျိုးကျေးဇူးတွေခံစားရတယ်၊ အင်မတန်အကြံရ ကြပ်တဲ့အခါမျိုးမှာလည်း ပြဿနာကိုအဖြေရှာပေး လမ်းစဖော်ပေးတယ်၊ စိတ်တည်ငြိမ်အေးချမ်းမှုရှိတာ တွေ့ရလိမ့်မယ်၊ ငါ့ဆရာ ပုဂ္ဂိုလ်ကြီးကိုယ့်ကိုကိုယ် ယုံကြည်မှုတည်ဆောက်ပေးတဲ့ဂါထာ။" စိတ်ကိုတည်ကြည် ငြိမ်သက်အောင်ထား၊ ငါဟာဘယ်အရာမဆို ဖန်တီးနိုင်တယ်ဆိုတဲ့ဂါထာ ဒါကိုနေ့စဉ် အကြိမ်ကြိမ် ရွတ်ဖတ်ပေး၊ တည်ကြည်ငြိမ်သက်မှုရလာလိမ့်မယ်၊ တော်ရုံတန်ရုံ လောကဓံကြုံ မတုန်လှုပ်တဲ့ သတ္တိဝင်လာလိမ့်မယ်၊ ဆရာကြီးကတော့ သူငါ့ကိုပေးခဲ့သမျှထဲမှာ ဒီလက်ဆောင်ဟာ အဖိုးအထိုက်ဆုံးပဲလို့ ဆိုခဲ့တယ်၊ အခုငါမင်းကို လက်ဆင့်ကမ်းပေးလိုက်ပြီ၊ အစပထမမှာတော့ ထူးဆန်းသလို ရွတ်ရမှာ နှုတ်မရဲသလို ဖြစ်ကောင်းဖြစ်မယ်၊ ငါလည်း ထိုနည်းၾငင်း ဖြစ်ခဲ့တာပဲ၊ ဒါပေမယ့် တဖြည်းဖြည်းရွတ်ရင်းနဲ့ ငါ့မှာအတွင်းစွမ်းအားတွေ တိုးပွားလာတယ်၊ ဒီစွမ်းအားဟာ နှစ်ပေါင်းများစွာ ကာလအတွင်း လျော့ပါးမသွား၊ ကြီးထွားသထက်သာ ကြီးထွားလာခဲ့တယ်၊ ငါဟာဘယ်အရာကိုမဆို ဖန်တီးနိုင်တယ် ဆိုတဲ့စကား မသိစိတ်ထဲမှာ စွဲမြဲနိုင်မှာလာတာနဲ့အမျှ တကယ်လက်တွေ့ဆောင်ရွက်တဲ့ လုပ်ငန်းတိုင်းမှာ ယုံကြည်မှု ပြည့်ဝလာတယ်၊ အမြဲထက်သန်တက်ကြွလာတယ်၊ ငါ့ဘဝကို ငါလိုချင်မျှော်မှန်းတဲ့ ပုံစံအတိုင်း အောင်အောင်မြင်မြင် တည်ဆောက်နိုင်ခဲ့တယ်၊ အခုမင်းလည်း ငါ့နည်းတူ ဆောင်ရွက်ပါလို့ ငါတိုက်တွန်း ချင်တယ်၊ "

*****

" ငါးနှစ်အတွင်း ဖြစ်မြောက်ရမည့် `ငွေကြေး´ ရည်မှန်းချက်များ မြို့ပေါ်တွင် ဒေါ်လာ ၆သိန်းတန် အိမ်တစ်လုံး ဝယ်ရန်၊ နယ်၌ ၃ သိန်းတန် ခြံတစ်ခြံ ဝယ်ရန်၊ ဒေါ်လာ ၆ သောင်းတန် ဘီအမ်ဒဗလျူကားသစ် တစ်စီးဝယ်ရန်၊"

**အခန်း [ ၁၃ ]**

**တစ်သက်တာ လိုအင်ဆန္ဒများကို ဖွင့်ဟခြင်း**

" အခုဆိုရင် မင်းအတွက် လုပ်ငန်းပထမအဆင့် ပြီးသွားပြီ " ပါမောက္ခကြီးကရှင်းပြသည်။

" ကြီးပွားရေး အစီအစဉ်ချတယ်၊ ရည်မှန်းချက်ကို ကိန်းဂဏန်းနဲ့တကွ တိတိကျကျ သတ်မှတ်ဖော် ပြတယ်၊ ငွေကြေးပမာဏရော နေ့ရက်သတ်မှတ်ချက်ပါ အပြည့်အစုံပါပြီ၊ အဲဒီနောက် အခုဒုတိယအဆင့်၊ ဒုတိယအဆင့်မှာ အဲဒီထက်ပိုပြီးတိတိကျကျ ပြည့်ပြည့်စုံစုံ လုပ်ရမယ်၊ ဒီဘဝမှာ မင်းဘာတွေ အလိုရှိသလဲ ဆိုတာတွေ စဉ်းစားပြီး ပထမအဆင့်တုန်းကအတိုင်း စက္ကူပေါ်မှာ အခိုင်အမာချရေး၊ စိတ်ကူးယဉ်

အိပ်မက်တစ်ခုကို ခေါင်းထဲမှာ ဝိုးတိုးဝါးတားမထားဘဲ ရှင်းရှင်းလင်းလင်း တိတိကျကျ စာနဲ့ချရေးတဲ့အခါ လက်တွေ့အကောင်အထည်ပေါ်ဖို့ ပိုနီးစပ်လာတယ်၊ ငါဆိုရင် ငါ့အလိုဆန္ဒတွေ တစ်နည်းအားဖြင့် ငါ့စိတ်ကူးယဉ်အိပ်မက်တွေကို အခုလိုချရေးခဲ့တယ်၊ ဟောဒီမှာကြည့်

" ငါးနှစ်အတွင်း ဖြစ်မြောက်ရမည့် ' ငွေကြေး ' ရည်မှန်းချက်များ မြို့ပေါ်တွင် ဒေါ်လာ ၆ သိန်းတန် အိမ်တစ်လုံးဝယ်ရန်၊ နယ်၌ ၃ သိန်းတန် ခြံတစ်ခြံဝယ်ရန်၊ ပြန်သထားသည့် မာစီဒီးကားဟောင်းတစ်စီးဝယ်ရန် ( တန်ဘိုးဒေါ်လာ ၄ သောင်းခန့် ) ၊ ဒေါ်လာ ၆ သောင်းတန် ဘီအမ်ဒဗလျူ ကားသစ်တစ်စီးဝယ်ရန်၊ ငွေသားနှင့် ထုခွဲရောင်းချရန် လွယ်ကူသော ပစ္စည်းစုစုပေါင်း ဒေါ်လာ ၄ သိန်းတန်ဘိုး စုဆောင်းမိရန်၊ စတော့ဈေးကွက်နှင့် အခြားရင်းနှီး မြှုပ်နှံမှုလုပ်ငန်းများထဲတွင် ဒေါ်လာ ၄ သိန်းတန်ဘိုးထည့်ဝင်ပြီးဖြစ်ရန်၊ မြေယာစသည့် မရွှေ့မပြောင်းနိုင်သောပစ္စည်းဈေးကွက်တွင် ဒေါ်လာ ၆ သိန်းဘိုးရင်းနှီးမြှုပ်နှံပြီးဖြစ်ရန်၊ ငွေကြေးကိစ္စနှင့် မပတ်သက်သည့် အခြားရည်မှန်းချက်များမှာ-

တစ်နှစ်လျှင် ၃ကြိမ်၊ တစ်ကြိမ်လျှင် ရက်သတ္တနှစ်ပတ် အပန်းဖြေအနားယူရန်၊

ကိုယ်ပိုင်လုပ်ငန်းရှင်ဖြစ်၍ တစ်ပတ်လျှင်နာရီ ၃၀ထက်ပို လုပ်စရာမလိုရန်၊

စီးပွားရေးလောကနှင့် အနုပညာလေကမှုဉာဏ်ရည်ထက်မြက်၍ ချမ်းသာကြွယ်ဝသောပုဂ္ဂိုလ်များနှင့် မိတ်ဆွေဖြစ်ရန်၊

ရုပ်ရည်ချောမော၍ ချစ်စရာကောင်းသော ဇနီးနှင့် လိမ္မာယဉ်ကျေးသော သားသမီးများ ရရှိရန်၊

သာယာသောမိသားစုဘဝကို ခံစားခွင့်ရရန်၊

အိမ်တွင် ထမင်းချက်အခိုင်းအစေများ ခန့်ထားနိုင်၍ အိမ်မှုကိစ္စတာဝန်များ ကင်းငြိမ်းရန်၊

အဲသည်ရေးသားချက်တွေဖတ်ကြည့်ပြီး လူငယ်အံ့အားကြီးသင့်သွားသည်။ သူဘာတစ်ခွန်းမျှ ပြန်မပြောနိုင် ဖြစ်နေသည်။

"ဘယ်လိုလဲ သိပ်ကြီးကျယ်နေတယ်ထင်သလား၊ မဖြစ်နိုင်တာတွေလို့ မြင်နေသလား" ပါမောက္ခကြီးကမေးသည်။ "ငါကိုယ်တိုင်လည်း ကိုယ်ချရေးလိုက်တာတွေဖတ်ပြီး ကိုယ့်ဘာသာကိုယ်လန့်သွားသေးတယ်၊ ငါရေးတာအတော်အရှိန်လွန် သွားပလားမသိဘူးလို့၊ ဒါပေမယ့် အဲဒီလို မဝံ့မရဲ ချီတုံချတုံ ဖြစ်ရခြင်းဟာ အဆိုးမြင်သမားတွေ အနှုတ်လက္ခဏာ ဆောင်တဲ့စိတ်ထားတွေတစ်သက်လုံး သေးသေး မွှားမွှားပဲ စဉ်းစားလာတဲ့ အလေ့အကျင့်တွေကြောင့်ပဲ၊ ကြီးပွားချမ်းသာအောင် လုပ်ပါတော့မယ် ဆိုတဲ့ကြားထဲက တောင် နောက်တွန့်ချင်နေတယ်၊ ဒါပေမယ့် မင်းစဉ်းစားကြည့်၊ ကိုယ်ကအဲသည်လောက် အတိုင်းအတာ မရှိသေးလို့သာ ဒါတွေကို ကြီးကျယ်တယ် ထင်နေတာ၊ ချမ်းသာပြီးသားလူတွေကို အဲဒီစာရင်း သွားပြကြည့် ပါလား၊ သူ့အနေနဲ့ ဒီဘဝမှာ ဒီစာရင်းထဲပါသလောက်ပဲရမယ် ဒီထက်တော့ပို မရနိုင်တော့ဘူးဆိုရင် ကျေနပ်နိုင်ပါ့မလား၊ အဲသလောက် ဆင်းဆင်းရဲရဲညှိုးညှိုးငယ်ငယ်နဲ့တော့ မနေပါရစေနဲ့လို့ဆိုမှာပေါ့၊ ဘာကြောင့်လဲ ဆိုတော့ လောလောဆယ် သူတို့နေတဲ့အိမ်တွေကိုက သန်းချီတန်တယ်၊ တချို့ဆိုရင် ကိုယ်ပိုင်လေယာဉ်ရှိတယ်၊ ပင်လယ်ထဲမှာ ကိုယ်ပိုင်ကျွန်းတွေရှိတယ်၊ ပြိုင်မြင်းကြီးတွေမွေးထားတယ်၊ တန်ဖိုးကြီးပေ့ဆိုတဲ့ ပန်းချီကားကြီးတွေ အိမ်ထဲချိန်ဆွဲထားတယ်၊ အဲသလို အဲသလိုတွေ၊ ဒါပေမယ့် ဒီလောက်ပြည့်စုံတဲ့ကြားကတောင် သူတို့ ချမ်းသာလှပြီ လိုအပ်တာထက်ပိုနေပြီ ထင်တာမဟုတ်ဘူး။ ဘာကြောင့်လဲဆိုတော့ သူတို့ပေါင်းသင်းဆက်ဆံနေတဲ့ လူတွေထဲမှာ သူတို့နဲ့တန်းတူချမ်းသာတဲ့လူတွေ လက်ညှိုးထိုးမလွဲဘူး၊ တချို့ကျတော့ သူတို့ထက်ကို အဆမတန်ချမ်းသာနေပြန်တာ၊ အဲဒီတော့ သူတို့ကိုယ် သူတို့ သူလိုငါလိုလောက်ပဲအောက်မေ့နိုင်ကြတယ်။ သူတို့စိတ်ထဲမှာ (စောစောက စာရင်းတွေထဲပါတဲ့ ပိုင်ဆိုင်မှုတွေထက် အများကြီးပိုကဲနေတဲ့) သူတို့ လက်ရှိဘဝအနေအထားကို ရနိုင်ဖို့ အလွန်ခဲယဉ်းတဲ့ဘဝလို့ ဘယ်တုန်းကမှ မအောက်မေ့ကြဘူး၊ ဘာကြောင့်လဲဆိုတော့ သူတို့အထဲက တစ်ချို့ကျတော့ မွေးရာပါ ချမ်းသာသူတွေမို့လို့ ဒီကိစ္စစဉ်းစားစရာကိုမလိုခဲ့တာ၊ ကျန်တဲ့ပုဂ္ဂိုလ်များကျတော့ ကြီးကြီးကျယ်ကျယ် ကြံစည်ကြိုးစားတတ်တဲ့အလေ့အထရှိလို့ ကိုယ့်ကိုကိုယ် အဲဒီလောက်မြင့်မားတဲ့ အနေအထားထိ ရောက်အောင်မြှင့်တင်လာနိုင်ခဲ့တာ၊

သူတို့စိတ်ထဲမှာ ငါတို့ဒီလောက်အမြင့်ကြီးရောက်နိုင်မှာ မဟုတ်ဘူးလို့ ဘယ်တုန်းကမှ မယူဆခဲ့ဘူး၊ အဲဒီအယူအဆရှိရင်လည်း သူအဲဒီလောက်တက်လာမှာမဟုတ်ဘူး၊ သူကိုယ်သူ လမ်းပိတ်ထားမယ်၊ မင်းဒီလောက်ပဲတန်တယ်၊ တော်တော့ဆိုပြီး အဲဒီတော့ အရေးကြီးတာ ကိုယ့်လမ်းကိုယ်မပိတ်ဖို့ပဲ၊ မင်းစိတ်ထဲမှာ ဘာတွေရှိသလဲ၊ ဒီဘဝမှာ ငါဘာတွေ လိုချင်တယ်၊ ဘယ်အနေအထားတွေရချင်တယ်၊

အဲဒါတွေ စဉ်းစားပြီးစာရွက်ပေါ်မှာချရေး။ ကိုယ့်ကိုကိုယ် လုံးဝအချုပ်အချယ် အဟန့်အတားမထားနဲ့ အတတ်နိုင်ဆုံး လမ်းဖွင့်ပေးထား....၊ အဲဒီလိုရေးချလိုက်တဲ့အခါ မင်းရဲ့အမြင့်ဆုံးရည်မှန်းချက် ဘယ်လောက်ရှိတယ်၊ မင်းရဲ့ အကန့်အသတ် သို့မဟုတ် မင်းရဲ့ နယ်နိမိတ်ဘယ်လောက်ရှိတယ်ဆိုတာ ပေါ်လာလိမ့်မယ်။ ဒီအထဲမှာ တတ်နိုင်သလောက် အသေးစိတ်တွေ ပြည့်ပြည့်စုံစုံရေးဖို့လိုတယ်၊ တစ်ခုပဲရှိတယ်၊ မင်းအိမ်တစ်ဆောင်လိုချင်တယ်ဆိုရင် ဘယ်လိုအိမ်မျိုး ဘယ်လောက်တန်တဲ့ အိမ်မျိုးဆိုတာပဲစဉ်းစား၊ ဘယ်အိမ်ကို ငါလိုချင်တယ်ဆိုတာမျိုး အိမ်နံပါတ်လမ်းနံပါတ်နဲ့တော့ တိတိကျကျသွားမလုပ်နဲ့၊ မလိုလားအပ်တဲ့ ပြဿနာတွေ တက်လာနိုင်တယ်၊ ရည်မှန်းချက် မအောင်မမြင်ဖြစ်နိုင်တယ်၊ ဘာကြောင့်လဲဆိုတော့ ဒါမျိုးက သူတပါးနဲ့ငြိစွန်းပတ်သက် သွားနိုင်လို့ သူတစ်ပါးကို ထိခိုက်ပျက်စီးအောင် လုပ်ရာရောက် ချင်ရောက်သွားနိုင်လို့၊ ဒါမျိုးကျတော့ ရှောင်ရမယ်၊ အဲဒါမျိုးကလွဲရင် ကျန်တာတော့ အတတ်နိုင်ဆုံး တိတိကျကျ သေသေချာချာ ဖြစ်ဖို့လိုတယ်၊ အဲဒီတိတိကျကျရေးချလိုက်တဲ့ ဆန္ဒတွေပေါင်းလိုက်ရင် မင်းရဲ့အသွင်သဏ္ဌာန်ပေါ်လာမယ်၊ မင်းရဲ့အလိုဆန္ဒတွေအားဖြင့်လည်း တည်ဆောက်ပုံဖော်လိုက်တဲ့ မင်းရဲ့အနာဂတ်ရုပ်သွင်ဘာကြောင့်လဲဆိုတော့ ဒီဆန္ဒတွေဟာ အသေတွေမဟုတ်ဘူး၊ မသိစိတ်က ဖြည့်တင်းပေးတဲ့ စွမ်းအားတွေနဲ့ လှုပ်ရှားရှင်သန်နေမယ့်ဟာတွေ၊ ဆန္ဒတစ်ခုချင်းဟာ ဒီစွမ်းအားတွေရဲ့ ဖန်တီးမှုကြောင့် တစ်နေ့မှာ တကယ့်လက်တွေ့ ဖြစ်လာရမှာ၊ အဲဒါကြောင့်မို့တိတိကျကျရေးချဖို့ပြောတာ၊ အလိုဆန္ဒဆိုတာ ရေရာတိကျလေ တကယ်လက်တွေ့ဖြစ်ဘို့ နီးစပ်လေပဲ၊ ဒီဆန္ဒတွေ မသိစိတ်ထဲစွဲမြဲခိုင်မာအောင်သာ ကိုယ်က မပြတ်ထပ်ထပ်ရေးပေးဖို့လိုတယ်၊ ခိုင်မာစွဲမြဲတဲ့ စိတ်ဟာ တန်ခိုးသတ္တိတစ်ခုဖြစ်လာတယ်၊ သူ့မှာ အခက်အခဲ အတားအဆီးတွေကို ကျော်လွှားနိုင်တဲ့ ကြီးမားတဲ့စွမ်းအားတွေရှိတယ်၊ မင်းရည်မှန်းချက်ကလေးတွေ ဥပမာ အိမ်ဆိုပါစို့၊ ဒေါ်လာ ၆ သိန်းတန်အိမ်တစ်လုံး ဝယ်ယူနိုင်ရေး၊ ဒါဘာကြီးကျယ်သလဲ၊ သန်းတစ်ထောင် ချမ်းသာဖို့ ရည်မှန်းထားတာ ဟုတ်ဘူး၊ သမ္မတဖြစ်ဖို့ ရည်မှန်းထားတာမဟုတ်ဘူး၊ အဲဒါတွေ ရည်မှန်းပြီး အဲဒီအတိုင်းဖြစ်သွားခဲ့သူတွေ တောင်အများကြီးရှိတယ်၊ သူတို့နဲ့စာရင် မင်းအိမ်ကလေးတစ်လုံးဟာ အသေးအမွှားဖြစ်မသွားဘူးလား၊ မဖြစ်နိုင်ဘူးလို့ ထင်နေစရာကောင်းသေးသလား၊ ယုံကြည်လိုက်စမ်းပါ၊ ဒါလောက်ကတော့ သေချာပေါက်ဖြစ်နိုင်တယ် စွဲစွဲမြဲမြဲယုံကြည်လိုက်စမ်းပါ၊ ငါပြောခဲ့ပြီး စိတ်မှာ စွမ်းအားတွေရှိတယ်၊ လူတွေသာမန်ထင်ထားတာထက် အဆမတန်ကြီးမားတဲ့ အင်အားတွေရှိတယ်၊ 'ယုံကြည်မှုသည် တောင်များကိုပင် ရွှေ့ပစ်နိုင်သည်' ဆိုတဲ့စကားရှိတယ်မဟုတ်လား။ အဲဒါအမှန်ပဲ၊ ယုံကြည်စိတ်ပြင်းပြရင် တောင်တွေကိုရွှေ့ပစ်နိုင်တယ်၊ မြစ်ချောင်းတွေကို လမ်းကြောင်းပြောင်းပစ်နိုင်တယ်။"

လူငယ်ပါစပ်အဟောင်းသားနှင့် ငေးမောနားထောင်နေသည်။ ပါမောက္ခကြီးက အားတက်သရော ဆက်ပြောသည်။

"အဲဒီတော့ ယုံကြည်မှုရဲ့ စွမ်းအားတွေကို စွဲမြဲယုံကြည်စွာနဲ့ စောစောကပြတဲ့စာရင်းမျိုးတစ်ခု ကိုယ်တိုင်ရေးပါ။ သူများတွေတောင် ရောမအဆင့် ရောက်အောင်လုပ်နိုင်ကြရင်မင်းလည်း အဲဒီစာရင်းထဲကဟာတွေ လောက်တော့ ဖြစ်ရမှာပေါ့။"

"ကျွန်တော် နည်းနည်းတော့ အချိန်ယူစဉ်းစားရလိမ့်မယ်ထင်တယ်" လူငယ်ကပြောသည်။

"မှန်တာပေါ့၊ စဉ်းစားရမယ်၊ ငါအခုပြောတာတွေအားလုံး သေသေချာချာပြန်စဉ်းစား၊ မင်းဦးနှောက်တစိတ်တပိုင်းကတော့ မြင်နေပြီ၊ ယုံကြည်နေပြီ၊ ဒါပေမယ့် မယုံကြည်နိုင်သေးတဲ့အပိုင်း အမှန်မမြင်နိုင်သေးတဲ့ အပိုင်း ရှိနေသေးတယ်၊ ဒီအစိတ်အပိုင်းက မျက်နှာကို အဝတ်နဲ့ စည်းခံထားရသလို၊ ပါးစပ်ကို လက်ကိုင်ပုဝါနဲ့ ဆို့ခံထားရသလို မမြင်နိုင်မပြောနိုင်ဖြစ်နေတယ်၊ အဲဒါကလည်း သင်ယူမှုတွေမှတ်သားနာယူမှု တွေမှားခဲ့လို့ ဖြစ်ရတာ၊ ဒါပေမယ့် ဒီအပိုင်းဟာလုံးဝသုံးမရ ဖြစ်သွားတာမဟုတ်ပါဘူး၊ သူ့ကို ပြန်ဖွင့်ပေးဖို့ဖြည့်ပေးဖို့ပဲ လိုတယ်၊ ဘာနဲ့ ဖြည့်နိုင်သလဲဆိုတော့ ဟိုးအတွင်းစိတ်ထဲကို ခလုပ်နှိပ်ပေးတဲ့နည်း၊ ရှေ့ကပြောခဲ့တဲ့ ကြီးပွားရေးနည်းစဉ်ကို ထပ်တလဲလဲရွတ်ဖတ်တဲ့နည်း ၊အဲဒီထပ်တလဲလဲရွတ်ဖတ်ခြင်းအားဖြင့် မသိစိတ်ထဲ ယုံကြည်စိတ်တွေ စွဲမြဲပြင်းထန်လာတဲ့တစ်နေ့မှာ ပိတ်ဆို့နေတဲ့ဦးနှောက်အစိတ်အပိုင်းတွေဟာ ချောက်ကနဲ ခလုပ်နှိပ်လိုက်သလို ပွင့်လင်းသွားလိမ့်မယ်။ အဲဒီအခါ မင်းဟာ မင်းဘဝရဲ့အရှင်သခင်အစစ် ဖြစ်လာမယ်၊ ကိုယ့်ဘဝလမ်းကြောင်းကို ကိုယ်ယုံကြည်မှုအပြည့်နဲ့ ဖန်တီးနိုင်လာမယ်၊ တော်ရုံလူမရနိုင်တဲ့ အမြင့်စွမ်းအား ဖန်တီးမှုစွမ်းအားတွေ မင်းရရှိလာလိမ့်မယ်။"

သည်စကားတွေနားထောင်ရင်း လူငယ့်ခေါင်းထဲတွင် မူးဝေသလိုဖြစ်လာသည်။ သူခဏနားချင်ပြီ။ ပါမောက္ခကြီးကလည်း သူ့အခြေအနေကို ရိပ်မိသည်။

"ကဲ တို့အညောင်းပြေ အညာပြေ ပန်းခြံထဲခဏတဖြုတ် လမ်းလျှောက်ကြရအောင်၊ ငါလည်း ဒီနေရာလေးမှာ မိတ်ဆွေတစ်ယောက်နဲ့အတူ နောက်ဆုံးလမ်းလျှောက်သွားချင်တယ်၊"

သည်စကားကြားတော့ လူငယ် ဝမ်းနည်းသွားသည်။ ပါမောက္ခကြီးက သူ့ကိုယ်သူ ကွယ်လွန်ချိန်နီးပြီ ဆိုတာ သိနေလေသည်လား။ သူသွားတော့မည်ဆိုသော သဘောမျိုးပြောတာ တစ်ကြိမ်မကတော့ပြီ။

*****

"...... လူတွေက ပိုက်ဆံဆိုတာ ရဘို့သိပ်ခဲယဉ်းတယ်၊ ပင်ပင်ပန်းပန်းအလုပ်လုပ်နိုင်မှ နည်းနည်း ပါးပါးရနိုင်တယ် အောက်မေ့ကြတယ်၊ အယူအဆမှားနေကြတာကွ၊ တစ်နာရီ အလုပ်လုပ်လို့ ငွေတစ်ဆယ်ရရင် ငွေနှစ်ဆယ်ရအောင် နှစ်နာရီအလုပ်လုပ်ရမယ်ဆိုတဲ့ အယူအဆမျိုးနဲ့ သွားနေ လို့ကတော့ နဖူးကချွေး ခြေမကျအောင်သာ ကျုံးရုန်းလုပ်နေရမယ်၊ ဘယ်တော့မှ ကြီးပွားချမ်းသာလာမှာ မဟုတ်ဘူး၊ ......."

## အခန်း (၁၄)
## နင်းဆီဥယျာဉ်၏ လျှို့ဝှက်ချက်များကို တွေ့ရှိရခြင်း

လူငယ်နှင့် ပါမောက္ခကြီးတို့ ဥယျာဉ်ထဲတိတ်ဆိတ်စွာလျှောက်လာကြသည်။ ပါမောက္ခကြီးက နင်းဆီပန်းရုံတစ်ခုရှေ့မှာရပ်သည်။ ပန်းရုံတစ်ခုလုံးပင် လှပသောနင်းဆီပန်းပွင့်ကြီးတွေ ဝေဆာလျက်ရှိသည်။ ပါမောက္ခကြီးက ပန်းပွင့်များကို ကြည့်ရင် အတွေးနက်နေဟန်ဖြင့် ငြိမ်သက်၍နေသည်။

ထို့နောက်မှ သူကစကားဆိုသည်။

"နင်းဆီပန်းရနံ့တွေ ငါရှူရှိုက်လာခဲ့တာ အကြိမ်ပေါင်းထောင်သောင်းချီရှာမယ်၊ ဒါပေမယ့် အကြိမ်တိုင်းမှာ ပန်းရနံ့တွေက ငါ့အတွက်ထူးခြားနေဆဲပဲ၊ ဘာကြောင့်လဲသိလား၊ ငါကရှိတဲ့အချိန် ရှိတဲ့နေရာမှာ နေတတ်တဲ့အလေ့အကျင့်ရထားခဲ့လို့ပဲ၊ "ယခုမျက်မှောက် ဤနေရာ" ဆိုပါတော့ကွာ အတိတ်ကို မေ့ထားတယ်၊ အနာဂတ်ကိုတွေးတောမနေဘူး တစ်နည်းအားဖြင့်ပြောရင်တော့ အာရုံစူးစိုက်မှုပေါ့၊ အာရုံစူးစိုက်မှုအလေ့အကျင့်ရှိသူရဲ့စိတ်ဟာ ပစ္စုပ္ပန်မှာ အဓိကနေတယ်၊ လက်ငင်းအလုပ်မှာ စွဲမြဲတယ်၊ အာရုံစူးစိုက်မှုဟာ လူ့ဘဝရဲ့အစိတ်အပိုင်း ဘယ်ကဏ္ဍမျိုးအတွက်မဆို အောင်မြင်မှုရစေမယ့် အခြေခံအချက် တစ်ခုဖြစ်တယ်၊ အာရုံစူးစိုက်တဲ့ အလုပ်ကို မင်းလေ့ကျင့်ကြည့်ပါ၊ အလုပ်လုပ်ရာမှာ ပိုပြီးသွက်လက် လျင်မြန်လာရုံမက အရည်အသွေးပါ တက်လာတာတွေရလိမ့်မယ်၊ မင်းဟာ လုပ်ငန်းနဲ့ပတ်သက်ရင် သူများမမြင်တဲ့ အသေးစိတ်ကလေးတွေကို မြင်တတ်သူအဖြစ် အသိအမှတ်ပြုခံလာရလိမ့်မယ်၊"

"အောင်မြင်ကြီးပွားကြတဲ့ ပုဂ္ဂိုလ်တွေဟာ လုပ်ငန်းအသေးစိတ်တွေကို ဂရုစိုက်တတ်ကြသလား"

"ဒါပေါ့၊ အာရုံစူးစိုက်တတ်တဲ့အလေ့အကျင့်ကြောင့် သူတို့ဟာ လုပ်ငန်းအသေးစိတ်ကိုမြင်ကြတယ်၊ အသေးစိတ်တွေထဲက အရေးကြီးတဲ့ အစိတ်အပိုင်းတွေကိုပြောတာ၊ တန်ဘိုးရှိတာနဲ့သာမန်ဟာ၊ ခွဲခြား တတ်တဲ့ ဉာဏ်မျက်စိနဲ့ မြင်တာ၊ လူတစ်ယောက်နဲ့ ခဏပဲတွေ့တယ်၊ ဒါပေမယ့် ဒီလူကို မှန်မှန်ကန်ကန် အကဲဖြတ်နိုင်တယ်၊ အာရုံစူးစိုက်တဲ့အလေ့အကျင့်က ပေးထားတဲ့ စွမ်းအားကြောင့် ဒီလူဟာ "ဘာ"ဆိုတာ အလျင်အမြန်ဖော်ထုတ်လိုက်နိုင်တယ်၊ စူးစိုက်တဲ့လူဟာ အပေါ်ယံအသွင်အပြင်တွေကို ဖောက်ထွင်းပြီး အစစ်အမှန်ကိုမြင်တယ်၊ အရှိပကတိအတိုင်းမြင်တယ်၊ လူအများစုကျတော့ အစွဲအလန်းလေးတွေ နားစွန် နားဖျားကြားဘူးတာလေးတွေက ဖုံးကွယ်ထားတဲ့အတွက် လူကိုယ်တိုင်ကိုတွေ့ရသော်လည်း ပကတိအတိုင်း မမြင်ဘူး၊ ကိုယ်ပိုင်မျက်စိကိုယ်ပိုင်အသိနဲ့ အကဲမဖြတ်ဖြစ်ဘူး၊ အစွဲဟောင်းတွေ သူတစ်ပါးအမြင်တွေ လွှမ်းမိုးဖုံးကွယ်လျက်ပဲမြင်တယ်၊ ဒီလူတွေက အိပ်မက်ကမ္ဘာထဲ ရောက်နေတဲ့လူ တွေနဲ့တူတယ်၊ အိပ်ရင်း လမ်းထလျှောက်နေတဲ့ လူတွေနဲ့တူတယ်၊ ပတ်ဝန်းကျင်ကိုမမြင်ဘူး၊ မြင်ရင်လည်း မှန်မှန်ကန်ကန် မသိမှတ်မိဘူး၊ သူတို့ဟာပစ္စုပ္ပန်မှာမနေဘူး၊ ရောက်တဲ့နေရာမှာမရှိဘူး၊ အများပြောတတ်ကြတဲ့ "လူကဒီမှာ ရှိပေမယ့် စိတ်ကတောင်ယာမှာ" ဆိုတဲ့စကားအတိုင်း သူတို့စိတ်တွေက လူနဲ့ အတူမရှိကြဘူး၊ သူတို့စိတ်တွေ ရောက်နေတဲ့ တောင်ယာဆိုတာ အတိတ်တွေ အနာဂတ်တွေ၊ အတိတ်ကမှားခဲ့တာ မအောင်မြင်ခဲ့တာတွေ တွေးပြီး စိုးရိမ်ပူပန်နေတယ်၊ ဒီလိုဖြစ်ရတဲ့ အဓိကအချက်ကတော့ အာရုံစူးစိုက်မှု နည်းပါးခြင်းပဲ၊"

"အာရုံစူးစိုက်တဲ့ အလေ့အကျင့်ရဖို့ကတော့ သိပ်မခဲယဉ်းဘူးထင်တယ်၊"

"မဟုတ်ဘူးမောင်ရင်၊ မင်းထင်သလောက်မလွယ်ဘူး၊ ဒါပေမယ့် တဖြည်းဖြည်းကြိုးစားရင်တော့ တိုးတက်လာတတ်တာပေါ့၊ အာရုံစူးစိုက်မှုအားကောင်းလာတဲ့အခါ ရလာမယ့် အကျိုးကျေးဇူး ကတော့ အံ့မခန်းပဲ၊ မင်းမှာနဂိုမူလရှိတဲ့ ပြဿနာဖြေရှင်းမှုစွမ်းရည်တွေ သိသိသာသာ တိုးတက်လာလိမ့်မယ်၊ အမှုမဲ့အမှတ်မဲ့ဖြစ်သွားတယ်၊ လစ်ဟင်ပေါ့ဆသွားတယ်ဆိုတာမျိုးတွေ သိသိသာသာလျော့ပါးသွားလိမ့်မယ်၊

ပြီးတော့ မင်းဟာ တကယ့်လက်တွေ့ကျကျမြင်တတ် တွေးတက်လုပ်ကိုင်တတ်တဲ့ လူတစ်ယောက်ဖြစ်လာမယ်၊ စိုးရိမ်ပူပန်တာတွေ ခေါင်းကုတ်တာ လက်သည်းကိုက်တာ ဂနာမငြိမ်ထလိုက် ထိုင်လိုက်လုပ်တာတွေနဲ့ အင်အားကိုအပြုန်းတီးမခံဘဲ စိတ်အင်အား လူအင်အား အားလုံးကို ပြဿနာဖြေရှင်းရေးမှာ စုစည်းသုံးစွဲတတ်သူဖြစ်လာမယ်၊ တချို့လူတွေက အစိုးရိမ်ကြီးတာနဲ့ အလုပ်ကိုဂရုစိုက်တာ မကွဲပြားကြဘူး၊ အစိုးရိမ်ကြီးတဲ့အတွက် ဘယ်အလုပ်မှ ပြေလည်းသွားမှာမဟုတ်ဘူး၊ အစာအိမ်အနာဖြစ်တာ နလုံးရောဂါရတာတို့ပဲ အဖတ်တင်မယ်၊ အာရုံစူးစိုက်တဲ့ အလေ့အကျင့်ရှိလာတဲ့အခါ အဲဒီအပိုဆာဒါးအတွေးတွေကြောင့်ဖြစ်ရတဲ့ဒုက္ခတွေ လျော့ပါးသွားပြီး ကိုယ့်ကိုကိုယ်ရှုမြင်သုံးသပ်ပုံဟာလည်း ပြောင်းလဲသွားလိမ့်မယ်၊ အတွင်းစိတ်ထဲက အတ္တပုံရိပ်ဟာ ပိုကောင်းလာလိမ့်မယ်၊ ပြင်ပပတ်ဝန်းကျင်ကို ရှင်းရှင်းမြင်သလိုကိုယ့်ကိုကိုယ်လည်း အရှိပကတိအတိုင်း ရှင်းရှင်းကြီးမြင်လာမယ်၊ "လက်စသတ်တော့ ငါကဒီလိုကိုး" ဆိုတာမျိုး တအံ့အသြကိုမြင်မှာ၊ နှစ်ပေါင်းများစွာ အိပ်ပျော်နေရာက ရုတ်တရက်လန့်နိုးလာတဲ့လူလို အကုန်လုံးအထူးအဆန်းတွေဖြစ်နေမှာ၊ ငါဒီအနေအထားရောက်နေတာ ဒါ့ကြောင့်ကိုး၊ ဒါကြောင့်မို့ လောလောဆယ် ဒီအလုပ်တွေလုပ်နေရတာကို၊ ဒီလူဒီလူတွေနဲ့ ဒီနေရာမှာ တွေ့နေရတာကို စသဖြင့်မြင်လာမှာ၊ ကိုယ်ကိုယ်တိုင်ရဲ့သဘာဝနဲ့ လက်ရှိအနေအထားတွေကို ရှင်းရှင်းကြီး မြင်ပြီဆိုရင် ကိုယ်သွားနေတဲ့လမ်းကြောင်းနဲ့ ကိုယ်ရောက်မယ့် ပန်းတိုင် ဒါမှမဟုတ် ကိုယ့်ရဲ့အနာဂတ် ကံကြမ္မာနဲ့ကတော့ ဘယ်နည်းနဲ့မှ ပြေးမလွတ်ဘူးဆိုတာ သေချာပေါက်သိသွားရမယ်၊ ဒါပေမယ့် ပြေးမလွတ်ဘူးဆိုတာ အဲဒီလမ်းကြောင်းအတိုင်းဆက်သွားနေရင်ပြောတာ၊ ရောက်ရာအရပ်ကနေ ဒါမှမဟုတ် လက်ရှိအချိန်ကစပြီး ဒီလမ်းကြောင်းကို ထိန်းကျောင်းပြုပြင်ရင် ကံကြမ္မာလည်း ပြောင်းသွားမှာပေါ့၊ ပြီးပြီးတဲ့ အပိုင်းတွေအတွက်တော့ ခံစရာရှိသမျှ ကောင်းကျိုးဆိုကျိုးခံရမယ်၊ နောက်ပိုင်းကာလမှာတော့ အကောင်းအဆိုးကို ကိုယ့်ဘာသာစီမံလို့ရပြီ၊ အာရုံစူးစိုက်အားကောင်းလို့ပတ်ဝန်းကျင်ရော ကိုယ့်ကိုကိုယ်ပါ ပကတိအတိုင်း မြင်လာသူဟာ ကိုယ့်ကံကြမ္မာကို ကိုယ့်လက်ထဲမြဲမြဲဆုပ်ကိုင်ထားနိုင်တယ်၊ ကိုယ့်ဘဝကိုကိုယ်လိုရာ ပုံစံဖန်တီးနိုင်လာတယ်၊"

အားတက်သရော ပြောဆိုပြီးသည့်နောက် ပါမောက္ခကြီးက နှင်းဆီပန်းတွေဘက် လှည့်သွားပြန်သည်။ နှင်းဆီပန်းရနံ့ကို အသစ်အဆန်းပမာ ရှူရှိုက်ကြည့်နေသည်။

"နှင်းဆီပန်းဟာ လူ့ဘဝရဲ့ သင်္ကေတပဲကွ၊ ဆူးလေးတွေဟာ ဘဝအတွေ့အကြုံတွေ ဒုက္ခတွေ အခက်အခဲတွေ၊ ဆူးတွေပြည့်နေတဲ့ ဟောဒီအရိုးတန်ကိုဖြတ်သန်းပြီးမှ ပွင့်ချပ်ပွင့်ဖတ်တွေနဲ့ လှပမွှေးကြိုင်တဲ့ နှင်းဆီပန်းပွင့်ဆီကိုရောက်တယ်၊ လူ့ဘဝရဲ့အနှစ်သာရ ဘဝအောင်မြင်မှု ဘဝရဲ့ချမ်းသာသုခတွေဟာလည်း အတွေ့အကြုံတွေ အခက်အခဲတွေကို ညဏ်နဲ့ယှဉ်ပြီးဖြတ်သန်းနိုင်မှ ခံစားရရှိနိုင်တဲ့အရာတွေပဲ၊"

ပြောရင်းဆိုရင်းသူက အိတ်ထဲမှ ကိုင်းဖြတ်ကတ်ကြေး တစ်လက်ထုတ်ကာ နှင်းဆီပန်းတစ်ပွင့် ညှပ်လိုက်ပြီး လူငယ်အား ပေးသည်။

"ဒီနှင်းဆီပန်းကို တစ်သက်လုံး အမှတ်တရသိမ်းထား၊ သူဟာမင်းအတွက် အဆောင်ကောင်းတစ်ခုဖြစ်လိမ့်မယ်၊ လာဘ်ကောင်း ကံကောင်းတွေ ခေါ်လာပေးလိမ့်မယ်၊ ကံကြမ္မာစောင့် နတ်သမီးဆိုတာ မယုံမရှိနဲ့ တကယ်ရှိတာ၊ သူ့ကိုအာရုံပြု သူ့ဆီကတောင်းဆိုရင် သူတကယ်တုန့်ပြန်လိမ့်မယ်၊ အောင်မြင်ကြီးပွားနေတဲ့ လူတိုင်းလိုလိုဟာ ကံကြမ္မာကောင်း လာဘ်ကောင်းကိုယုံကြည်ကြတယ်၊ အချို့ကတော့ သူတို့ကို အယူသည်းတယ်ထင်မှာပေါ့၊ ဒါပေမယ့် ဒါကိုယုံကြည်ပြီး သူတို့တကယ် အကျိုးခံစားကြရတာတော့အမှန်ပဲ၊"

"ကိုင်းအခု မင်းဒီပန်းပွင့်လေးကို ဆောင်လိုက်တဲ့အချိန်ကစပြီး နှင်းဆီအမှတ်တံဆိပ်ဂိုဏ်ဝင်ဖြစ်သွားပြီလို့ မှတ်ထားလိုက်ပေတော့၊ မင်းမှာ အားကိုးအားထားလိုတိုင်း ဒီနှင်းဆီပန်းကိုကြည့်ပါ၊ မင်းကို ခွန်အားပေးလိမ့်မယ်၊ မင်းဘဝနဲ့ ပတ်သက်လို့ မင်းလုပ်ကိုင်ဆောင်ရွက် နေတာတွေနဲ့ ပတ်သက်လို့ သံသယဝင်မိတဲ့အချိန် ကိုယ့်ကိုကိုယ် ယုံကြည့်မှုလျော့ပါးသလို ခံစားရတဲ့အချိန်တိုင်းမှာ ဒီနှင်းဆီအမှတ်တံဆိပ်ကို သတိရပါ၊ ဒီနှင်းဆီပန်းကပေးတဲ့ ဘဝရဲ့အဓိပ္ပါယ်ကို ပြန်ပြီးဆင်ခြင်ပါ၊ မင်းဘဝမှာ ကြုံရတဲ့အခက်အခဲတွေ အမှားအယွင်းတွေ ရုန်းကန်ရင်ဆိုင်ရမှုတွေဟာ နှင်းဆီရိုးတံပေါ်က တစ်ချောင်းချင်းသောဆူးတွေပဲ၊ ဒါတွေကိုအောင်မြင်စွာ ဖြတ်သန်းပြီးတဲ့အခါ လှပတဲ့ပွင့်ချပ် ပွင့်ဖတ်တွေဆီရောက်မယ်၊ ဒုက္ခဆိုတဲ့ ဆူးတွေဟာ မင်းရဲ့အသိဉာဏ်တွေ နိုးကြားထက်မြက်စေလိမ့်မယ်၊ ဘဝရဲ့အဓိပ္ပါယ် အနှစ်သာရတွေကို တွေ့မြင်ပြီး စစ်မှန်တဲ့ချမ်းသာသုခကို ခံစားရစေလိမ့်မယ်၊ ဒါကိုစွဲမြဲ ယုံကြည်ထားပြီး နေ့စဉ်နေ့တိုင်းမှာ နှင်းဆီနလုံးသား၊ နှင်းဆီဒဿနကို အချိန်နည်းနည်းစီ အာရုံပြုပေးရင် ပိုပြီးအကျိုးထူးလိမ့်မယ်၊ အကယ်၍ နှင်းဆီပန်းမရှိခဲ့ရင် တခြားပန်းတစ်ပွင့်ပွင့် သို့မဟုတ် တောက်ပတဲ့ အရာဝတ္ထု တစ်ခုခု သို့မဟုတ်

အနက်ဝိုင်းတစ်ခုကို စူးစိုက်ပြီး နင်းဆီဒသနကို အာရုံပြုနိုင်တယ်၊ တစ်ဆက်တည်းမှာ အဲဒီနင်းဆီပန်း သို့မဟုတ် အရာဝတ္ထု သို့မဟုတ် အနက်ဝိုင်းကို စူးစိုက်ရင်းက ငါ့ဆရာ ပုဂ္ဂိုလ်ကြီးပေးခဲ့တဲ့ စိတ်ကို တည်ကြည်ငြိမ်သက်အောင်ထား၊ ငါဟာတန်ခိုးစွမ်းအားရှိသူဖြစ်တယ်၊ ငါဟာဘယ်အရာကိုမဆို ဖန်တီး နိုင်တယ် ဆိုတဲ့ ဂါထာကိုရွတ်ဆိုလို့ရတယ်၊ နေ့စဉ် ဆယ့်ငါးမိနစ်၊ မိနစ်နှစ်ဆယ် ရွတ်ဆိုအာရုံပြုရင် မင်းရဲ့အာရုံစူးစိုက်မှုအားတွေ သိပ်ကောင်းလာလိမ့်မယ်၊ မင်းရဲ့ဘဝဟာ လုံးဝပြောင်းလဲ လာလိမ့်မယ်။”

လူငယ်က လက်ထဲရှိ နင်းဆီပန်းပွင့်၏ ရနံ့ကိုပင်သေသေချာချာမွှေးကြူမကြည့်နိုင်ပဲ ပါမောက္ခကြီး၏ စကားကို အာရုံစိုက်နားထောင်နေမိသည်။

“ငါပြောတဲ့စကားတွေကိုပြန်ချုပ်ရရင် အဓိကအချက်ဟာ စိတ်အာရုံစူးစိုက်ရေးပဲ၊ အာရုံစူးစိုက်မှု အလေ့အကျင့်တွေကြောင့် မင်းရဲ့စိတ်ဓာတ်ဟာ ကြံ့ခိုင်လာပြီး အားကောင်းလာပြီ မင်းမှာကိုယ့်ကိုကိုယ် စိတ်ချယုံကြည်မှုတွေ ပြည့်ဝလာပြီဆိုတဲ့အခါ ဘဝမှာကြုံတွေ့ရတဲ့ ပြဿနာတွေဟာ မင်းကို ဘယ်လိုမှ ချုပ်ကိုင်နိုင်စွမ်းမရှိတော့ဘူးဆိုတာ မင်းတွေ့ရလာလိမ့်မယ်၊ အကြောင်းကိစ္စရပ်တွေဆိုတာက ကိုယ်က အရေးကြီးတယ် ထင်သလောက်ပဲ အရေးကြီးတယ်၊ ပြဿနာဆိုတာကလည်း ကိုယ်က ဒါပြဿနာဘဲလို့ ယူဆမှပြဿနာဖြစ်တယ်၊ အကယ်၍ မင်းစိတ်ထဲမှာဘယ်အရာမှ တကယ်တမ်း အရေးမကြီးပါဘူးကွာ ဘာမှအလေးအနက်ထားနေစရာမလိုပါဘူးလို့ ယူဆထားမယ်ဆိုရင် တကယ်မင်းအတွက် အရေးမကြီး တော့ဘူး၊ အလေးအနက်ထားလောက်စရာ မဟုတ်တော့ဘူး၊ လူ့ရဲ့စိတ်ဓာတ်က ပျော့ညံ့နေတဲ့အခါ ပြဿနာကို အကြီးကြီးလို့ မြင်ပြီး ကြောက်တယ်၊ စိတ်ဓာတ် ကြံ့ခိုင်သန်စွမ်းလာတာနဲ့အမျှ ပြဿနာဆိုတာ တွေဟာ တဖြည်းဖြည်းသေးမွှားလာတယ်၊ ကိုယ့်အပေါ်ဖိစီးမှု နည်းသထက်နည်းလာတယ်၊” စကားပြောရင်းပင် လူငယ်နှင့်ပါမောက္ခကြီးတို့ အိမ်ဆီသို့ ပြန်လျှောက်လာကြသည်။

မနက်က နေရောင်ခြည်တောက်ပနေခဲ့သည့် ကောင်းကင်သည် ရုတ်တရက် မိုးသားတိမ်တိုက်တွေ တက်ကာ မှိုင်းမှုံ၍လာသည်။ မိုးသက်မုန်တိုင်းကျတော့မည်ဟန်ပင်။ အိမ်ထဲတွင်မှောင်လာသည်။ ပါမောက္ခကြီက လျှပ်စစ်မီးတွေမဖွင့်ပဲ ဖယောင်းတိုင် ခုနစ်တိုင်ပါသည့် ဖယောင်းတိုင်စင်လေး တစ်ခုကို မီးထွန်းညှိသည်။ ပြီးလျှင် ပြတင်းပေါက်နားသွားရပ်ကာ လေဝှေ့နေသော ခန်းဆီးစကိုဖယ်၍ ကောင်းကင်ဆီသို့ မော့ကြည့်သည်။

လူငယ်က သူ့အနီးမှာ။

“မင်းမှတ်ထားကွ အတော်လေးမြင့်တဲ့ တစ်နေရာရောက်ရင် ဒီတိမ်တိုက်တွေမရှိတော့ဘူး၊ သူတို့က အောက်ပိုင်းမှာသာရှိနေကြတာ၊ မင်းဘဝမှာပြဿနာတိမ်တိုက်တွေ ပိတ်ဆို့လို့အလင်းရောင် မမြင်နိုင်တဲ့ အခါမျိုးကြုံတိုင်း ငါ့စိတ် ငါ့ဝိညာဉ်ဟာ အနိမ့်ပိုင်းမှာပဲရှိနေသေးလို့ အခုလိုဖြစ်ရတာ၊ အမြင့်ကိုတက်နိုင်မှ ဒီတိမ်တိုက်တွေ ဖိတ်ဖုံးကာဆီးမှုက လွတ်မြောက်မယ်ဆိုတာ သတိရဖို့လိုတယ်၊ တချို့ကပြဿနာကို အတင်းမျက်စိမှိတ် တိုက်ခိုက်တယ်၊ အဲ့ဒါတိမ်တိုက်တွေကို တွန်းဖယ်ဖို့ကြိုးစားနေတာနဲ့ တူတယ်၊ မအောင်မြင်နိုင်ဘူး၊ ကိုယ်ကအထက်အဆင့်ကိုမရောက်သမျှ ပြဿနာတိမ်တိုက်တောထဲက လွတ်နိုင်မှာ မဟုတ်ဘူး၊ စောစောက ပြောခဲ့တဲ့ အာရုံစူးစိုက်တဲ့နည်း စိတ်ဓာတ်ခွန်းအားတိုးအောင် လေ့ကျင့်တဲ့နည်းတွေ အားဖြင့် ကိုယ့်ကိုကိုယ်ပြဿနာတွေထက် အဆင့်မြင့်တဲ့ ပုဂ္ဂိုလ်ဘဝရောက်အောင် မြှင့်တင်ထားနိုင်တော့မှ သာလျှင် တိမ်တိုက်တွေကင်းစင်ပြီး ကောင်းကင်ပြာကြီးကသာ အဆုံးမရှိဖြန့်ကျက်နေတဲ့ တည်ငြိမ် အေးချမ်းတဲ့ နေရာကိုရောက်မယ့်၊”

ထို့နောက်ပါမောက္ခကြီးက လူငယ်ကိုတစ်ချက်အကဲခတ်ကာ မှတ်ချက်စကား တစ်ခွန်းဆိုသည်။

“ငါပြောတဲ့စကားတွေအားလုံးတော့လည်း မင်းသဘောပေါက်ချင်မှ ပေါက်ဦးမှာပေါ့ကွာ၊ ဒါပေမယ့် ကိစ္စမရှိဘူး၊ နောက်ပိုင်းကျတော့ အတွေ့အကြုံနဲ့ဆင်ခြင်ပြီး မင်းတဖြည်းဖြည်း မြင်လာပါလိမ့်မယ်၊”

သူတို့နှစ်ဦး ညစာစားပွဲမှာ ထိုင်ကြသည်။ စာဖိုမှူးကပေါင်မုန့်နှင့် ဝိုင်ကိုယူလာပြီး တည်ခင်းပေးသည်။

“ကျွန်တော်ခေါင်းထဲမှာ စဉ်းစားရကျပ်နေတဲ့ကိစ္စလေးတစ်ခုရှိနေပါတယ် ဆရာကြီး” လူငယ်က စကားစသည်။

စင်စစ်သည်ကိစ္စက မနေ့ကတည်းကပင် သူ့ဦးနှောက်ကို ဒုက္ခပေးနေခဲ့ခြင်းဖြစ်သည်။

“ဆရာကြီးပြောသမျှတွေ ကျွန်တော် စဉ်းစား နားထောင်ပါတယ်၊ အားလုံးလည်း ကျွန်တော်လက်ခံ ပါတယ်၊ ဆရာကြီးပြောတဲ့နည်းစဉ်တွေအတိုင်းလုပ်ရင် ကျွန်တော်သန်းကြွယ်သူဌေးဖြစ်မယ် ငွေချမ်းသာသလို

စိတ်ရဲ့ ချမ်းသာသုခနဲ့လည်း ပြည့်ဝမယ်ဆိုတာလည်း ကျွန်တော် ယုံကြည်နေပါပြီ၊ ဒါပေမယ့် ကျွန်တော်မှာ ခက်နေတာက ဘယ်ကစမလဲဆိုတဲ့ကိစ္စ၊ ဘာလုပ်ငန်းနဲ့စမလဲ၊ ဘယ်နယ်ပယ်ထဲကိုဝင်ပြီး ချမ်းသာအောင် လုပ်ရမလဲ ဆိုတာ ကျွန်တော်စဉ်းစားလို့ မရနိုင်သေးဘူး ဆရာကြီး၊"

ပါမောက္ခကြီးကပြုံးသည်။ သည်လိုအရေးတကြီးအလေးအနက် မေးဖော်ရခြင်းအတွက်ပင် သူက ကျေနပ် သွားသည့်ဟန်မျိုး။

"မစိုးရိမ်ပါနဲ့ကွာ" သူကပြုံး၍ဖြေသည်။ "ကိုယ့်စိတ်ကို ကိုယ်ယုံထားလိုက်၊ မင်းမှာစိတ်ဓာတ် စွမ်းအားတွေရှိပါတယ်၊ အလေ့အကျင့်တွေကြောင့် ဒီစွမ်းအားတွေဟာပိုပြီး တိုးတက်လာဦးမှာပဲ၊ မင်းမှာ တခြားအရည်အသွေးတွေလည်း အများကြီးရှိပါသေးတယ်၊ ကျွမ်းကျင်မှုတွေစိတ်ဝင်စားမှုတွေ၊ အရေးကြီးတာ အလိုဆန္ဒပဲ၊ ရည်မှန်းချက်ပဲ၊ ရည်မှန်းချက်ပန်းတိုင်အရင်ဆုံးချ၊ ကိန်းဂဏန်းနဲ့တကွ တိတိကျကျချ၊ ဘယ်လမ်းလိုက်ရမလဲ၊ ဘယ်လုပ်ငန်းနယ်ပယ်ထဲဝင်ရမလဲ၊ ဘာစလုပ်ရမလဲဆိုတာ ပတ်ဝန်းကျင်ကို အာရုံစူးစိုက်ကြည့်ရင်းက လင်းကနဲ့ ရှင်းကနဲမြင်လာလိမ့်မယ်၊ ဒါဟာ အခွင့်အရေးပဲ။ ဒါကိုစလုပ်ရမယ်ဆိုတာ မသိစိတ်က ဖော်ပေးလိမ့်မယ်။ ခလုပ်နှိပ်သလို ရုတ်တရက်ဘွားကနဲ ပေါ်လာလိမ့်မယ်။ ကြာကြာ မဆိုင်းရပါဘူး၊"

ပါမောက္ခကြီးကပေးသော အဖြေကိုလူငယ်အားမရ။ သူ့အား သည့်ထက်တိတိကျကျပြောသင့်သည်ဟု သူမြင်သည်။ ပုဂ္ဂိုလ်ကြီးကလည်း အလွန်အကင်းပါးသည်။ လူငယ့်စိတ်ထဲဘာရှိသည်ကို သူချက်ချင်းသိသည်။ လူငယ်အား အကြင်နာစွာပင် သူဆက်၍ပြောသည်။

" ဒီလိုကွ မင်းဘယ်လုပ်ငန်းနဲ့ သန်းကြွယ်သူဌေးဖြစ်မယ်ဆိုတာ ဘာမှစမလုပ်ခင်တော့ ဘယ်နည်းနဲ့မှ မသိနိုင်ဘူး၊ ဒီအတွက် ပူစရာမလိုဘူး၊ လောလောဆယ် မင်းလုပ်သင့်တာက ဘယ်အလုပ်မျိုးဟာ မင်းရဲ့စရိုက် သဘာဝနဲ့ ကိုက်ညီသလဲ၊ အဲဒီအလုပ်မှာသာဆိုရင် မင်းစိတ်ရောကိုယ်ပါ မြှုပ်နှံပြီး ပျော်ပျော်ကြီးလုပ်နိုင်မလား၊ နေ့တရှုဝ လုပ်ရမှာ မငြီးမငွေ့သလို အဲဒီအလုပ်နဲ့ပတ်သက်ပြီး တီထွင်ရမှာ နည်းလမ်းသစ်တွေရှာရမှာ၊ လုပ်ငန်းအသိပညာတိုးပွားအောင် မပြတ်လေ့လာနေရမှာတွေကို အားတက်သရော မင်းလုပ်နိုင်မလား၊ အဲသလိုစဉ်းစား၊ စဉ်းစားရင်း ပထမပေါ်လာတဲ့ အလုပ်တွေထဲမှာမှ ဘယ်အလုပ်သည် ကြီးပွားချမ်းသာဖို့ အလားအလာအများဆုံးလဲ ထပ်ဆင့်ရွေးချယ်ပြီး အဲဒါကို ဇောက်ချလုပ်ကွာ၊ အဲဒါဟာ မင်းအတွက် အလုပ်နဲ့ချမ်းသာသုခ တသားတည်းကျတဲ့လုပ်ငန်းမျိုးဖြစ်ပြီး အဲဒီလုပ်ငန်းနဲ့ မင်းအမြင့်ဆုံးအဆင့်ထိ ကြီးပွားချင်ကြီးပွားမှာပေါ့၊ အကယ်၍ အဲဒီပထမဆုံးစရွေးချယ်တဲ့ လုပ်ငန်းနဲ့ မချမ်းသာခဲ့ရင်လည်း အရေးမကြီးပါဘူး၊ လုပ်ငန်းလောကထဲမှာ လှုပ်ရှားရင်းကပဲကြီးပွားမယ့် လမ်းစသစ်တွေ တွေ့လာပါလိမ့်မယ်၊ လစ်စတွေတွေ့တတ်မြင်တတ်ဖို့ အထောက်အကူပြုမယ့် ပစ္စည်းတွေငါ့မှာဆုဆောင်း ထားတာရှိတယ်၊ ဒါတွေလည်း မင်းကိုပေးခဲ့ပါ့မယ်၊ အတွေ့အကြုံရယ် လုပ်ငန်းဗဟုသုတရယ်၊ လုပ်ကိုင်ပုံ နည်းနာတွေရယ်၊ ထက်သန်တက်ကြွတဲ့ စိတ်ဓာတ်ရယ်ပေါင်းပြီး သန်းကြွယ်သူဌေးဖြစ်မယ့် လမ်းကြောင်းထဲ မင်းမုချ ရောက်သွားမှာပါ၊"

ပါမောက္ခကြီးက ဝိုင်ခွက်ကိုကောက်ကိုင်ပြီး တစ်ငုံလေးငုံသည်။ သောက်တာနှင့်မတူ အရသာကို မြည်းစမ်းကြည့်ပုံမျိုး။

"လုပ်ငန်းကိုတော့ ဆရာကြီးပြောတဲ့နည်းအတိုင်း ကျွန်တော် ရွေးချယ်နိုင်ပါလိမ့်မယ်၊ ဒါပေမယ့် လုပ်ငန်းစတင်ဖို့ အရင်းအနှီးလိုတယ်၊ ကျွန်တော့်မှာက ခြူးတစ်ပြားမှမရှိဘူး ဆိုတာမျိုး ဖြစ်နေတယ်၊"

"မင်းအရင်းအနှီးက ဘယ်လောက်လိုမှာမို့လဲ၊"

"မပြောတတ်ဘူးဆရာကြီး၊ အနည်းဆုံး တစ်သောင်းလောက်တော့ လိုမယ်ထင်တာပဲ၊ ဆရာကြီးတုန်း ကလည်း တစ်သောင်းနဲ့ စခဲ့တယ်မဟုတ်လား၊"

"အေး အဲဒါတော့ မင်းရအောင်ရှာပေါ့ကွာ၊ နည်းနည်းလျှောက်ကြည့်ပေါ့၊ ဘယ်နေရာက ရနိုင်မလဲ၊ ဘယ်လိုရနိုင်လဲ၊ နည်းလမ်းရှာရင်တွေ့မှာပေါ့။"

"အမှန်အတိုင်းဝန်ခံရရင် ကျွန်တော်နည်းလမ်းလုံးဝ မမြင်ဘူးဆရာကြီး၊ ပေါင်စရာနှံစရာလည်း မရှိတော့ ဘယ်ဘဏ်ကမှ ချေးမှာမဟုတ်ဘူး၊"

"မင်းတကယ်ကော ကြိုးစားကြည့်ပြီးပြီလား။"

"ဘယ်မှတော့သွားမကြည့်ရသေးပါဘူး၊ ဒါပေမယ့် မဖြစ်နိုင်ဘူးဆိုတာသေချာ....၊"

"မဟုတ်ဘူးကွ အဲဒါမင်းမှားတယ်၊ ကြိုးစားမကြည့်သေးဘဲနဲ့ မဖြစ်နိုင်ဘူးပြောနေတာ နောက်အဲဒါမျိုး မလုပ်မိအောင်သတိထားကွ၊ အဲဒါဟာ ဘယ်တော့မှ အောင်မြင်မှာမဟုတ်တဲ့ လူတွေလုပ်လေ့လုပ်ထရှိတဲ့ပုံစံပဲ၊ တစ်ချို့က လုပ်ကြည့်ခင် လက်မြှောက်တယ်၊ အချို့ကလုပ်တော့လုပ်တယ် ဒါပေမယ့် အစကတည်းကကို အောင်မြင်မယ်လို့ ယုံကြည်စိတ်ချတာ မဟုတ်တော့ စိတ်ကမပါဘူး၊ ဝတ္တရားကျေလုပ်တယ်၊ အဲဒီတော့ မအောင်မြင်ဘူး၊ လူနဲ့ဆက်ဆံပြီး လုပ်ရတဲ့အလုပ်မျိုးမှာ ကိုယ်က ယုံကြည်စိတ် ပြည့်ဝနေ အားတက်ထက်သန်နေမှ တစ်ဖက်လူက ကိုယ့်ဘက်ကိုပါမှာပေါ့၊ ကိုယ်လိုရာရမှာပေါ့၊ အာရုံစိတ်ကြီး ခေါင်းထဲထည့်ထားတဲ့ လူတွေဟာ အမြဲရှုံးတယ်၊ အောင်မြင်ရမယ်ဆိုတဲ့ စိတ်မျိုးမွေး၊ အဲဒီစိတ်နဲ့လုပ်ရှား၊"

"ကျွန်တော်ကြိုးစားပါ့မယ်၊ ဒါပေမယ့် အခုကိစ္စမှာတော့ခက်နေတာအမှန်ပဲ၊"

"ပြဿနာမှန်ရင် အဖြေရှိတာချည်းပဲကွ၊ အဲဒီအချက်ကို မင်းယုံထားဖို့လိုတယ်၊ ဘယ်လိုနည်းနဲ့ အကောင်းဆုံးဖြေရှင်းနိုင်မလဲဆိုတာပဲ ကြံဆဖို့လိုတယ်၊ ရည်မှန်းချက်ရှိသူ ကိုယ့်ကိုကိုယ်ယုံကြည်စိတ် ပြည့်ဝသူဟာ ဘယ်ပြဿနာမျိုး ကြီးသည်ဖြစ်စေ ဖြေရှင်းနိုင်မယ့်နည်းလမ်းတွေ သူ့အလိုလို ပေါ်လာအောင် ဆွဲဆောင်ခေါ်ယူနိုင်စွမ်းရှိကြတယ်၊ ငါအောင်မြင်ရမယ်လို့ အတွင်းစိတ်ထဲက ပြင်းပြင်းပြပြ ယုံကြည်ထား၊ တကယ်အောင်မြင်လာရလိမ့်မယ်၊ ဖြစ်ပါ့မလားဆိုတဲ့ သံသယမျိုးနည်းနည်းမှ အဝင်မခံနဲ့၊ အဲဒီကောင်ရဲ့ အဖျက်စွမ်းအားဟာ သိပ်ကြီးမားတယ်၊ ဘာကြောင့်လဲဆိုတော့ သူလည်းပဲ "အတွေး"ပဲကိုး၊ ခေါင်းထဲမှာ စွဲစွဲမြဲမြဲတွေးလာတဲ့ အတွေးမှန်သမျှဟာ အပြင်မှာထင်ရှားဖြစ်ပေါ်လာတာချည်းဘဲဆိုတာ ငါပြောခဲ့ပြီးပြီ၊ ဖြစ်ပါ့မလားဆိုတဲ့ သံသယအတွေး ခေါင်းထဲစွဲလာရင် နောင်ကျတော့ တကယ့်ကိုမဖြစ်တော့ဘူး၊ အဲဒီတော့သံသယစိတ်ခေါင်းထဲ ဝင်မယ်ကြံတာနဲ့ ချက်ချင်းမောင်းထုတ်ပစ်၊ သူ့ကိုမောင်းထုတ်နိုင်တဲ့အရာက ဖြစ်ရမယ်ဆိုတဲ့အပြုဘက်အတွေး၊ ငါပိုက်ဆံချေးချင်တယ်၊ လောလောဆယ်ဘယ်သူ့ဆီက ချေးရမှန်း မသိသေးဘူး၊ ဒါပေမယ့် တကယ်ငါအကြံထုတ်ရင်တော့ အဖြေပေါ်မယ်၊ ချေးလို့ရကိုရရမယ်။ အဲဒီလို ယုံကြည်တဲ့ အတွေးမျိုးခေါင်းထဲသွင်းစမ်းပါ၊"

"ဟုတ်ကဲ့၊ ဒီကိစ္စမဖြစ်မနေ လုပ်မယ်ဆိုရင်တော့ တစ်နည်းနည်းဖြစ်ရမှာပေါ့။"

"အေး ဟုတ်ပြီ၊ တစ်နည်းနည်းဖြစ်ရမယ်၊ ဒါပေမယ့် မင်းမှာ အချိန်သိပ်မရဘူး၊ ဘယ်နည်းနဲ့ လုပ်မလဲ၊ စိတ်အေးလက်အေး တွေးမနေနိုင်ဘူး၊ အချိန်တစ်နာရီအတွင်း ငွေတစ်သောင်းကို ရကိုရမှဖြစ်မယ်ဆိုတာ ဆိုပါတော့ကွာ၊ မင်းဘာလုပ်မလဲ၊"

"အင်း ကျွန်တော်......"

"ဟော့ ဒီမှာကွာ ငွေလိုချင်ရင် မင်းဘယ်သွားရမလဲ၊"

"ငွေရှိတဲ့ တစ်နေရာရာ..."

"အေး ငွေရှိတဲ့လူဆီ သွားဆွေးနွေးရမှာပေါ့ကွ၊ ကျွန်တော် ဘာလုပ်ငန်း ဘယ်လိုလုပ်မယ်၊ ဘယ်လိုပုံစံစီစဉ်ထားတယ်၊ ငွေဘယ်လောက်ရင်းပြီး ဘယ်လောက်ကြာရင် ဘယ်လိုအကျိုးအမြတ်ရနိုင်တယ်၊ သူ့အတွက်ဘယ်လို၊ မင်းအတွက် ဘယ်လို၊ မင်းအစီအစဉ်က စနစ်တကျ သေသေချာချာ ပြင်ဆင်ထားတဲ့ အစီအစဉ်ဖြစ်မယ်၊ ယုံကြည်ချက်အပြည့်နဲ့ စိတ်အားထက်သန်းစွာနဲ့ ပြောနိုင် "ရောင်း"နိုင်မယ်ဆိုရင် တစ်ယောက်မဟုတ်တစ်ယောက်ဆီမှာ "စွံ"မှာပေါ့၊ အကျိုးအမြတ်ရှိဖို့ အလားအလာမြင်ရင် ငွေတစ်သောင်းလောက်ကတော့ ထုတ်ချေးမယ့်လူတွေပေါ်ပါသကွာ၊ ဒါကလုပ်နိုင်တဲ့ နည်းလမ်းကိုပြောတာ၊ အခုမင်းမှာ ငွေတစ်သောင်း တစ်နာရီအတွင်း မရမနေရှာရမယ်၊ အသည်းအသန် လိုနေပြီဆိုပါတော့ ဘာလုပ်မလဲ၊"

"နီးရာလူဆီပြေးရမှာပေါ့၊"

သည်လိုပြောရင်းက ပါမောက္ခကြီးမျက်နှာ အမူအရာကို မြင်ကာ လူငယ့်စိတ်ထဲတစ်စုံတစ်ရာ ရိုးတိုးရိပ်တိတ် သဘောပေါက်လိုက်သည်။ ပုဂ္ဂိုလ်ကြီးက ချက်ချင်းမြင်သည်။

"အေးပေါ့ကွ၊ ဘာဝေးဝေးသွားစရာလိုမလဲ၊ မင်းရှေ့မှာ သန်းကြွယ်သူဌေးတစ်ယောက်လုံး ရပ်နေတာ၊ မင်းကိုကြီးပွား ချမ်းသာရေးလျှို့ဝှက်ချက်တွေအားလုံး သွန်းပြီးပြောပြနေတာ၊ ဒီလူနဲ့တွေ့တုန်း မင်းဘာလုပ်ရမလဲ မသိသေးဘူးလား၊"

ရုတ်တရက်တော့ သူ့နှုတ်က မရဲသေး။ ခဏကြာမှအားတင်းပြီး သူပြောလိုက်သည်။

"ကျွန်တော်လုပ်ငန်းစတင်ဖို့ လိုအပ်တဲ့ ဒေါ်လာ တစ်သောင်းကို ဆရာကြီးကပဲ ထုတ်ချေးပေးပါခင်ဗျာ"

"ကဲ၊ ဒါပဲပေါ့၊ လို-တ-ရတယ်ဆိုတာ ကြီးကြီးကျယ်ကျယ်မဟုတ်ပါဘူးကွ၊ အလွယ်လေးပါ၊ တောင်းရုံပါပဲ၊ လူတွေက မတောင်းရဲကြဘူး၊ တောင်းရဲရင်ရတယ်ကွ၊"

ပြောပြောဆိုဆိုသူက လူငယ်နှင့် တွေ့စကတည်းက သူ့အိတ်ထဲတွင် ရှိနှင့်နေသော ငွေတစ်သောင်းကို ဆွဲထုတ်လိုက်သည်။ သည်ငွေစက္ကူထပ်ကို နှုတ်ဆက်သလို တစ်ချက်မျှကြည့်ပြီးနောက် လူငယ့်ကို ကမ်းပေးသည်။ လူငယ်က စိတ်လှုပ်ရှားစွာပင် လက်ခံယူသည်။ သူ့တစ်သက်လုံးသည်မျှ များပြားသောငွေကို တစ်ခါမျှတစ်လုံးတစ်ခဲတည်း မရဖူးခဲ့။

"ဒီပိုက်ဆံအရလွယ်လိုက်တာ မင်းအောက်မေ့မယ်၊ ငါလိုပုဂ္ဂိုလ်နဲ့တွေ့လို့သာ အချောင်ရတာလို့မင်း ထင်ချင်ထင်နေမယ်။ မဟုတ်ဘူးကွ၊ မင်းသေသေချာချာမှတ်ထား၊ နောက်လည်းပဲဒီထက်ဘာမှ မခက်ခဲတဲ့ နည်းနဲ့ ပိုက်ဆံတွေအများကြီး မင်းရလိမ့်ဦးမယ်၊ လူတွေက ပိုက်ဆံဆိုတာ ရဘို့သိပ်ခဲယဉ်းတယ်၊ ပင်ပင်ပန်းပန်းအလုပ်လုပ်နိုင်မှ နည်းနည်းပါးပါးရနိုင်တယ် အောက်မေ့ကြတယ်၊ အယူအဆမှားနေကြတာကွ၊ တစ်နာရီအလုပ်လုပ်လို့ ငွေတစ်ဆယ်ရရင် ငွေနှစ်ဆယ်ရအောင် နှစ်နာရီအလုပ်လုပ်ရမယ်ဆိုတဲ့ အယူအဆမျိုးနဲ့ သွားနေလို့ကတော့ နဖူးကချွေး ခြေမ ကျအောင်သာ ကျုံးရုန်းလုပ်နေရမယ်၊ ဘယ်တော့မှ ကြီးပွားချမ်းသာ လာမှာမဟုတ်ဘူး၊ အလုပ်ရဲ့တကယ့်တန်ဘိုး အစစ်က ဦးနှောက်အရည်အသွေးမြင့်မားအောင် လုပ်ပေးနိုင်ခြင်းပဲ၊ အလုပ်ကရတဲ့အတွေ့အကြုံနဲ့ မင်းရဲ့စဉ်းစားကြံဆမှု စွမ်းရည်တွေ တိုးတက်အောင် မင်းလုပ်နိုင်ရမယ်၊ တစ်နာရီ တစ်ဆယ်မို့လို့ နှစ်နာရီနှစ်ဆယ်ဆိုတာဟာ စက်ရုပ်တွေမှာ မှန်တယ်၊ လူကတော့ ဒီနေ့တစ်နာရီတစ်ဆယ်ပေမယ့် နောက်နေ့မှာ တစ်နာရီနှစ်ဆယ် သုံးဆယ်ဖြစ်ရမယ်၊ အောင်မြင်ကြီးပွားချင်တဲ့ လူ တစ်နာရီနှစ်ရာသုံးရာ နှစ်ထောင်သုံးထောင် အဲသလို ခုန်ပျံကျော်လွှား တိုးတက်သွား နိုင်ရမယ်၊ အဲဒီလိုကျော် လွှားတိုးတက်နိုင်ဖို့ အဓိကသော့ချက်က ဖြစ်နိုင်တယ် ဖြစ်ရမယ် ဆိုတဲ့အပြုဘက် အကောင်းဘက်အတွေး၊ ငါလုပ်နိုင်တယ်လို့ ကိုယ့်ကိုကိုယ် ယုံကြည်တဲ့စိတ်၊ ဖြစ်အောင်လုပ်မယ် နည်းလမ်းရှာဖွေမယ် လက်ငင်းအကောင်အထည် ဖော်မယ်ဆိုပြီး ထက်သန်ပြင်းပြနေတဲ့ စိတ်ဓာတ်၊ အဲဒါတွေ ပြည့်စုံနေဖို့ပဲ၊ အဲဒီတော့ မင်းခေါင်းထဲမှာစွဲထား ငွေဆိုတာ ကိုယ်တကယ်လိုချင်ရင် မခဲယဉ်းဘူး၊ အလွယ်တကူအလျှင်အမြန်ရနိုင်တယ် ဆိုပြီး စွဲမြဲယုံကြည်ထား။ ဟုတ်ပါ့မလားလို့ သံသယ နည်းနည်းဝင်ရင် အခုလောလောဆယ် မင်းဒေါ်လာတစ်သောင်း ရလိုက်တဲ့ကစ္စကို ပြန်သတိရ။ မင်းဘာလုပ်ရသလဲ၊ တော်ရုံလေးပဲ။ ဒါငါနဲ့မှ မဟုတ်ဘူး မင်းမှာငါပေးခဲ့တဲ့အောင်မြင်ကြီးပွားရေး စိတ်ဓာတ်တွေ တကယ်ကိန်းအောင်းပြည့်ဝလာတာနဲ့အမျှ ငွေကို မင်း လို-တ-ရသလို ရလိမ့်မယ် ယုံကြည်ထား"

"တစ်ခါတစ်လေ ယုံကြည်စိတ်ဓါတ်ကျဆင်းတဲ့အခါမျိုးမှာဘယ်လိုလုပ်ရမလဲခင်ဗျား" လူငယ်က သူ့စိုးရိမ်စိတ်ကို ဖွင့်ဟသည်။

"ယုံကြည်စိတ်လျော့ပါးတဲ့အခါမျိုး၊ ငါလုပ်တာတွေအောင်မြင်နိုင်ပါ့မလားလို့ သံသယဝင်တဲ့အခါမျိုးမှာ လုပ်နိုင်တဲ့အကောင်းဆုံးနည်းကတော့ ကိုယ့်ကိုကိုယ် တိုက်တွန်းစေ့ဆော်တဲ့နည်းပဲ၊ သံသယစိတ်တွေ အရှုံးစိတ်တွေနဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ အောင်စိတ် အောင်အတွေးတွေကို ဂါထာရွတ်သလိုရွတ်ဆိုတဲ့နည်းပဲ၊ တည်ကြည်လေးနက်စွာနဲ့ရွတ်ဆိုလိုက်တဲ့ စကားလုံးတွေဟာ မင်းရဲ့စိတ်အာရုံထဲမှာအခိုင်အမာပြဌာန်းကြေညာ လိုက်တဲ့ အမိန့်ဥပဒေများလို တန်ခိုးအာနိသင်သက်ရောက်သွားလိမ့်မယ်။ အချိန်ကာလတစ်ခုမှာ အဲဒီ စကားလုံးတွေနဲ့ လက်တွေ့ဘဝ မင်းကြုံရတဲ့အဖြစ်အပျက်တွေဟာ တသားတည်း ထပ်တူဖြစ်သွားလိမ့်မယ်၊ ကိုယ့်ကိုကိုယ် တိုက်တွန်းစေ့ဆော်တဲ့ အလေ့အကျင့်ရင့်သန်လာတာနဲ့အမျှ ခေါင်းထဲကို စကားလုံးများအားဖြင့် ပြဌာန်းထည့်သွင်းပေးလိုက်တဲ့အမိန့်တွေအတိုင်း အပြင်မှာတကယ် လက်တွေ့ဖြစ်ပေါ်မှုဟာ လျင်မြန်သထက် လျင်မြန်လာတာတွေ့ရလိမ့်မယ်၊ အဲဒါမင်းကိုယ်မင်း တဖြည်းဖြည်း ပိုပိုပြီးစိုးပိုင်လာတဲ့ လက္ခဏာပဲ၊ စိတ်သွားတိုင်းကိုယ်ပါလာတဲ့သဘော၊ ဒီအခါမျိုးမှာအထူးသတိထားရမှာက သူတစ်ပါးကို အနှောင့်အယှက် ဖြစ်စေမယ့် အတွေးမျိုးတွေ ခေါင်းထဲထည့်မပေးမိဖို့ပဲ၊ သူတစ်ပါးနဲ့ ဆက်စပ်ပတ်သက်လာတဲ့ အခါမျိုးမှာ မင်းခေါင်းထဲကို ထည့်သွင်းပြဌာန်းလိုက်တဲ့ အတွေးဟာ အပြုသဘောအတွေး သူတစ်ပါး ကောင်းကျိုး ဆောင်တဲ့ အတွေးမျိုးပဲဖြစ်စေရမယ်။ သူတစ်ပါးနဲ့ပတ်သက်တဲ့ ကိစ္စတိုင်းမှာ ကိုယ့်ရဲ့ဆောင်ရွက်ချက်တွေဟာ အာနိသင်တူစွာ အာနိသင်တူစွာ တုံ့ပြန်လာတတ်စမြဲပဲ။"

သည်လိုပြောရင်းနှင့် တစ်စုံတစ်ခုကို သတိရသွားဟန်တူသည်။ လူငယ့်ထံရောက်ရှိနေပြီဖြစ်သည့် ငွေစက္ကူထပ်ကို လက်ညှိုးထိုးပြီး သူဆိုသည်။

"ဒီငွေတွေကို ငါမင်းကိုမချေးဘူး" ဆိုပြီး သင့်တော့မည့်စကားလုံးရှာနေသည့်ဟန် ခဏရပ်နေသည်။ လူငယ့်ရင်ထဲတထိတ်ထိတ်၊ အဘိုးကြီးစိတ်များပြောင်းသွားပြီလား။

"ငါမချေးဘူး မင်းကိုငါပေးလိုက်မယ်" ဟာအဘိုးကြီးဆိုတော့မှ လူငယ်စိတ်သက်သာသွားသည်။

"ဒီလိုပေးလိုက်ခြင်းအားဖြင့် အားလုံးတစ်ပတ်လည်သွားတာပေါ့ကွာ၊ ဒီငွေကသန့်ရှင်းစင်ကြယ်တဲ့ ငွေပါ၊ ငါ့ကိုကနဦး လမ်းညွှန်သွန်သင်ခဲ့တဲ့ ပုဂ္ဂိုလ်ကြီးက လုပ်ငန်းရင်နှီးဖို့ ထုတ်ပေးခဲ့တဲ့ငွေ၊ မင်းလည်းပဲ ဒါကို လုပ်ငန်းရှင်းနှီးဖို့အတွက်ကလွဲပြီး တစ်ခြားဘာမှမသုံးနဲ့၊ မပျောက်ပျက်ရအောင် အိုးထဲထည့် တွင်းတူးပြီး မြေကြီးထဲ မြှုပ်ထားတယ်ဆိုတာမျိုးလည်းမလုပ်နဲ့၊ အဲဒါလည်းအလွန်ကြီးမားတဲ့အမှားပဲ၊ အချို့လူတွေ လုပ်တတ်တယ်၊ ကြောက်စိတ်ရဲ့စေ့ဆော်မှုနဲ့လုပ်ကြတာ၊ ကြောက်စိတ်ဆိုတာ လူအတွက် အဆိုးဝါးဆုံး ရန်သူပဲ၊ ဒွိဟာစိတ် သံသယစိတ်တွေထက် ပိုကြီးမားတယ်၊ သူတို့ရဲ့အစ်ကို၊ ဒါကိုပယ်ဖျက်နိုင်ရမယ်၊ အနိုင်ယူရမယ်၊ ကြီးပွားအောင်မြင်ဖို့အတွက် လူတစ်ယောက်ဟာ ကြောက်စိတ်ကင်းဖို့လိုတယ်၊ ရဲရင့်ဖို့ လိုတယ်၊ ပျောက်ပျက်လျော့နည်းမသွားအောင်ဆိုတဲ့ ဆင်ခြေနဲ့ ကြောက်စိတ်ကိုဖုံးကွယ်ပြီး ငွေကိုမြေကြီးမှာ မြှုပ်တဲ့လူဟာ ငွေနဲ့ထိုက်တဲ့လူမဟုတ်ဘူး၊ သူ့မှာ ချမ်းသာဖို့ လမ်းမရှိဘူး၊ သူဟာကြွယ်ဝချမ်းသာရေးဆိုရာ အကြီးမားဆုံး ဥပဒေသကြီးတစ်ခုကို ဖောက်ဖျက်ကျူးလွန်သူဖြစ်တယ်။ ငွေဆိုတာလည်ပတ်လှုပ်ရှားရင်းသာ တိုးပွားနိုင်တယ်ဆိုတဲ့ဥပဒေသ၊"

လူငယ်က ငွေထုပ်ကလေးကိုပွတ်သပ်ထွေးပိုက်ရင်း သူ့အပေါ် ရက်ရောသဘောကောင်းလှသော ပုဂ္ဂိုလ်ကြီး၏ ဩဝါဒစကားများကို နားစိုက်ထောင်နေသည်။

"မင်းကိုငါငွေမချေးဘူး ပေးတယ်လို့ ငါပြောခဲ့တယ်၊ ဒါပေမယ့် ဒီအတွက် ငါတစ်ခုတော့ တောင်းဆိုမယ်၊ တစ်နေ့သောအခါမှာ မင်းလည်းပဲငါ့နည်းတူ နောက်လူတစ်စုံ တစ်ယောက်ကို ထပ်ဆင့် လွှဲပြောင်းပေးဖို့။ နောက်နှစ်ပေါင်းနှစ်ဆယ်သုံးဆယ် ဖြစ်ချင်ဖြစ်မယ်၊ အဲဒီအချိန်မှာ အခုမင်းငါ့ဆီကို ရောက်လာသလိုပဲ လူငယ်တစ်ယောက် မင်းဆီကိုရောက်လာလိမ့်မယ်။ မင်းလာတဲ့အခါ မင်းဟာငါပေးရမယ့် လူငယ်ပဲလို့ ငါသိသလို အဲဒီလူငယ်လာတဲ့အခါလည်း မင်းသိလိမ့်မယ်။ ဒီကနေ့ မင်းကိုငါပေးတဲ့အတိုင်း သူ့ကိုမင်းပေးပါ၊ အရေးကြီးတာက အဲဒီအချိန်မှာ အဲဒီငွေသည် မင်းအတွက်ကြီးလေးသော ငွေမဖြစ်စေဖို့၊ အလွယ်တကူပေးနိုင် ကမ်းနိုင်အောင် အိတ်ထဲ အသင့်ဆောင်ထားတဲ့ ငွေကြေးမျိုးဖြစ်ဖို့ပဲ၊ ဒီကနေ့ငါက ဒေါ်လာတစ်သောင်းပေးတယ်၊ မင်းအလှည့်ကျတော့ ဒီထက် ကိန်းဂဏန်း ပိုချင်လည်းပိုမှာပေါ့။ အဲဒီအချိန်ကာလမှာ ငွေကြေးတွေက ဖောင်းပွချင် ဖောင်းပွနေမှာကိုး၊ ဒီကနေ့ ဒေါ်လာတစ်သောင်းနဲ့ တန်ဖိုးချင်း ညီမျှတဲ့ ငွေကို သူရင်းနှီးနိုင်အောင် မင်းပေးရလိမ့်မယ်။"

လူငယ်က ရိုသေစွာခေါင်းညိတ်၍နေသည်။

"အဲဒီငွေကို လက်ခံတဲ့အချိန်မှာ သူလည်းပဲ နောင်တစ်နေ့ကျရင် အခုငါမင်းကိုပေးတဲ့ အသိပညာနဲ့ အရင်အနှီးကိုနောက်လူဆီ လက်ဆင့်ကမ်းပေးပါမယ်လို့ အလေးအနက်ကတိပြုခိုင်းရလိမ့်မယ်။ ဘယ်လို အကြောင်းပြချက်နဲ့မှ ကိုယ့်အလှည့်မှာ ချိန်ဆက်မပြတ်စေနဲ့၊ ပေးရန်တာဝန် ပျက်ကွက်သူဟာ ကံကြမ္မာ ဆိုးကြုံရလိမ့်မယ်။ မင်းကတော့ တာဝန်ကျေပွန်မယ့်လူဆိုတာ ငါယုံကြည့်ပါတယ်။ မင်းကရိုးသား ဖြောင့်တည်ကြည်တဲ့ လူပဲ၊ ဒါကြောင့်မို့ ငါ့ရဲ့လျှို့ဝှက်ချက်တွေ မင်းကိုစိတ်ချလက်ချ လွှဲအပ်ခဲ့တာ။"

လူငယ်ဝမ်းသာလှိုက်လှဲစွာ ကျေးဇူးတင်စကားဆိုသည်။

သည်အခိုက်မှာပင် အပြင်၌ လေပြင်းတိုက်ခတ်လာသည်။ ပါမောက္ခကြီး ပတ်ဝန်းကျင်ကို လှမ်းမျှော်ကြည့်သည်။ သူ့မျက်နှာညှိုးလျှသည့်အသွင်ပေါ်လာသည်။ သည်အချိန်မိုးကရွာချသည်။

"ငါအချိန်သိပ်မရတော့ဘူး၊ မင်းသိသင့် သိထိုက်တာတစ်ခု ငါပြောခဲ့ဦးမယ်၊ ငါမင်းကိုပြောခဲ့တဲ့ နည်းစဉ်တွေဟာ ငွေရှာဖို့အတွက်မှာသာ မဟုတ်ဘူး၊ မင်းချမှန်တဲ့ ဘယ်ရည်မှန်းချက်ပန်းတိုင်မျိုးကိုမဆို အရောက်ပို့ပေးနိုင်တဲ့နည်းစဉ်တွေပဲ၊ ငါအခုငွေတွေ အမြောက်အမြားစုဆောင်းခဲ့တာက ငွေကိုခင်တွယ်လို့ မဟုတ်ဘူး၊ စိတ်ဓာတ်စွမ်းအားကြီးမားအောင် လေ့ကျင့်ထားသူများ ထူကဲတဲ့တန်ခိုး သတ္တိတွေရှိတယ်ဆိုတာ လူအများ သိမြင်ကြအောင်လို့ သူတို့ကိုမောတဲ့ငွေကြေးဘက်မှာ ငါလုပ်ကိုင်ပြခဲ့တာ။"

သူကအမောဖြေသည့်ဟန် ခေတ္တနားနေသည်။ လူငယ်က ဘာမှဝင်မမေးရဲ၊ သူဘာဆက်ပြောမလဲ ဆိုတာပဲ စောင့်မျှော်နေသည်။

"လူသားတစ်ယောက် ရယူပိုင်ဆိုင်နိုင်တဲ့ အမြင့်မားဆုံးအရာဟာ လွတ်လပ်မှုပဲကွ၊ ငွေကြေးကကောလို့ မင်းမေးမယ်၊ ငွေကြေးဟာလည်း တန်ဘိုးရှိတာအမှန်ပါပဲ၊ ဘာကြောင့်လဲဆိုတော့ ငွေကြေးဟာ လူအတွက် လွတ်လပ်မှုများစွာကို ဖန်တီးပေးနိုင်လို့ပဲ၊ ငွေကြေးဟာ လူအတွက် အနှောင့်အဖွဲ့အတားအဆီးအများအပြားကို ဖြတ်တောက် ဖယ်ရှားပေးနိုင်တယ်။ ဒါပေမယ့် ငွေထက်ပိုပြီး လွတ်လပ်မှု ပေးနိုင်တဲ့အရာဟာ တွယ်တာကပ်ငြိမှုကင်းမဲ့ခြင်းပဲကွ၊ ပစ္စည်းဥစ္စာမှာ စွဲလန်းတွယ်တာနေရင် အဲဒါဟာ နှောင်ကြိုးတစ်ခုဖြစ်နေတယ်။ မလွတ်လပ်နိုင်ဘူး၊ လက်ချည်းဗလာထွက်သွားနိုင်တဲ့လူဟာ တကယ့်စစ်မှန်တဲ့ လွတ်လပ်မှုကို ရှိတဲ့လူ၊ ငါ့ဘဝမှာအမြင့်ဆုံးရည်မှန်းချက်ကဒါပဲ၊ တခြားလူတွေကတော့ ငါ့ကိုပေါ်ယံအသွင်သဏ္ဌာန်တွေကြည့်ပြီး အောင်မြင်သောခန ကြေးငွေကြွယ်ဝသော လုပ်ငန်းရှင်ကြီးတစ်ယောက်လို့ မြင်ကြတယ်၊ ငါကိုယ်တိုင်အနေနဲ့ကတော့ နင်းဆီခြံရဲ့ဥယျာဉ်မှူးတစ်ယောက် အဖြစ်ကိုသာကျေနပ်နှစ်သက်တယ်၊ငါ့ဘဝမှာ ငွေကြေးတွေရှာခဲ့တယ်၊ ငွေကြေးကိုအနိုင်ယူခဲ့တယ်၊ ဒါပေမယ့် ဒါကိုစွန့်ခွာရမှာတွေးတောပူပန်မနေဘူး၊ ဒါတွေကိုစွဲလန်း တွယ်တာမနေဘူး၊ ဘယ်တုန်းကမှ ငါဟာငွေရဲ့ ကျေးကျွန်မဖြစ်ခဲ့ဘူး၊ မင်းလည်း အဲဒါကို ကတိပေးပါ။ ကိုယ်ရှာတဲ့ငွေရဲ့ကျေးကျွန်ဘဝကို ဘယ်တော့မှ မရောက်စေနဲ့။"

မုန်တိုင်းက ရုတ်ချည်းပေါ်လာသလို ရုတ်ချည်းပင်ပျောက်ကွယ်သွားသည်။ နေရောင်ခြည်က ပြန်လည်တောက်ပလာသည်။ အခန်းထဲမှာလင်းလာသည်။ ဖယောင်းတိုင်မီးတွေမလိုတော့။ ပါမောက္ခကြီးက ဖယောင်းတိုင်စင်ကိုယူပြီး အခန်းထဲမှ ထွက်လာသည်။ လူငယ်တစ်ယောက်တည်း ကြောင်တက်တက် ရပ်လျက် ကျန်ရစ်သည်။

*****

"…….စာအုပ်နဲ့ပတ်သက်ပြီး လူတွေထားတတ်တဲ့ သဘောထားအမှားနှစ်မျိုးလုံးနဲ့ ကင်းဝေးအောင် သတိထားပါ၊ အချို့လူတွေက စာအုပ်ထဲပါတာတွေကို အလကားစာတွေ တွေပါကွာလို့ သဘောထားတတ်ကြတယ်။…… နောက် လူတစ်မျိုးကျတော့ စာထဲပါတာမှန်သမျှလုံးဝဉသုံ ယုံကြည် တတ်ကြတယ်။ အဲဒီအတိုင်းတသွေမတိမ်း လိုက်နာလုပ် ဆောင်တတ်ကြတယ်၊….."

## အခန်း (၁၅)
## လမ်းခွဲကြရမည့်အချိန်

အခန်းထဲမှာ လူငယ်တစ်ယောက်တည်း ကျန်ရစ်ခဲ့ပြီး များမကြာမီပင် ဘဏ္ဍာစိုးကြီးရောက်လာသည်။ သူ့လက်ထဲမှာ စာအိတ်ကြီးတစ်အိတ် ကိုင်ထားသည်။ သူကစာအိတ်ကို ကမ်းပေးပြီးပြောသည်။ "ဆရာကြီးပေးခိုင်းလိုက်တာပါ၊ ဆရာ့အခန်းထဲသွားပြီး ဒီစာကို အေးအေးဆေးဆေးဖတ်ပါတဲ့၊ ပြီးတော့ဒီမှာ နောက်တစ်ရက် ဆက်နေချင်ရင် နေနိုင်တယ်လို့ ဆရာကြီးက မှာပါတယ်။"

လူငယ်ကကျေးဇူးတင်စကားဆိုပြီး အခန်းဆီသို့လာခဲ့သည်။ သည်အထဲမှာ ဘာတွေလည်း သူသိချင်လှပြီ။ အခန်းရောက်တော့ တံခါးကိုပိတ်မည်ပြုပြီးမှ သတိရကာ ခပ်ဟဟလေးပဲ ထားလိုက်သည်။ ခုတင်အစွန်းမှာထိုင်ကာ စာအိတ်ကို ဖွင့်သည်။ အတွင်းမှာစာတစ်စောင်၊ ထို့နောက် နောက်ထပ် စာအိတ်တစ်အိတ်။ စာကို အလျင်စလို သူဆွဲထုတ်သည်။ စာက စက္ကူအဖြူပေါ်တွင် အနက်ရောင်မင်ဖြင့်ရေးထားပြီး လက်ရေးက ရှင်းလင်းသပ်ရပ်လှသည်။ စာမှုန်းဆီနံ့ သဲ့သဲ့လွင့်ပျံ့လာသည်။

"မင်းအတွက်နောက်ဆုံးအမှာစကားတွေပါ။ …..ငါ့ကိုယ်ပိုင်စာကြည့်တိုက်မှာရှိတဲ့ စာအုပ်တွေအားလုံး မင်းကို လွှဲပြောင်းပေးခဲ့တယ်၊ လုပ်ငန်းလမ်းကြောင်းချတဲ့နေရာနဲ့ အသေးစိတ်ဆောင်ရွက်တဲ့အခါများမှာ အထောက်အကူပေးမယ့် ပစ္စည်းတွေပဲ၊ ဒါတွေကို အားကိုးပါ၊ ယုံကြည်ပါ၊ အသုံးချပါ၊ စာအုပ်နဲ့ပတ်သက်ပြီး လူတွေထားတတ်တဲ့ သဘောထားအမှားနှစ်မျိုးလုံးနဲ့ ကင်းဝေးအောင် သတိထားပါ။ တချို့လူတွေက စာအုပ်ထဲမှာပါတာတွေကို အလကားစာတွေတွေပါကွာလို့ သဘောထားတတ်ကြတယ်၊ ဘေးဘိုးစဉ်ဆက်ရဲ့ ကိုယ်တွေ့တွေ၊ လူမျိုးတစ်ရာ့တစ်ပါးရဲ့ ဘဝတွေ၊ လုပ်ငန်းနယ်ပယ်ပေါင်းစုံက ပုဂ္ဂိုလ်တွေရဲ့ အတွေ့အကြုံတွေကို မှတ်တမ်းတင်ထားတယ်ဆိုတာ သူတို့မသိဘူး၊ သူတစ်ပါးရဲ့အတွေ့အကြုံတွေက သင်ခန်းစာယူနိုင်ရင် ကိုယ့်ဘဝမှာ အမှားအယွင်း ဘယ်လောက်ကင်းစင်မယ်၊ ကိစ္စများစွာမှာ လူတကာထက် တစ်ပန်းသာမယ်ဆိုတာတွေ သူတို့မသိကြဘူး၊ နောက်လူတစ်မျိုးကျတော့ စာထဲပါတာမှန်သမျှ လုံးဝဉသုံ ယုံကြည်တတ်ကြတယ်။ အဲဒီအတိုင်းတသွေမတိမ်း လိုက်နာလုပ်ဆောင်တတ်ကြတယ်။ စာအုပ်စာတမ်းပြုစုတဲ့ လူတွေဆိုတာ ဉာဏ်ပညာရှိတဲ့ပုဂ္ဂိုလ်တွေပါ။ သူတို့အတွေ့အကြုံ အသိပညာတွေကို ဖြန့်ချိကြတာပါ၊

တနည်းပြောရရင် သူတို့လျှောက်ခဲ့တဲ့ခရီးလမ်းအကြောင်းကို ပြန်ပြောင်းပြောပြသူတွေပေါ့၊ ဒါပေမယ့် မင်းတို့ငါတို့ လျှောက်ရမယ့် ခရီးလမ်းက သူတို့ခရီးလမ်းတွေနဲ့ ထပ်တူကျချင်မှကျမယ်၊ တူတဲ့နေရာတူပြီး ကွဲလွဲတဲ့နေရာမှာ ကွဲလွဲမယ်၊ အဲဒါကိုသတိ သတိထားပြီး တူညီတာတိုက်ဆိုင်တာ ကိုယ့်အတွက် အကျိုးပြုမှာကို ရွေးထုတ်အသုံးပြုတတ်ဘို့လိုတယ်၊ ဘာနဲ့ရွေးမလဲဆိုတော့ မင်းရဲ့ကိုယ်ပိုင်ဉာဏ်ပေါ့၊ ဦးနှောက်ပေါ့။ လူတိုင်းမှာ စဉ်းစားဘို့ ဦးနှောက်တစ်ခုစီပါလာတယ်၊ ဒါပေမယ့် များသောအားဖြင့် လူတွေဟာမစဉ်းစားကြဘူး၊ စဉ်းစားရမှာကိုကြောက်ကြတယ်။ ရေသာခိုပြီး သူများကိုစဉ်းစားခိုင်းတယ်၊ ဒါပေမယ့်တကယ်တမ်းကျတော့ ဒါဟာသူများဦးနှောက်ဆီမှာ ကျေးကျွန်ခံတဲ့သဘောပဲ၊ မင်းဦးနှောက်ဟာ စဉ်းစားတဲ့ ဦးနှောက်ဖြစ်ပါစေ၊ ဘယ်သူတစ်ဦးတစ်ယောက်ဆီမှ ကျေးကျွန်မခံဘဲ ပညာရှိများစွာရဲ့ ဦးနှောက်ကထွက်တဲ့ အသိဉာဏ်ကို မိမိဘဝနဲ့ လိုက်လျောညီထွေအောင် စုစည်းဆင်ခြင်သုံးစွဲတတ်တဲ့ လွတ်လပ်သော ဦးနှောက်မျိုးဖြစ်ပါစေ။

"မင်းနဲ့ငါ စတွေ့တဲ့အချိန်ကစပြီး၊ ငါ့ဘဝ တစ်လျှောက်လုံး စုဆောင်းသိမ်းလာခဲ့တဲ့ အသိတရားတွေ မင်းကိုပေးဘို့ငါကြိုးစားခဲ့တယ်၊ ဒါပေမယ့် ပါးစပ်နဲ့ပြောတော့ မပြည့်စုံတာ လစ်ဟင်းတာလေးတွေရှိနိုင်တယ်၊ ပြီးတော့မစွဲမြဲဘူးပေါ့၊ အခုပူးတွဲပါတဲ့ စာရွက်စာတမ်းတွေထဲမှာ ငါပေးချင်တဲ့အသိတရားတွေကို ပိုပြီးတိတိကျကျ ပြည့်ပြည့်စုံစုံလေး ငါရေးပေးထားတယ်၊ ဒါမင်းအတွက် ငါရဲ့ဦးနှောက်အမွေပါပဲ၊ ဒီအမွေကို နောင်အခါ မင်းတတ်နိုင်သမျှ လူအများဆီကို လက်ဆင့်ကမ်း ဖြန့်ဖြူးစေချင်တယ်၊ မင်းနဲ့ ငါတွေ့ဆုံကြပုံနဲ့ ငါ့ဆီက အသိပညာတွေ မင်းရရှိခဲ့ပုံကိုပါ ပြန်ပြောင်းပြောပြစေချင်တယ်၊ ဒါကတော့ ငါ့ဆန္ဒပေါ့၊ ဒါပေမယ့် အထက်မှာငါပြောခဲ့သလိုပဲ၊ အယူအဆတစ်ခုဆိုတာ ကိုယ်ပိုင်ဉာဏ်နဲ့ ဆင်ခြင်ပြီးမှ ယုံကြည့်သင့်ရင် ယုံကြည်ရတယ်၊ ဖြန့်ဖြူးသင့်ရင် ဖြန့်ဖြူးရတယ်၊ ဒါကြောင့်ငါပေးတဲ့ အသိပညာတွေကိုလည်း မင်းအရင်ဆုံးလက်တွေ့စမ်းသပ် သုံးစွဲကြည့်ပါ၊ ငါ့နည်းစဉ်တွေအတိုင်း လက်တွေ့ကျင့်ကြံလို့ ခြောက်နှစ်ကြာတဲ့ အချိန်မှာ မင်းသန်းကြွယ်သူဋ္ဌေးဖြစ်တယ်ဆိုတော့မှ ဒါတွေဟာတကယ်တန်းဖိုးရှိတဲ့ သဘောတရားတွေပါ ဆိုတာ ရဲ့ဝံ့ယုံကြည်စွဲနဲ့ မင်းဆက်လက်ဖြန့်ချီပေါ့၊

"ကဲ ငါလည်း သွားရဦးမယ်၊ ငါ့နှင်းဆီပန်းတွေစောင့်နေရတာ ကြာလှပါပြီး။"

လှုငယ့်ရင်ထဲဆို့နင့်သလို ခံစားနေရသည်။ စိတ်လှုပ်ရှားစွာဖြင့်ပင် စာအိတ်ကြီးထဲကျန်ရှိနေသည့် နောက်စာအိတ်ကို ထုတ်ယူသည်။ စာအိတ်က ထူထူထဲထဲ၊ နှင်းဆီပွင့်ပုံသဏ္ဍာန် ချိတ်တံဆိပ်ကို တရိုတသေခွာကာ စာအိတ်ကို ဖွင့်ပြီးအတွင်းမှ စက္ကူထပ်ကို ထုတ်လိုက်သည်။ စာရွက်တွေက အတော်များသည်။ စာစောစောက စာအတိုင်းပင် လက်ရေးလှလှနှင့် ရေးသားထားသည်။ သူပြောပြခံသည့် နည်းစဉ်များကို အသေးစိတ်ရှင်းလင်းချက်များနှင့်တကွ စနစ်တကျ ရေးသားဖော်ပြထားခြင်းပေတည်း။ ရတနာသိုက်အညွှန်းတစ်ခုပမာ အဖိုးတန်လှသည့်စာရွက်စာတမ်းများကို သဲသဲမဲမဲဖတ်ရှုရင်း လှုငယ်စိတ်အား ထက်ကြွ သထက် တက်ကြွလာသည်။ စာမျက်နှာအားလုံး ဖတ်ရှုပြီးဆုံး ချိန်၌မူ ဝမ်းမြောက်ကျေးဇူး တင်လွန်းသဖြင့် ပါမောက္ခကြီးထံပြေးကာ အရိုအသေပြုလိုစိတ်ပင် ပြင်းပြလာသည်။ အခန်းထဲမှ သူထွက်လာသည်။ ဘဏ္ဍာစိုးကြီးကိုခေါ်ကြည့်သည်၊ မရှိ။ အပြင်ဘက်လှမ်းကြည့်တော့ နေသာနေသည်။ ပါမောက္ခကြီးနှင်းဆီပင်တွေနားရှိမှာပဲဟု သတိရပြီး သူထွက်လိုက်လာသည်။

"ဆရာကြီး ဆရာကြီး" ဟုခေါ်ရင်း သူလိုက်ကြည့်သည်။ မမြင်။ နောက်တော့မှ ရုတ်တရက် တစ်နေရာမှာ မထင်မှတ်သော အသွင်သဏ္ဍာန်နှင့် သွားတွေ့ရသည်။ နှင်းဆီရုံ တစ်ရုံအေားမှာ ပုဂ္ဂိုလ်ကြီးလဲလျောင်းနေသည်။ အနီးမှာ ဖယောင်းတိုင်စင်။ ကျန်သော ဖယောင်းတိုင်တွေငြိမ်းသွားပြီး တစ်တိုင်တည်းသာ တောက်လောင်နေဆဲ။ ပန်းရုံနံဘေးမှာ တရေးအိပ်နေတာလား၊ လှုငယ်တွေးမိသည်။ ပါမောက္ခကြီးက အနေအထိုင်အပြုအမူ ထူးဆန်းသူတစ်ယောက်မဟုတ်လား။ သို့သော်အနားရောက်လာသည့် အခါမှာတော့ သူထိတ်လန့်သွားသည်။ ပါမောက္ခကြီးလုံးဝငြိမ်သက်လျက်ရှိနေသည်။ အဖြူရောင်ဝတ်ရုံရှည်က ခြေကျင်းဝတ်နားအထိ ဖုံးနေသည်။ လက်နှစ်ဖက်က ရင်ဘတ်ပေါ်တွင်တင်လျှက်။ ညာဘက်လက်ထဲမှာ နှင်းဆီပန်းတစ်ပွင့်။ သူကွယ်လွန်လေပြီလား။ ပါမောက္ခကြီး၏ပါးစပ်နားကပ်၍ နားထောင်ကြည့်သည်။ အသက်ရှုသံ လုံးဝမကြားရ။ ထူးဆန်းသော ပါမောက္ခကြီးထူးဆန်းစွာပင် ကွယ်လွန်သွားခဲ့ပြီ။ မိမိနှင့်တွေ့စဉ် တလျှောက်လုံး ပါမောက္ခကြီးပြောဆိုသည့် စကားများထဲတွင် သူသွားတော့မည်ဆိုသည့် အရိပ်အယောင် မျိုးတွေ ပါခဲ့သည်။

သည်ကနေ့သည် အချိန်သူကွယ်လွန်မည်ဆိုတာကိုပင် သူသိနေခဲ့လေသည်လား။ သို့သော် သေရမည့်ဘေးအတွက် တွေးတောထိတ်လန့်သည့် အမူအရာတစိုးတစိမျှ မမြင်ခဲ့ရ။ ယခုလဲ လျောင်းနေချိန်မှာပင် သူ့မျက်နှာက ပကတိ ငြိမ်းအေးကြည်လင်နေသည်။ သူသွားလိုရာ တစ်နေရာသို့ စိတ်ချမ်းသာပျော်ရွှင်စွာ ထွက်ခွာသွားသည့်နှယ်ပင်။

ပါမောက္ခကြီး မရှိတော့ပြီဆိုလျှင် ငါလည်းသည်နေရာမှ ထွက်ခွာသွားရတော့မည်ဟု လူငယ် သဘောပေါက်လိုက်သည်။ ပါမောက္ခကြီးနှင့်စပ်လျဉ်းသည့် ဆက်လက်လုပ်ကိုင်စရာရှိသည်များကို ထူးဆန်းသော သူ့အိမ်ကြီးမှ ထူးဆန်းသောသူ့ လူများကပင် ဆက်လက်ဆောင်ရွက်ကြ လိမ့်မည်။ ပါမောက္ခကြီး လက်ထဲမှ နှင်းဆီပန်းလေးကိုသူအမှတ်တရ ယူဆောင်သွားမည်ဟု စိတ်ကူးကာ လက်လှမ်း လိုက်မိသည်။ ရိုးတံလေးကိုထိပြီးမှ သူလက်တွန့်သွားသည်။ နှင်းဆီကို မြတ်နိုးလှသော ပါမောက္ခကြီးထံမှ သည်ပန်းလေးကို သူမယူရက်။ သည်ပန်းပွင့်လေးသည် ဆရာကြီး၏ နောက်ဆုံးအဖော်မွန် မဟုတ်လား။

သူမျက်လုံးအစုံမှာ မျက်ရည်များရစ်ဝဲလာသည်။ ဆရာကြီးနှင့် သိကျွမ်းခဲ့ရသည်မှာ ဘာမျှမကြာသေး။ သို့သော် သူ့ရင်ထဲတွင် ဖခင်တစ်ဦးအလား တွယ်တာမိခဲ့ပြီ။ ပါမောက္ခကြီး၏ ဩဝါဒတွေကို သူတသွေမတိမ်း လိုက်နာမည်ဖြစ်ကြောင်း အလေးအနက် ဆန္ဒပြုလိုက်သည်။ ဆရာကြီး၏ နည်းစဉ်များ ဘဝဒဿနများကို လက်ဆင့်ကမ်းဖြန့်ချီသွားမည်ဖြစ်ကြောင်း သူ ကတိသစ္စာပြုလိုက်သည်။ ထူးဆန်းစွာပင် အဲသည်အခိုက်တွင်မှ ပါမောက္ခကြီးနံဘေးရှိ ဖယောင်းတိုင်စင်မှ နောက်ဆုံးဖယောင်းတိုင် မီးတောက်ကလေးက ဟုတ်ကနဲငြိမ်း သွားသည်။

ယခုမှပင်ပါမောက္ခကြီး တကယ့်စိတ်ချလက်ချ ထွက်ခွာသွားဖြစ်လေသည်လားဟု လူငယ် တွေးတော လိုက်မိသည်။ ပါမောက္ခကြီးပေးသည့် အမွေအနှစ်တွေကိုပိုက်ကာ သည်အိမ်ခြံဝင်းအတွင်းမှ သူထွက်လာ ခဲ့သည်။

နောက်တစ်နေ့တွင် ပါမောက္ခကြီး၏ နေအိမ်စာကြည့်တိုက်မှ စာအုပ်စာတမ်းများကို ပစ္စည်းရွှေ့ပြောင်း သူများ သူ့အိမ်သို့ လာရောက်ပို့ဆောင်ကြသည်။ စာအုပ်တွေကအမြောက်အများ။ သူ့အိမ်မှာ ထားစရာနေရာ ပင် မဆန့်။ သည်စာအုပ်တွေလက်ခံမည်ဆိုလျှင် သူ့မှာမူလရှိသည့် ပရိဘောဂများက နေရာဖယ်ပေးရမည် သဘောဖြစ်နေသည်။

အသုံးမဝင်လှသည့် အဲသည့်ပရိဘောဂတွေ အားလုံးထုတ်ပစ်ရန် သူဆုံးဖြတ်လိုက်သည်။ စာအုပ်တွေက သူ့အားပါမောက္ခကြီးကိုယ်စား လမ်းညွှန်မည့်အရာများဖြစ်သည်မဟုတ်လား။ ရှေ့မှာသူ့အတွက် ဘဝသစ်စတော့မည်။ ရည်မှန်းချက်သစ် လမ်းစဉ်သစ် အနေအထိုင်သစ်ဖြင့် ခရီးသစ်ကို သူနှင်တော့မည်။ အောင်ပွဲကိုလှမ်းမြင်လိုက်သည်နှင့်တပြိုင်နက် တကယ်အောင်ပွဲရနှင့်သလို သူခံစားလိုက်ရလေသည်။

* * *

**နိဂုံးစကား**

ပါမောက္ခကြီး ဟောကိန်းထုတ်ခဲ့သည့်အတိုင်း နောက်ခြောက်နှစ်မပြည့်မီမှာပင် လူငယ်က ပထမဆုံးငွေတစ်သန်းကို အောင်မြင်စွာ စုစည်းရရှိခဲ့သည်။ ထို့နောက်တွင်ကားကုဋေကုဋာသန်းပေါင်းများစွာ ကြွယ်ဝသူတစ်ဦး သူဖြစ်လာသည်။

ထို့ကြောင့်တစ်နေ့တွင် လုပ်ငန်းများအားလုံးကို လက်အောက်လူတို့ထံလွှဲအပ်ပြီး တစ်လမျှ အချိန်ယူကာ၊ ပါမောက္ခကြီးထံ ကတိစကားရှိထားခဲ့သည့်အတိုင်း ဆရာကြီး၏ အောင်မြင်ကြီးပွားရေး နည်းစဉ်များ ဘဝဒဿန များကို ဆက်လက်ဖြန့်ဖြူးသည့်အနေဖြင့် ဆရာကြီးနှင့် တွေ့ဆုံခံပုံ ဇာတ်လမ်းစုံကို မချွင်းမချန် ဖွင့်ဟရေးသားပေးဝေခဲ့ပေသည်။

ဖေမြင့်